
PRODUCT OF YOUTH

CD Rom Included

facebook

Email | Password | Log In
Keep me logged in | Forgot your password?

Facebook helps you connect and share with the people in your life.



**Sign Up**

It's free and always will be.

First Name:
Last Name:
Your Email:
Re-enter Email:
New Password:
I am: Select Sex:
Birthday: Month: Day: Year:
Why do I need to provide my birthday?
Sign Up

Create a Page for a celebrity, band or business.

# USING facebook

## Email, Advanced Internet ( All in one )

Including Google+, Twitter, Yahoo! Mail, Gtalk, Gmail, Anti Porn, HTTrack

**ZAW LIN YOUTH**

တစ်အုပ်ဖတ်ရုံဖြင့် Internet နှင့်ပတ်သက်သမျှသိသွားလိမ့်မည်။

မိဘများ သားသမီးကို မသုံးစေချင်သော Website ပိတ်ရန် Tools များအသုံးပြုပုံနှင့် Software CD ပါဝင်သည်။

facebook

Email | Password | Log In
Keep me logged in | Forgot your password?

ဘုရား

တရား

သံဃာ

တို့အား ဦးထိပ်ပန်ဆင် ရှိခိုးကန်တော့ပါ၏။

❖ ( ၁၉၁၁ ) ( ၁၉၉၉ )

❖ တယ်တယ်၊ မာမား

❖ ဆရာ ဦးသောင်းတင် နှင့် ဆရာမ ဒေါ်တင်တင်အေး

❖ ဆရာ ကိုညီညီထွေး

❖ ကိုကြီး နှင့် ကိုမိုး

❖ ( ကိုဖြိုး )

တို့အားဤစာအုပ်ဖြင့် ကန်တော့ပါ၏။

အရာရာတိုင်းကို သံယောဇဉ်ကြီးလွန်းတဲ့ လူတစ်ယောက် . . .

ခံစားပွဲနွဲ့တတ်တဲ့လူတစ်ယောက် . . .

စွဲလန်းတမ်းတ တတ်တဲ့ လူတစ်ယောက် . . .

သူ့အတွက် ဒီနှစ်ဆောင်းဟာ ခံစားချက်တွေကို ပြင်းထန်စွာပေးခဲ့တယ်။

ဗိုင်ဗိုင်းရဲ့ အိပ်မက်တစ်ခု ပြဇာတ်တစ်ပုဒ် နဲ့ စာတွေကိုရေးခဲ့တယ်။ နောက်တော့ ဗိုင်ဗိုင်းရဲ့ နိမိတ်ပုံ . . .

လူတွေက ဒီလူအရောင်တွေပြောင်းသွားတယ်လို့ပြောကြတယ်။

အဲ့ဒီလို မတိုင်ခင်ကတော့ လွှမ်းမိုးရဲ့ အခုတော့ ပါးစပ်ရာဇဝင်လေးတစ်ခုဖြစ်ခဲ့ပြီဆိုတာနဲ့ စာတွေရေးခဲ့တယ်။

အရောင်းတွေပြောင်းတဲ့လူတစ်ယောက်က အခုတော့ မျိုးကြီးရဲ့ မိုး သီချင်းနဲ့ စာတွေရေးတယ်။

သိပ်ကိုမခံစားနိုင်တဲ့အခါ Steve Vai ရဲ့ For the Love of God နဲ့ စာတွေရေးပြန်တယ်။

ဒီလူ့ရဲ့ ဂစ်တာ သံစဉ်တွေဟာလည်း ဒီဆောင်းမှာ သိပ်ကိုကြေကွဲနေလေရဲ့ . . .

အဲ့ဒီ လူ ဘယ်သူလဲ . . . ?

သူလား သူက သံစဉ်များနဲ့ လူတစ်ယောက်ပေါ့။

## ဇော်လင်း (YOUTH Computer Co., Ltd) မှ ရေးသားထုတ်ဝေပြီးသောစာအုပ်များ

(၁) Music Creation with Cakewalk Pro Audio 9
(၂) Modern & Traditional Music Creation with FL Studio 4
(၃) Computer Network Study Guide
(၄) Computer in Details (Over 50% Covered of Comptia A+ Exam)
(၅) Music Creation with Propellerhead Reason 2.5
(၆) Windows Server 2003 in Details နှင့် ကျွန်ုပ်၏အတွေ့အကြုံများ
(၇) Modern & Traditional Music Creation with FL Studio 6
(၈) Beyond A+ (A+ ၏နောက်ကွယ်)
(၉) Networking Essentials နှင့် ကျွန်ုပ်၏အတွေ့အကြုံများ
(၁၀) PC System Administration
(၁၁) ကွန်ပျူတာ - လုပ်ငန်းခွင်ဝင် 4 in 1 အတွဲ ၁
(၁၂) ကွန်ပျူတာ - အလယ်တန်း အတွဲ ၁
(၁၃) PC Mechanics
(၁၄) ကွန်ပျူတာ - လုပ်ငန်းခွင်ဝင် အတွဲ ၂
(၁၅) ကွန်ပျူတာ - လုပ်ငန်းခွင်ဝင် အတွဲ ၃
(၁၆) ကွန်ပျူတာ - အထက်တန်း အတွဲ ၁
(၁၇) Complete Network Guide
(၁၈) ကွန်ပျူတာ - အလယ်တန်း အတွဲ ၂
(၁၉) Road to CCNA
(၂၀) Guide to Internet Security and Acceleration Server 2006
(၂၁) ကွန်ပျူတာ - လုပ်ငန်းခွင်ဝင် အတွဲ ၄
(၂၂) Guide to Internetworking (CCNA Intro, CCNA ICND, Simplified CCNA)
(၂၃) Guide to Windows Server 2008 (MCITP)
(၂၄) A+ Second Edition
(၂၅) ကွန်ပျူတာ (လုပ်ငန်းခွင်ဝင်) Microsoft Word & Excel 2007/2010 (5 in 1)
(၂၆) Mastering PC System
(၂၇) Learning Linux (3 in 1)
(၂၈) Learning Web Design (HTML & CSS)
(၂၉) Beyond A+ Second Edition
(၃၀) Using Facebook, Email, Advanced Internet (All in one) (ယခုစာအုပ်)

# စာရေးသူ၏အမှာစာ

ကဲ ဒီတစ်ခါတော့ အခြေခံစာအုပ်လေးတစ်အုပ်လောက်တော့ ရေးဦးမှပဲ ဆိုပြီးစိတ်ကူးမိပြန်တယ်။ ကျွန်တော်က Professional ဆန်ဆန် စာအုပ်တော်တော်များများရေးခဲ့ပေးပြီးပါပြီ။ ဆိုတော့ကား အခြေခံဖတ်တဲ့သူများအတွက် တစ်အုပ်လောက်ရေးဦးမယ်လေးလို့ စိတ်ကူးမိပြန်တော့ ဒီစာအုပ်လေးကို ရေးဖို့စိတ်ထဲမှာ ဖြစ်ပေါ်မိတယ်။ အရင်တုန်းကလည်း ဒီလို Email, Internet စာအုပ်မျိုးရေးခဲ့ဖူးပါတယ်။ အဲ့ဒီတုန်းကတော့ Concept ကိုအဓိကထားပြီးရေးခဲ့ပါတယ်။ အခုတစ်ခါကျတော့ Facebook ကလည်းတစ်အားသုံးလာတယ်လေ။ နောက်ပြီး Google+ နဲ့ပတ်သက်ပြီးတော့လည်းပြောပြချင်တယ်။ မိဘတွေအနေနဲ့ ကလေးတွေကိုမကြည့်စေချင်တဲ့ Website တွေကိုပိတ်ထားလို့ရမယ် Software တွေအကြောင်းလည်းထည့်ပေးထားပါတယ်။ နောက်တော့ FTP Site တွေကနေ Download ရယူတာလေတွေ အစုံပါပဲ တော်တော်လေးပြောပြစရာတွေရှိနေတော့ ဒီစာအုပ် ကို Using Facebook, Email, Advanced Internet (All in one) ဆိုပြီးရေးသားထုတ်ဝေလိုက်တာဖြစ်ပါတယ်။ သို့သော် Email, Internet အသုံးပြုပုံကိုတော့ ပါးပါးလေးပဲ ဖော်ပြထားပါတယ်။ အားလုံးလည်း သုံးတတ်နေကြပြီလေ။

ဒီစာအုပ်ကို အပိုင်းအားဖြင့် ၂ ပိုင်းခွဲခြားထားပါတယ်။ Email, Internet နှင့်ပတ်သက်တာတွေ၊ Google+ စသဖြင့်အစုံစုံအဖုံဖုံကို အပိုင်း ၁ ဆိုပြီးရေးသားထားပါတယ်။ Facebook နှင့်ပတ်သက် တာကတော့ အပိုင်း ၂ ဆိုပြီးရေးသားတင်ပြထားပါတယ်။ ယနေ့ခေတ်လိုမယ်ထင်တာလေးတွေကိုစုစည်းပြီး တင်ပြထားတာကြောင့် စာဖတ်ပရိသတ်များအတွက်အဆင်ပြေမယ်လို့ မျှော်လင့်မိပါကြောင်း။

စေတနာများစွာဖြင့်

ဇော်လင်း

စာရေးသူ

# မာတိကာ

## CHAPTER 1 Using Emial Internet


| | | |
|---|---|---|
| ၁.၁ | Web ဆိုသည်ကား | - ၂ |
| ၁.၂ | Email နှင့်ပတ်သက်တဲ့ဗဟုသုတ | - ၄ |
| ၁.၃ | Webmail ဆိုတာ | - ၇ |
| ၁.၄ | POP Mail ဆိုတာ | - ၈ |
| ၁.၅ | Hotmail ဆိုတာ | - ၈ |
| ၁.၆ | Gmail ဆိုတာ | - ၉ |
| ၁.၇ | Attachment ဆိုတာ တွဲပို့ခြင်း | - ၉ |
| ၁.၈ | Email Spam ဆိုတာက | - ၁၀ |
| ၁.၉ | Gmail အသုံးပြုပုံ (သို့မဟုတ်) Email ပို့ခြင်း၊ ရယူခြင်း | - ၁၀ |
| ၁.၁၀ | G-talk အသုံးပြုပုံ | - ၁၇ |
| ၁.၁၁ | Yahoo Mail Account တည်ဆောက်အသုံးပြုပုံ | - ၂၀ |
| ၁.၁၂ | Social Networking Service | - ၂၄ |
| ၁.၁၃ | Google+ အသုံးပြုပုံ | - ၂၈ |


## CHAPTER 2 Internet Storage


| | | |
|---|---|---|
| ၂.၁ | FTP Server အကြောင်း | - ၄၀ |
| ၂.၂ | FTP Online Site များ အကြောင်း | - ၄၀ |
| ၂.၃ | Minus.com အကြောင်း | - ၄၁ |
| ၂.၄ | Size ကြီးသော File များကို Share လုပ်ခြင်း (သို့) Mail ပို့ခြင်း | - ၄၅ |
| ၂.၅ | Yousendit.com ကို သုံးပြီး Size ကြီးသော File များကို Mail ပို့ခြင်း | - ၄၅ |
| ၂.၆ | Mega Upload ကို သုံးပြီး Size ကြီးသော File များကို Mail ပို့ခြင်း | - ၄၇ |

## CHAPTER 3 Internet Tools


၃.၁ Anti Porn Software - ၅၄

၃.၂ Anti Porn ရဲ့ Setting တွေကို လေ့လာခြင်း - ၆၀

၃.၃ အသုံးမပြုစေလိုသော Website တွေကို ပိတ်ထားခြင်း - ၆၁

၃.၄ Serach Engine ရှိ ရှာဖွေသော အကြောင်းအရာများကို ထိန်းချုပ်ထားခြင်း - ၆၂

၃.၅ ဂိမ်းများအားပိတ်ထားခြင်း - ၆၃

၃.၆ User တစ်ဦး အသုံးပြုထားသော အရာများကို ပြန်လည်ကြည့်ရှုခြင်း - ၆၅

၃.၇ အင်တာနက်အသုံးပြုသွားသော လိပ်စာ URL များကို ပြန်လည်ကြည့်ရှုခြင်း - ၆၆

၃.၈ WinHTTrack Website Copier - ၆၇


## PART 2 Using Facebook


၁.၁ Facebook ဆိုတာ - ၇၄

၁.၂ Facebook Account တည်ဆောက်ခြင်း - ၇၅

၁.၃ Facebook Interface ကို ရှင်းပြမယ် - ၈၃

၁.၄ Profile Page အကြောင်း - ၉၀

၁.၅ Profile Wall အကြောင်း - ၉၂

၁.၆ Profile Picture တင်ခြင်း - ၉၃

၁.၇ Edit Profile ပြုလုပ်၍ အချက်အလက်များဖြည့်ခြင်း - ၉၇

၁.၈ ကြည့်စေချင်သူများကို ရွေးချယ်ခြင်း - ၁၀၀

၁.၉ Edit Profile (Basic Information) မှ အဆက် - ၁၀၅

၁.၁၀ Edit Profile - Friend and Family ကို ဖြည့်စွက်ခြင်း - ၁၀၅

၁.၁၁ Edit Profile - Education and Work ကို ဖြည့်စွက်ခြင်း - ၁၀၆

၁.၁၂ Edit Profile - Philosophy ကို ဖြည့်စွက်ခြင်း - ၁၀၈

၁.၁၃ Edit Profile - Arts and Entertainment ကို ဖြည့်စွက်ခြင်း - ၁၀၉

၁.၁၄ Friend ရှာတော့မယ် - ၁၁၁

၁.၁၅ Friend အဖြစ် ကိုယ့်ဘက်ကလက်ခံခြင်း - ၁၁၇

၁.၁၆ Friend များကို ကြည့်ရှုခြင်း – ၁၁၈
၁.၁၇ Friend များကို စုစည်းခြင်း – ၁၁၉
၁.၁၈ Friend အဖြစ် ရပ်စဲခြင်း – ၁၂၆
၁.၁၉ Friend များကို Block လုပ်ခြင်း – ၁၂၇
၁.၂၀ View As ဖြင့် ကိုယ့် Profile အားကြည့်ခြင်း – ၁၃၁
၁.၂၁ Post များ တင်ခြင်း – ၁၃၃
၁.၂၂ Update Status, Comments များနှင့် ပတ်သက်သမျှ – ၁၃၃
၁.၂၃ ကိုယ့် Friend များရဲ့ Wall မှာ ဝင်ရောက်ရေးသားခြင်း – ၁၄၃
၁.၂၄ Notes များ ရေးသားခြင်းနှင့် ကြည့်ခြင်း – ၁၄၄
၁.၂၅ တစ်ဆင့် Share ထပ်ပေးခြင်း – ၁၄၇
၁.၂၆ Link များ ပေးခြင်း – ၁၄၈
၁.၂၇ Photo များ တင်ခြင်း – ၁၅၁
၁.၂၈ Photo များ ဖျက်ခြင်း – ၁၅၉
၁.၂၉ Photo Tag လုပ်ခြင်း – ၁၆၁
၁.၃၀ Video ဖိုင်များ တင်ခြင်း – ၁၆၄
၁.၃၁ Message ပို့ခြင်း၊ လက်ခံခြင်း – ၁၆၆
၁.၃၂ Chatting ထိုင်ခြင်း – ၁၇၀
၁.၃၃ Group များ တည်ဆောက်ခြင်း – ၁၇၁
၁.၃၄ Group များ ကိုပြင်ခြင်း – ၁၇၄
၁.၃၅ Group mail ရယူခြင်း – ၁၇၅
၁.၃၆ Group Admin ခန့်အပ်ခြင်း – ၁၇၇
၁.၃၇ Group Chart ပြုလုပ်ခြင်း – ၁၇၈
၁.၃၈ Group တွင် member ဝင်ခြင်း၊ထွက်ခြင်း – ၁၇၉
၁.၃၉ ကိုယ်တည်ဆောက်ခဲ့သော Group ဖြတ်သိမ်းခြင်း – ၁၈၁
၁.၄၀ Link လုပ်၍ Fan အဖြစ်ရယူခြင်း – ၁၈၂
၁.၄၁ Subscribe လုပ်ခြင်း – ၁၈၄
၁.၄၂ Timeline ပြုလုပ်ခြင်း – ၁၈၆

၁.၄၃ Event ပြုလုပ်ခြင်း - ၁၉၁

၁.၄၄ Application များထည့်သွင်းခြင်းနှင့်အသုံးပြုခြင်း - ၁၉၆

၁.၄၅ Facebook ကိုဖုန်းဖြင့်အသုံးပြုခြင်း - ၁၉၉

၁.၄၆ Facebook တွင် Page တစ်ခုဖန်တီးခြင်း - ၁၉၉

၁.၄၇ Privacy Setting များအကြောင်း - ၂၀၄

၁.၄၈ Account Setting များအကြောင်း - ၂၀၆

၁.၄၉ Facebook Password Recover လုပ်ခြင်း - ၂၀၈


၁.၅၀ Facebook Account ကိုဖျက်ခြင်း - ၂၁၂

# Part (I)

# Chapter(1)

## Using E-mail Internet

အင်တာနက် အထွေထွေ



**Using Facebook**
**E-mail , Advanced Internet**
**(All in one)**

ဒီ စာအုပ်လေးက Facebook အသုံးပြုပုံ၊ Email နှင့် Internet အသုံးပြုပုံစာအုပ်ဖြစ်တာကြောင့် ကနဦးသင်ခန်းစာအနေနဲ့ အင်တာနက်ဆိုတာကြီး မိတ်ဆက်ပြီးသကာလ Email အသုံးပြုပုံ အင်တာနက် အသုံးပြုပုံများကိုဆက်လက်သင်ကြားမှာဖြစ်ပါတယ်။

## ၁.၁ Web ဆိုသည်မှာ –

Web တို့ Internet တို့ဆိုတာ ဒီနေ့ခေတ်မှာလူတော်တော်များများသိထားပြီးတဲ့ သဘောရှိပါတယ်။ ဒါပေမယ့် စာအုပ်တစ်အုပ်ရဲ့ သဘောတရားအရကျွန်တော်ဟာ Web အကြောင်းကိုအနည်းငယ် ဒီနေရာမှာ ထည့်သွင်းဖော်ပြလိုပါတယ်။

Internet ဆိုတာ တကယ်တော့ ၁၉၇၀ လောက်ကတည်းက ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုက စစ်ရေးအတွက်စတင်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ကွန်ပျူတာတွေမှာရုပ်ပုံတွေကို အခြေပြုပြီးဆက်သွယ်တဲ့စနစ် ( Graphical User Interface ) တွေခေတ်စားလာတဲ့အခါ၊ နောက်ပြီး စစ်ရေးစစ်ရာမဟုတ်တဲ့ လူထုနှင့် ပတ်သက်တဲ့အကြောင်းအရာတွေကို Internet ပေါ်မှာအသုံးပြုကြတဲ့ ၁၉၉၄ နောက်ပိုင်းမှာတော့ Internet ဟာရေပန်းစားလာတာဖြစ်ပါတယ်။ Internet ကိုတစ်ချို့က ကမ္ဘာလုံးနှင့်ဆိုင်တဲ့ကွန်ယက် (International Network ) ဟူ၍ခေါ်ကြပါတယ်။ တကယ်တမ်း နည်းပညာအရပြောရရင် Internet ဆိုတာ Internetwork ဖြစ်ပါတယ်။ ဆိုလိုတာကား ကွန်ပျူတာတွေ အချင်းချင်းချိတ်ဆက်ထားသော ကွန်ယက်များအချင်းချင်း ဆင့်ပွားထပ်ဆင့်ချိတ်ဆက်ထားသော ကွန်ယက်ကြီးလို့အဓိပ္ပါယ်ရပါတယ်။ ၎င်းကွန်ယက်ကြီးထဲမှာ ကွန်ပျူတာပေါင်းသန်းနှင့်ချီပြီး ချိတ်ဆက်အသုံးပြုလျက်ရှိကြပါတယ်။ ဒီ Internet ထဲမှာ စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဝါသနာပိုင်းဆိုင်ရာသတင်းအချက်အလက်များရယူခြင်း၊ ဖြန့်ဝေခြင်း၊ ကြည့်ရှုခြင်းဖြင့် နေ့စဉ်လူသန်းပေါင်းများစွာ အသုံးပြုလျက်ရှိကြပါတယ်။

ဒီလိုကွန်ပျူတာတွေ ကွန်ယက်အလိုက် တစ်ကမ္ဘာလုံးဖြန့်ကျက်ပြီး ချိတ်ဆက်ထားပြီး ပင့်ကူအိမ် လိုဖြစ် နေတာကြောင့် အလွယ်ပြောရရင် သူ့ကို Web လို့ခေါ်ပါတယ်။ တစ်နည်းအားဖြင့် တစ်ကမ္ဘာလုံးချိတ် ဆက်ထား တာကြောင့် World Wide Web လို့လည်းခေါ်ပါတယ်။ Internet ကိုအသုံးပြုသူဟာ Internet Browser ကို အသုံးပြုပြီး Web ထဲကိုဝင်ရပါတယ်။ ဒီ Web Site ထဲမှာ Hypertext စနစ်နှင့်ပြုလုပ်ထားတဲ့ Documents တွေရှိပါတယ်။ ဒီ Documents တွေဟာ စီးပွားရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေးစတဲ့ အကြောင်းအရာတွေပါတာပေါ့။ ဒါတွေကိုကြည့်ဖို့ Web ထဲဝင်ကြတာ

ပါပဲ။ ဒီနေရာမှာ WWW ဆိုတဲ့ World Wide Web အကြောင်းကိုတစ်ချို့စာအုပ်တွေက ဘယ်လိုညွှန်းသလဲဆိုတော့-ကမ္ဘာတဝှမ်းစီးပွားရေးလမ်းကြောင်းတွေကို အမြန်ဆုံးပြောင်းလဲပစ်နိုင်တဲ့ အထင်ရှားဆုံး Internet ဝန်ဆောင်မှုလို့ဆိုကြပါတယ်။ World Wide Web Consortium (W3C) လို့ခေါ်တဲ့ပူးပေါင်းဖွဲ့စည်းထားကြသော World Wide Web အဖွဲ့အစည်းကြီးက ဒီ WWW ဆိုတာကြီးကို ဘယ်လိုပြောသလဲဆိုတော့- "Embodiment of Human Knowledge" တဲ့အဓိပ္ပါယ်က 'လူတွေရဲ့အသိပညာ ဗဟုသုတပြယုဂ်' တဲ့ တုတ်တယ်သိပ်မှန်တာပဲ။ ဒီ World Wide Web ဟာလူသားတွေရဲ့ အသိပညာကို များစွာဖွံ့ဖြိုးစေတယ်။ နောက်ပြီး Information ခေါ်တဲ့သတင်းအချက်အလက်တွေကို လွယ်ကူစွာဖလှယ်နိုင်တဲ့ ကွန်ယက်စကြဝဠာကြီးလို့လည်းတင်စားခေါ်ကြတယ်။

World Wide Web (WWW) ဘယ်လိုအလုပ်လုပ်သလဲပြောပြအုံးမယ်။ ဒီ Web ထဲမှာရှိကြတဲ့ အားလုံးသော Clients တွေနဲ့ Server Application တွေက အင်တာနက်မှတဆင့် HTTP ( Hypertext Transfer Protocol ) ဆိုတဲ့ Client/Server Protocol နဲ့ချိတ်ဆက်ထားကြတယ်။ Client တွေဟာ သူတို့လိုချင်တဲ့အကြောင်းအရာ၊ အရင်းအမြစ်များကို Server ဆီကနေလှမ်းပြီးယူကြတယ်။ ဟုတ်တယ် ဒီ Client တွေလှမ်းယူတဲ့၊ တနည်းအားဖြင့်ကျွန်တော်တို့သိချင်လို့ ခေါ်ကြည့်တဲ့အကြောင်းအရာတစ်ခု၊ အရင်းအမြစ်တစ်ခုကို Web Site လို့ခေါ်တယ်။ ၎င်း Web Site ကို HTML လို့ခေါ်တဲ့ Hypertext Markup Language ဆိုတာနှင့်ပြုလုပ်ပြီး၊ ၎င်း Web Site နဲ့ပတ်သက်တဲ့ပုံတွေ၊ အသံတွေ Script တွေနှင့် တစ်ခြား File တွေပါဝင်ကြတယ်။ ပြောရရင်တော့ HTML File တစ်ခုချင်းစီကို Web Page လို့ခေါ်ပြီး ၎င်း Web Page တွေရဲ့ စောနကပြောခဲ့တဲ့ ပုံတွေ၊ အသံတွေ၊ အားလုံးတစုတစည်းထဲပေါင်းထားတာကို Web Site လို့ခေါ်ပါတယ်။ ဒီ Web Site တွေရဲ့ထိပ်ဆုံး (အရင်ဆုံး) ပေါ်လာတဲ့ Web Page ကို Home Page လို့ခေါ်ပြီး၊ ၎င်း Home Page နောက်မှ Page များကို Hierarchical ပုံစံဖြင့် Tags များကိုအသုံးပြုကာ Link ချိတ်ထားပါတယ်။ ၎င်း Web Site တွေကို Web Server တွေမှာသိမ်းထားကြပါတယ်။ ၎င်းတို့ကို Server ဘက်က HTTP ဥပမာ- ( IIS) လို့ခေါ်တဲ့ Microsoft Windows Server 2000 နှင့် Internet Information Server နှင့် Handle လုပ်ပြီး Run စေပါတယ်။ ဒါက Server ဘက်အခြမ်းပြောတာ။ Web Site တွေကိုလှမ်းခေါ်သုံးတဲ့ Client ဘက်ကအခြမ်းကိုပြောမယ်ဆိုရင် အသုံးပြုသူဟာ Client Software ဖြစ်တဲ့ Web Browser လို့ခေါ်တဲ့ Microsoft Internet Explorer ကိုသုံးပြီး Web Site တွေကိုခေါ်ကြည့်ရမှာဖြစ်ပါတယ်။ အခု ဒီအခန်းမှာ အဲ့ဒီ Web Browser အကြောင်းကို သင်ပေးမှာဖြစ်ပါတယ်။

၁၉၉၀ နှစ်များဝန်းကျင်ထဲက ဒီ Web ဆိုတာကြီးဟာ စီးပွားရေးနှင့်ရောင်းဝယ်ခြင်းကိစ္စတွေမှာ

အလွန်တရာ အရေးပါအရာရောက်ခဲ့ပါတယ်။ ၁၉၉၀ နောက်ပိုင်းဆိုရင်တော့ ပြောမနေနဲ့တော့ပေါ့ဗျာ။ ဘယ်လောက်ပဲ Traditional Media ( Radio, Television/ Magazines, Journal ) တွေကြော်ငြာကြော်ငြာ၊ ကျွန်တော်တို့ဟာ Web မှာကြော်ငြာပြီး ကျွန်တော်တို့ရဲ့လုပ်ငန်းတွေကိုတိုးချဲ့ရမှာပါ။ ဘာလို့လည်းဆိုတော့ ကျွန်တော်တို့ရဲ့ Customer တွေကိုက Web ပေါ်ကနေသတ်သတ် အချက်အလက်ရယူနေလို့ပါပဲ။ ဒီလိုမှမလုပ်ရင် ကျွန်တော်တို့ရဲ့ပြိုင်ဖက်တွေဟာ Web ကနေတဆင့် Customer တွေကိုသိမ်းကျုံးခေါ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီတော့ စကားတခွန်းရှိတယ်။ "Never Underestimate the Power of the Web" တဲ့၊ Web ရဲ့စွမ်းအား၊ လုပ်နိုင်စွမ်းတို့ကို ဘယ်တော့မှလျှော့မတွက်ပါနဲ့တဲ့။ ဟုတ်ပါတယ် Web ကိုသုံးခြင်းဖြင့် မိမိရဲ့အဓိကဈေးကွက်တွေဟာ မြို့ထဲမှာလား၊ မြို့ပြင်မှာလား၊ တစ်မြို့လုံးလား၊ ဒါမှမဟုတ် ပင်လယ်ရေခြားမြေခြားလား အားလုံးဖြစ်စေရမယ်။

ဒီစာအုပ်က Web အကြောင်းရေးတာဆိုတော့ပြောရအုံးမယ်။ Web ဆိုတာ Design တစ်ခုမဟုတ်ပါဘူး။ Web ဆိုတာဈေးကွက်ပါ။ Marketing ပါ။ တနည်းအားဖြင့်ပြောရရင် Web ဟာ သင့်အလုပ်ရဲ့အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်ဖို့နှင့် Customer တွေကလိုအပ်နေတာကို ပံ့ပိုးပေးဖို့ပါပဲ။ နောက်တစ်ခုပြောချင်တာက Web ဆိုတာ Information ပေးတာပါ။ Entertainment မဟုတ်ပါ။ ဒီတော့ Web Design တစ်ခုရေးဆွဲတဲ့နေရာမှာ Company ရဲ့ရည်ရွယ်ချက်နှင့် Customer တွေပါဝင်နေဖို့လိုပါတယ်။

## ၁.၂ E-Mail နှင့်ပတ်သက်တဲ့ဗဟုသုတ

E-mail ဆိုတာ Electronic Mail ရဲ့အတိုကောက်ပဲဖြစ်ပါတယ်။ သတင်းနှင့်တခြားကိုယ်ရေးအကြောင်းအရာတွေကို ဆက်သွယ်ရေးကွန်ယက်ပေါ်ကနေပြီး ပို့ပေးခြင်းလုပ်တာကို E-mail လို့ခေါ်တာပေါ့ဗျာ။ လွယ်လွယ်ပြောရရင် စာကိုစာတိုက်ကနေမပို့ဘဲ ကွန်ပျူတာနှင့်ပို့လိုက်တာ E-mail ပဲဖြစ်ပါတယ်။ ကမ္ဘာမှာရှိတဲ့ တစ်နေရာမှတစ်နေရာသို့ အဲ့ဒီ Electronic E-mail တွေပို့လို့ရတယ်ပေါ့ဗျာ။ ကနေ့ခေတ်မှာ ကွန်ပျူတာနှင့် လုပ်ငန်းတွေလုပ်တဲ့ ကုမ္ပဏီတွေမှာသာမက လူတိုင်းနီးပါးဟာဆိုလို့ရှိရင်ဖြင့် ဒီ E-mail ကိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြတယ်ဗျ။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီ E-mail ကိုသုံးခြင်းဟာဆိုရင်ပိုပြီးမြန်တယ်။ Flexible ဖြစ်တယ်။ ဆိုလိုတာက ကိုယ်ရိုက်ထားတဲ့စာကို မပို့မခြင်းအကြိမ်ကြိမ် ရေးလိုက်ဖျက်လိုက် မကြိုက်မချင်းပြင်လို့ ရတာကိုပြောတာပါ။ ပြီးတော့ Reliable

စိတ်ချရတယ်ပေ့ါဗျာ။ E-mail System အများစုမှာဆိုရင် Message သတင်းတွေပို့တဲ့အခါမှာ စာတွေကိုတည်းဖြတ်ပေးတဲ့အခြေခံ Text Editor တစ်ခုရှိတယ်ဗျ။ ကျွန်တော် တို့ရဲ့ Message သတင်းတွေကို ကိုယ်လိုချင်တဲ့ Editor ကိုသုံးပြီးတော့ Edit လုပ်လို့ရတယ်နော်။ ဆိုလိုတာက Email System ရဲ့ Text Editor ကိုမသုံးဘဲ ကိုယ့်စိတ်ကြိုက် Text Editor နှင့်ရိုက်လာပြီး Email System ကနေ Email ပို့လို့ရတယ်လို့ပြောချင်တာပါ။

အဲ့သလို Message သတင်းပို့တဲ့အခါမှာ ကိုယ်ပို့မယ့်သူရဲ့လိပ်စာကအရေးကြီးပါတယ်။ အဲ့ဒီလိပ်စာ မှန်ကန်ပြီးတိကျဖို့လိုတယ်ပေ့ါ။ အဲ့သလို Message ပို့တဲ့အခါမှာ တစ်ချိန်တည်းမှာလူအများကြီးကို Message ပို့လို့လည်းရပါတယ်။ အဲ့သလိုပို့တာကို Broadcasting လို့ခေါ်တယ်ဗျ။ ကျွန်တော်တို့ပို့လိုက်တဲ့ Message ကိုဖတ်ရမယ့်သူက သွားမကြည့်၊ မဖတ်သေးသရွေ့ အဲ့ဒီ Message တွေဟာ Electronic Mailbox မှာပဲရှိနေလိမ့်မယ်။ ဒါကြောင့်ကိုယ့်ဆီကိုပို့ထားတဲ့ Mail ရှိနေတယ်ဆိုရင် အဲ့ဒီ Mail ကိုကြည့်ဖို့အတွက်ကိုယ့်ရဲ့ Electronic Mailbox မှာ Check စစ်ရမှာဖြစ်ပါတယ်။ System အများစုကတော့ကိုယ့်ဆီကို Mail ပို့လိုက်တဲ့အချိန်ကိုဖော်ပြပေးထားပါတယ်။ ဒီတော့ဘယ်နေ့က ဘယ်အချိန်မှာ Mail ပို့လိုက်တယ်ဆိုတာကိုသိရတာပေ့ါဗျာ။ ဒီတော့ကား ပို့လိုက်တဲ့ Mail ကိုဖတ်ပြီးရင်လည်း အဲ့ဒီ Mail သိမ်းထားလို့လည်းရပါတယ်။ မသိမ်းချင်ရင်ဖျက်ပစ်လို့လည်းရပါတယ်။ အကယ်၍ Print ထုတ်ချင်တယ်ဆိုရင်လည်း Printer နှင့် Print ထုတ်လို့လည်းရပါတယ်။

Online Service လုပ်ငန်းတွေ၊ Internet Service Providers (ISPs) လုပ်ငန်းတွေဟာဆိုရင် E-mail Service ကိုပေးနိုင်ပြီ၊ ပြီးတော့ကားအများစုက Gateway ဆက်သွယ်ရေးတွေကို Support လုပ်ထားတဲ့အတွက်ကြောင့်မို့လို့ အခြား System တွေကိုအသုံးပြုသူအနေနဲ့လည်း Mail တွေကိုအပြန်အလှန်ဖလှယ်တာတို့ကိုလုပ်နိုင်ပါတယ်။ အဲ့လိုအပြန်အလှန်ဖလှယ်ကြတဲ့အခါမှာ Mail တွေရောက်ဖို့အတွက် စက္ကန့်အနည်းငယ် ( ဒါမှမဟုတ် ) မိနစ်အနည်းငယ်မျှသာကြာပါတယ်။ (ဒီနေ့ခေတ်မှာတော့ အသုံးပြုသူများလာတာကြောင့်အဲ့သလောက်တော့မမြန်တော့ပါဘူး။) E-mail ပို့တဲ့အခါမှာ Internet ကတဆင့် လျှပ်စီးနှုန်းနှင့်ပို့တာဖြစ်တဲ့အတွက်ကြောင့်မို့ စာပို့တဲ့အခါမှာ မြန်ဆန်တာဖြစ်ပါတယ်။ ဥပမာဗျာ–ဂျပန်ကနေ အမေရိကန်နိုင်ငံပဲပို့ပို့၊ စာရောက်တဲ့ကြာချိန်က မိနစ် အနည်းငယ်ပဲကြာတယ်။ တစ်ခါတစ်လေစက္ကန့်နည်းနည်းလေးပဲကြာတယ်။ Internet ကစာပို့တာနှင့် ရိုးရိုးစာပို့တာကမတူဘူးပေ့ါဗျာ။ စာတိုက်ကစာပို့တာကျတော့ စာတွေကိုတစ်ရက်မှာတစ်ကြိမ်တည်း ဝေတယ်ဗျ။ Internet ကပို့တဲ့ E- mail တွေကျတော့ နေ့ညမရွေး ဘယ်အချိန်ဖြစ်ဖြစ်ပို့လို့ရောက်တယ်။ အကယ်၍များဗျာ ကိုယ့်ရဲ့သူငယ်ချင်းတစ်ယောက်ယောက်က ကွန်ပျူတာပိတ်ထား

တဲ့အချိန်မှာ Message ပို့လိုက်တယ်ပဲထားပါတော့။ အဲ့ဒီ Message တွေဟာကွန်ပျူတာပိတ်ထားလို့ ရောက်မလာဘူးဆိုတာမရှိပါဘူး။ ကိုယ့်ရဲ့ Internet Service ကနေပြီး Message တွေကိုသိမ်းထားပေးတယ်။ ကွန်ပျူတာကိုနောက်ထပ်တစ်ခါ ပြန်မဖွင့်မချင်း၊ Internet နှင့်မချိတ်မချင်း သိမ်းထားပေးတယ်။ ပြီးတော့သူက Free ပဲလေ။ စာတိုက်လို Stamp တံဆိပ်ကပ်တာတို့ စာအိတ်ကြေး၊ စာရွက်ကြေးတို့ဆိုတာ မရှိတော့ဘူးပေါ့။ ဒါ့ကြောင့်သူငယ်ချင်း တစ်ယောက်ယောက်က စာပို့လိုက်မယ်ဆိုရင် ဘယ်ကနေပို့မှာလဲအရင်မေးဦးဗျ။ E-mail နဲ့ပို့ရင်တော့ချက်ချင်းရောက်လာမှာပေါ့။ အဲ့ဒါကြောင့်ဒီလို E-mail ကိုသုံးတာဟာ ဆိုရင် တစ်ယောက်နှင့်တစ်ယောက်၊ အုပ်စုတစ်စုနှင့်တစ်စု ဆက်သွယ်ရာမှာ သိပ်ကိုထိရောက်မှုရှိတဲ့ နည်းတစ်ခုပဲဖြစ်ပါတယ်။ ဘာကြောင့်ထိရောက်တယ်လို့ပြောလည်းဆိုတော့ ကျွန်တော်တို့ အုပ်စုတစ်စုမှာရှိ နေတဲ့ လူတိုင်းဆီကို သတင်းတွေကို တစ်ချိန်တည်းမှာချက်ချင်းရောက်အောင် Broadcast လုပ်နိုင်လို့ပေါ့ဗျာ။

E-mail ကိုသုံးဖို့အတွက်ဆိုရင် E-mail Client ဆိုတဲ့ Program တစ်ခုလိုတယ်ဗျ။ လူသုံးအများဆုံး၊ Popular အဖြစ်ဆုံး E-mail Client တွေဖော်ပြပေးလိုက်ပါတယ်။

- ❖ Netscape Mail
- ❖ Netscape Messanger
- ❖ Internet Mail
- ❖ Outlook Express

Netscape Mail ကတော့ Netscape ၏ Navigator 3 အစိတ်အပိုင်းဖြစ်ပါတယ်။

Netscape Messager က Netscape ၏ Navigator 4.6 အစိတ်အပိုင်းဖြစ်ပါတယ်။

Internet Mail ကတော့ Microsoft ရဲ့ Explorer 3 အစိတ်အပိုင်းဖြစ်ပါတယ်။

Outlook Express ကျတော့ Microsoft ရဲ့ Internet Explorer 4&5& 5.5 & 6 အစိတ်အပိုင်း ပဲဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ E-mail ကိုဒီထက်ပိုပြီးလွယ်အောင်ပြောရရင် E- mail Message ဆိုတာကလည်း ရိုးရိုးစာတွေ၊ Postcard တွေပါပဲ။ ဒါပေမယ့် Message တွေကို အီလက်ထရောနစ် ပညာနှင့်ပို့တာဖြစ်တဲ့ အတွက်ကြောင့် စာတိုက်ကစာထည့်သလို Stamp တံဆိပ်ခေါင်းကပ်စရာလည်းမလိုဘူး။ စာတိုက်သို့လည်း စာသွားထည့်ရတာမျိုးမရှိဘူး။ ပြီးတော့စာရောက်မည့်အချိန်ကြာတာတို့ စောင့်ရတာ တို့မရှိဘူးပေါ့။ ဒါကြောင့် Internet ကနေ E-mail ပို့ခြင်းအားဖြင့် ပို၍မြန်ဆန်လွယ်ကူလာတာပေါ့ဗျာ။

Email တွေထွန်းကားလာတဲ့အခါ Email စနစ်တွေလည်းအမျိုးမျိုးပေါ်ပေါက်လာကြပါတယ်။

ဒါတွေကိုဆက်လေ့လာရအောင်။

## ၁.၃ Webmail ဆိုတာ

Webmail ဆိုတာကတော့ Web Browser အသုံးပြုသော ISP တို့ Online Service တွေက ပေးတဲ့ Email တစ်ခုပဲဖြစ်တယ်။ ဆိုလိုတာက Webmail မှာ E-mail တွေကိုကိုယ့်ရဲ့ Web Browser ကိုသာသုံးပြီး ဖတ်လို့ ပို့လို့ရတယ်ဗျ။ Webmail ကိုသုံးတော့မယ်ဆိုရင်ရိုးရိုးလေးပါပဲ။ ကိုယ့်ရဲ့ Browser Address မှာ Webmail Website URL ကိုရိုက်ထည့်လိုက်မယ်။ ပြီးရင် Webmail Account မှာ Username နှင့် Password ရိုက်ထည့်လိုက်ရုံပါပဲ။ ဒါဆို Webmail ကိုသုံးလို့ရပါတယ်။


ဥပမာ – ကျွန်တော် Mail ဆိုရင်

| |
|---|
| http://www.walla.com |

ကိုအရင်ဝင်ရတယ်။ ပြီးမှ Username မှာ Username ကိုရိုက်၊ ပြီး Password ပေး ပြီးရင် ကျွန်တော့် Mail Account ထဲကိုရောက်သွားလိမ့်မယ်။ အဲ့ဒီမှာ စာဝင်စာထွက်ပြုလုပ်လို့ရပြီ။ ပုံ ၁.၁ ကိုကြည့်ပါ။

Webmail တွေမှာဆိုရင် User အသုံးပြုသူတွေဟာ ကိုယ့်ရဲ့အသုံးပြုနေကျနေရာကနေ Internet ကိုမချိတ်ဆက်ထား သေးသော်ငြားလည်းပဲ E-mail Message တွေကိုယူ၍ဖတ်နိုင်သလို သိမ်းဆည်းထားလို့ လည်းရတယ်။ ဆိုလိုတာကတော့ဗျာ အဲ့ဒီ E-mail တွေကိုကိုယ့်ရဲ့ကွန်ပျူတာသို့ Download လုပ်စရာမလိုတဲ့နဲ့ ကိုယ့်ရဲ့ E-mail Account ကိုသုံးပြီးတော့ Checking စစ်ကြည့်နိုင်တယ်ဗျ။ ပြီးတော့ကား ကိုယ်က ဘယ်နေရာက ဖြစ်ဖြစ် Internet နဲ့ချိတ်ဆက်ထား ပြီးပြီဆိုရင် ISP ပဲဖြစ်ဖြစ်၊ ဘယ် System ပဲဖြစ်ဖြစ် စဉ်းစားနေစရာမလိုတော့ဘူး Server မှာရှိတဲ့ကိုယ့်ရဲ့ Message တွေအားလုံးကိုဖတ်ခွင့်၊ ရေးခွင့်ရှိပါတယ်။ ဆိုလိုတာက ၎င်း E-mail ကိုကိုယ့်ရဲ့စက်ထဲ Download လုပ်ပြီးမှဖတ်ရမှာမျိုးမဟုတ်ဘူး။ Hotmail, Gmail, နှင့် Yahoo! Mail တွေဟာဆိုရင်နာမည်ကြီး Webmail တွေပဲဖြစ်တယ်။ အပြင် ISPs လုပ်ငန်းတွေမှာ Customer တွေအတွက် Webmail အပြင်နောက်ထပ်ပြီးတော့ POP E-mail Service ပေးတဲ့ ISP တွေလည်းရှိတယ်။ Webmail ကို Flash mail လို့လည်းနောက်တစ်မျိုးခေါ်သေးတယ်။

ပုံ ၁.၁




## ၁. ၄ POP mail ဆိုတာ

POP mail ကတော့ Minnesota တက္ကသိုလ်ကရေးသားခဲ့တဲ့ အစောပိုင်းကျတဲ့ E-mail တစ်ခုဖြစ်တယ်ဗျ။ Hypercard Stack ဟာဆိုရင် POP mail ရဲ့အစဦးဆုံး Version တစ်ခုဖြစ်ပြီးတော့ Post Office Protocol Client အနေနဲ့ဆောင်ရွက်ခဲ့တယ်။ POP mail ရဲ့နောက်ပိုင်း Version တွေကိုတော့ ရိုးရိုး Macintosh Application တွေအဖြစ်ရေးသားခဲ့ပါတယ်။ နောက် PC Version ကိုလည်းပဲထုတ်ပြန်ခဲ့တယ်။

## ၁. ၅ Hotmail ဆိုတာ

Hotmail ဆိုတာနောက်ထပ် Mail System တစ်ခုမဟုတ်ဘူး။ ပေါ်ပြူလာအဖြစ်ဆုံး Free E-mail (Web Mail) Service တစ်ခုပဲဖြစ်ပါတယ်။ အဲ့ဒီ Hotmail ကို MSN (Microsoft) ကပံ့ပိုးပေးတာဖြစ်ပြီး ကမ္ဘာမှာ ရှိတဲ့မည်သည့်နေရာကမဆို Web Browser တစ်ခုမှနေပြီးအလွယ်တကူ အသုံးပြုနိုင်တဲ့ E-mail တစ်ခုပဲ ဖြစ်တယ်ပေါ့။ Hotmail ဟာကမ္ဘာတစ်ဝှမ်းလုံးကို Free Account ပေးထားပြီးတော့ကာ သူ့ရဲ့ Feature တွေကတော့ Spam Filter တွေပါဝင်တယ်ဗျ။ ပြီးတော့ Virus တွေကိုစစ်ဆေးနိုင်၊ ရှင်းလင်းနိုင်ပြီး

250 MB ထိ Storage သိမ်းဆည်းနိုင်ခြင်းကိုလုပ်ဆောင်နိုင်ပါတယ်။ ဒီ့အပြင် Hotmail ဟာ User အသုံးပြုသူတွေအတွက် အချိန်ဇယားပြက္ခဒိန်တစ်ခုကိုလည်း ပေးထားသည့်အပြင် လိပ်စာစာအုပ်မှာ ဆက်သွယ်ရမည့် စာရင်းတွေကိုလည်း Save လုပ်ပေးထားသေးတယ်နော်။ ဟုတ်ပြီလား ဒါလောက်ဆို Hotmail အကြောင်းကို သိလောက်ပြီပေါ့နော်။ သိပြီဆိုရင်နောက်တစ်ခုကိုဆက်ပြောရအောင်။

## ၁.၆ Gmail ဆိုတာ

အခုတစ်ခါပြောမယ့်တစ်ခုက Gmail ပဲဖြစ်ပါတယ်။ Gmail ဆိုတာလည်း Free mail ပဲဗျ။ သူကလည်း (Web Mail ) Service တစ်ခုပဲဖြစ်ပါတယ်။ ဆိုလိုတာက နောက်ထပ် Email System တစ်ခု မဟုတ်ဘူး။ ကမ္ဘာမှာရှိတဲ့ဘယ်နေရာကမဆို Web Browser မှနေပြီး Gmail ကိုအလွယ်တကူအသုံးပြုလို့ ရပါတယ်။ Google ဟာ Message ပို့တဲ့အခါမှာဖြစ်စေ၊ တစ်ယောက်ယောက်ကပို့တဲ့အခါမှာဖြစ်စေ၊ မြန်ဆန်စွာအလုပ်လုပ်ပေးနိုင်ပါတယ်။ ဆိုလိုတာကတော့ဗျာ Message ပို့တဲ့အခါမှာဖြစ်စေ၊ ဖတ်တဲ့အခါ ဖြစ်စေ Google ကိုသုံးရင် မြန်ဆန်တာပေါ့ဗျာ။ ဘာဖြစ်လို့လည်းဆိုတော့ Gmail ရဲ့ ကျောထောက်နောက်ခံက Powerful ဖြစ်တဲ့ Google Search Engine ကြောင့်ပဲဖြစ်ပါတယ်။ Google Gmail ဟာ E-mail ကိုဖော်ပြပေးတဲ့အခါမှာ အဲ့ဒီ E-mail နှင့်ပတ်သက်တဲ့ပြန်ကြားစာတွေကို သူ့အလိုအလျောက်ဖော်ပြပေးတယ် ဗျ။ ဒါကြောင့် Gmail ကိုသုံးတဲ့အခါမှာ Message တွေကိုအဆက်အစပ် မိမိကြည့်နိုင်တာပေါ့ဗျာ။ ဒီနေ့ခေတ်မှာ Gmail ကို တော်တော်များများအသုံးပြုကြတာကြောင့် ကျွန်တော့်ရဲ့ ဒီစာအုပ်မှာလည်း အသုံးပြုပုံကိုဖော်ပြပေးလိုက်ပါတယ်။

## ၁.၇ Attachment ဆိုတာ တွဲပို့ခြင်း

Email မှာတော့ Attachment ဆိုတာက File တစ်ခုကို E-mail Message တစ်ခုအဖြစ် ဆက်စပ်လိုက်ခြင်းပဲဖြစ်တယ်။ E-mail System စနစ်အများစုဟာဆိုရင် Text File တွေကိုပို့တဲ့နေရာမှာ E- mail အနေနဲ့သာပို့လေ့ရှိကြတယ်ဗျ။ အကယ်၍များ အဲ့သလိုပို့မည့် Attachment ဟာ Binary File (နှစ်ခု) ဒါမှမဟုတ် ဥပမာ- MS-Word Document တို့လို Format ချပြီးသား Text File တွေဖြစ်နေမယ်ဆိုရင် အဲ့ဒီပို့မည့် Attachment ကိုမပို့ခင်အရင်ဆုံး Encode လုပ်ရတယ်။ ရောက်သွားပြီဆိုရင်ချက်ချင်း Encode

ကို Decode ပြန်လုပ်ရတယ်။ ဥပမာကိုယ့် E-mail နှင့်အတူဓါတ်ပုံတွေ အတူထည့်ပေးချင်ရင် ဓါတ်ပုံတွေကို ၎င်း E-mail နှင့် Attachment လုပ်ပေးရပါတယ်။ ဟုတ်ပြီဗျာ။ အဲဒီ Attachment ဆိုတာဘာကိုခေါ်တယ်ဆိုတာ နားလည်မယ်နော်။

## ၁.၈ E-Mail Spam ဆိုတာဘာ

E-mail Spam ကိုတနည်းအားဖြင့် Bulk E-mail (သို့မဟုတ်) Junk E-mail လို့လည်းတစ်မျိုးခေါ်သေးတယ်။ ကျွန်တော့်ဆီကို E-mail ပို့ပေးပါလို့မတောင်းဆိုပါဘဲနှင့် E-mail တွေအမြောက်အများ ရောက်လာတာကို E-mail Spam လို့ခေါ်တာပါ။ ဥပမာ-ရွှေပေလွှာလိုလို၊ ဘာလိုလို အဲ့သလိုမျိုးစာတွေကို ရရှိထားသူတွေက အခြားလူများသို့ကူးယူဖြန့်ဝေရန် တိုက်တွန်းထားတဲ့စာလိုမျိုး၊ အမှမဟုတ်ရင်လည်းသူတို့ရဲ့ Service လုပ်ငန်းတွေ၊ ကုန်စည်တွေအကြောင်းကြော်ငြာတာမျိုး၊ အဲ့သလိုမျိုးစာတွေကို ကိုယ်ကမတောင်းဆိုပါဘဲနှင့် ရောက်လာတတ်တာမျိုးကို E-mail Spam လို့ခေါ်တယ်ဗျ။ ဒီတော့ကိုယ်က E-mail Spam မရောက်လာစေချင်ဘူးဆိုရင် E-mail Spam ရောက်မလာစေဖို့အတွက် ကာကွယ်ဖို့အချက် ( ၄ ) ချက်ရှိပါတယ်။

- ❖ ပထမဆုံးအချက်က Usenet သတင်းအုပ်စုတွေဆီ Message ပို့ခြင်းကိုရှောင်ပါ၊ မလုပ်ပါနှင့်။
- ❖ Junk Mail တွေကိုဘယ်တော့မှ Reply ပြန်မလုပ်ပါနှင့်။
- ❖ ကိုယ့်ဆီဝင်လာတဲ့ Mail တွေမှာပါတဲ့စကားလုံးများထဲမှ ကိုယ်နှင့်မဆိုင်တဲ့ စကားလုံးများကို စစ်ထုတ်ပြီး မဆိုင်တဲ့ Mail များကိုဖယ်ထုတ်ပါ။
- ❖ Spam ကိုငြင်းပယ်ရန်ကိုယ့်ရဲ့ Internet Service Provider (ISP) ကို ကိုယ့်ဆီဝင်လာတဲ့ Mail တွေကို ဖယ်ထုတ်ပေးရန်တောင်းဆိုပါ။

အခုကျွန်တော်ပြောခဲ့တဲ့ အချက် ( ၄ ) ချက်ကိုသုံးပြီး၊ E-mail Spam ကို ကာကွယ်နိုင်ပါတယ်။

## ၁.၉ Gmail အသုံးပြု၍ သို့မဟုတ် Email ပို့ခြင်း၊ ရယူခြင်း

တစ်နေရာနှင့်တစ်နေရာ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ဆက်သွယ်ရန် ယခင်က ကြေးနန်းကြိုးရိုက်ခြင်း တယ်လီဖုန်းလိုင်းများအစရှိသည့် ဆက်သွယ်ရေးလိုင်းများအပြင် ယနေ့ခေတ်တွင် အလွန်ပင်


ကျယ်ပြန့်ပြီး လူတိုင်းလည်းသိနှင့်ပြီးဖြစ်သော Online ပေါ်မှာ E-mail ပို့ခြင်းစနစ်ပင်ဖြစ်သည်။

E-mail ဆိုသည်မှာ မည်မျှကျယ်ပြန့်ပါစေ၊ မည်မျှကွာဝေးပါစေ မည်သည့်နေရာကိုမဆို နာရီပိုင်း၊ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းနှင့်ပြောချင်သောသတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့်ဓာတ်ပုံ Files များ၊ Video Files များနှင့်တကွပို့ဆောင်ပေးနိုင်သော Online ဆက်သွယ်ရေးတစ်ခုဖြစ်သည်။ ထို့ကြောင့် ယနေ့ခေတ်တွင် လူတိုင်းကိုယ်ပိုင် E-mail Account တစ်ခုစီရှိသင့်တယ်ဗျ။ ဒါမှလည်းခေတ်နှင့်တစ်ပြေးညီ လိုက်နိုင်ပေလိမ့်မယ်။ ဒါဆိုရင်အဲ့ဒီလောက်ခေတ်စားနေသော E-mail တစ်စောင်ကိုအတူ ပို့ကြည့်ကြရအောင်။

သင့်ထံ၌ကိုယ်ပိုင် E-mail (GMail) Account တစ်ခုရှိပြီးပြီဆိုပါစို့ဗျာ။ မရှိသေးရင် Mail Account တစ်ခုတည်ဆောက်ပုံကိုနောက်မှာပြထားပါတယ်။

ပထမဆုံးအနေဖြင့် Internet ဆိုင်များတွင် Desktop ပေါ်၌အသင့်တင်ထားပြီးဖြစ်သော Mozilla Firefox ထဲကိုဝင်လိုက်ပါ။

ပုံ ၁.၂




၂။ ထိုအခါ ပုံ ၁.၂ ကဲ့သို့ဖြစ်နေရပါမည်။ မဖြစ်ပါက Address Bar တွင် google လို့ရိုက်ပြီး ကီးဘုတ်မှ Ctrl + Enter ကိုနှိပ်ပါ။ Address Bar ဆိုတာကို ပုံမှာ ဘောင်ခတ်ပြထားပါတယ်။


၃။ Mozilla Firefox ဝင်ပြီးလျှင် ဘယ်ဘက်အခြမ်း G-mail ဟုရေးထားသောနေရာတွင် Click တစ်ချက်နှိပ်လိုက်ပါ။

ပုံ ၁.၃




ဒါဆို ပုံ ၁.၄ လို ဖြစ်နေပါလိမ့်မယ်။

ပုံ ၁.၄



ထိုအခါ G-mail ကို Sign in ဝင်ရန် User name Box နှင့် Password Box နေရာတွင်မိမိ၏ User name နှင့် Password ကိုမှန်ကန်တိကျစွာ ရိုက်ထည့်လိုက်ပြီး Sign In သို့မဟုတ် Enter တစ်ချက်ခေါက်လိုက်ပါ။

## ❖ Email ဖတ်ခြင်း၊ ဖျက်ခြင်း

သင့်၏ G-mail ထဲသို့ရောက်ပြီဆိုပါက Inbox ထဲမှာရှိသည့် စာမှာမိမိထံသို့ ပို့ထားသောစာများဖြစ်ပါသည်။ ဆိုလိုသည်မှာကိုယ့်ဆီရောက်နေသော Email များကို Inbox ထဲတွင်ကြည့်နိုင်ပါတယ်။ ပုံ ၁.၅ မှာဖော်ပြထားပါတယ်။ ၎င်း Inbox ထဲတွင်မိမိဖတ်ချင်သော Mail ကို Click တစ်ချက်နှိပ်၍ဖတ်ရှုနိုင်တယ်ဗျ။ ဖျက်မည်ဆိုလျှင်လည်း Check Box တွင်အမှန်ခြစ်ပေး၍ Delete Button ကို နှိပ်၍ဖျက်ပစ်နိုင်ပါတယ်။

ပုံ ၁.၅





ဖျက်မည်ဆိုလျှင်လည်း Check Box တွင်အမှန်ခြစ်ပေး၍ Delete Button ကို နှိပ်၍ဖျက်ပစ်နိုင်ပါတယ်။

## ❖ Compose - Email ပို့ခြင်း

Mail ပို့ချင်လျှင် Compose Mail တွင် Click တစ်ချက်နှိပ်လိုက်ပါ။ To ဟုရေးထားသော Text Box တွင်ကိုယ်ပို့ချင်သော E-mail address ကိုရိုက်လိုက်ပါ။ ဥပမာ-ayeaye@gmail.com ဆိုပါတော့ဗျာ။ ထိုသို့ရိုက်ထည့်ပြီးလျှင် Subject အောက်က Text Box တွင်ထိုစာ၏အကြောင်းအရာကို ရိုက်ထည့်နိုင်တယ်ဗျ။ ထို့နောက် Text Box အကြီးထဲတွင်မိမိပြောချင်သော အကြောင်းအရာကိုရိုက်ထည့်နိုင်ပါတယ်။ Photo File နှင့် Video File များကိုပို့ချင်ပါက ထိုအောက်တွင်ရှိသော Browse Button တွင် Click နှိပ်၍သင်ပို့ချင်သော File တည်ရှိရာနေရာကိုရွေး၍ပို့နိုင်ပါတယ်။ ထို့နောက် Send Button ကို Click တစ်ချက်နှိပ်လိုက်ပါက သင်ရိုက်ထည့်ထားသော E-mail address ဆီသို့ ၎င်း Email လေးကိုပို့ပေးလိမ့်မယ်ဗျ။

ပုံ ၁.၆




## ❖ Attachment စာနှင့်အတူတစ်စုံတစ်ခုတွဲပို့ခြင်း

E-mail ပို့ရာတွင် Photo files ဖြစ်စေ၊ Video files ဖြစ်စေ တစ်စုံတစ်ခုကို ၎င်း Email နှင့်အတူ တွဲပို့တာကို Attachment လို့ခေါ်ပါတယ်။ Attach နှင့်တွဲပို့ချင်လျှင် အပေါ်က ပုံမှာလည်း ကြည့်လိုက်ပါ။

စာရိုက်တဲ့ Text Box နှင့် Subject Text box ၏ကြားတွင် Attachments ကိုတွေ့နိုင်ပြီး သူ့အောက်က Box တွင် Click တစ်ချက်နှိပ်လိုက်ပါက Browse Dialog Box ပေါ်လာမှာဖြစ်ပါတယ်။ အဲ့ဒီမှာသင့်ကွန်ပျူတာထဲက ဓါတ်ပုံ၊ ဗွီဒီယို၊ အခြားဖိုင် စသဖြင့် သင်တွဲပေးလိုက်ချင်တဲ့ဖိုင်ကို ခေါ်ပေးရမှာဖြစ်ပါတယ်။ ဆိုလိုတာက Email မှာ စာတိုပေထွာပဲရိုက်ပြီး သိပ်ရှည်တဲ့စာတို့ ဓါတ်ပုံတို့ဆို အဲ့ဒီ Email နဲ့အတူတွဲပို့ပေးရပါတယ်။

ကဲ အခုတော့ Send ပဲနှိပ်လိုက်ပါ။ ဒါဆို ၎င်း Email ကို Send လုပ်ပြီး Send လုပ်လို့ပြီးသွားတဲ့အခါ အောက်ပါပုံအတိုင်းပေါ်လာပါလိမ့်မယ်။ ထူးခြားတာက Your message has been sent ဆိုတဲ့စာသားလေးပါ။ သဘောကတော့ သင့် Email ကို ပို့လိုက်ပြီဖြစ်ပါတယ်ပေါ့။

ပုံ ၁.၇





Send ထဲမှာမိမိက Mail ပို့လို့ အခြားလူဆီရောက်သွားတဲ့ Mail များကိုသာ ဖော်ပြပါတယ်။ မရောက်ရင်တော့ Draffs ထဲမှာဖော်ပြထားတာပေါ့ဗျာ။

## ❖ **Reply Email ပြန်စာပို့ခြင်း**

နောက်တစ်နည်းမှာ မိမိထံသို့ပို့သော E-mail ကို Reply လုပ်၍ပို့ခြင်းဖြစ်ပါတယ်။ Inbox ထဲတွင် ရောက်နေတဲ့ E-mail များထဲမှမိမိ Reply လုပ်လိုသော E-mail ကိုဖွင့်လိုက်ပြီး Reply Button ကို Click နှိပ်၍ပို့နိုင်ပါတယ်။ ထိုအခါ E-mail address ကိုရိုက်ထည့်စရာမလိုတော့ပေ။ ပို့ချင်သော အကြောင်းအရာကို ရေး၍ပို့နိုင်သော Text Box တွင်တစ်ဘက်လူက ရေး၍ပို့ထားသောစာများပေါ်နေလိမ့်မယ်ဗျ။ ၎င်းစာကို Select လုပ်ကာဖျက်ပြီးသင်ပို့ချင်သော အကြောင်းအရာကိုရိုက်ထည့်၍ ပို့နိုင်သလို ထိုစာကိုမဖျက်ဘဲ Enter ခေါက်ပြီးစာကိုရိုက်ထည့်၍ပို့နိုင်ပါတယ်။ Reply လုပ်တဲ့အခါ စာကိုမဖျက်ဘဲပို့လိုက်လျှင် တစ်ဘက်လူက မိမိထံသို့ Reply လာသော E-mail ကိုဘာအတွက်ကြောင့် Reply ထားတာကို သိနိုင်တာပေါ့ဗျ။ ထို့နောက် Send Button ကိုနှိပ်၍ Reply လုပ်နိုင်ပါတယ်။ ပုံ ၁.၈ ကိုကြည့်ပါ။

ပုံ ၁.၈




သူ့ Mail ရဲ့ အပေါ်က အဖြူရောင်လိုင်းအလွတ်မှာ ကိုယ်ပြန်ပို့မယ် စာသားများကို ရိုက်ထည့်ရမှာဖြစ်ပါတယ်။ ပြီးရင် Send ကို နှိပ်လိုက်ပါ။ ဒါဆို သူ့ဆီကို စာပြန်လိုက်တာဖြစ်ပါတယ်။

အချုပ်ပြောရရင်ဗျာ E-mail ထဲတွင်ရှိသော Inbox မှာမိမိထံသို့ပို့ထားသော E-mail များကိုဖော်ပြပြီး Send ကတော့ မိမိကပို့လို့ရောက်သွားတဲ့ E-mail များကိုဖော်ပြပါတယ်။ Drafts မှာကတော့မိမိကပို့ပြီး မရောက် လိုက်သော E-mail များ သို့မဟုတ် မပို့ရသေးသော E-mail များကိုပြပါတယ်။

E-mail ပို့ခြင်းကိုမိမိ E-mail ထဲတွင်စိတ်ကြိုက်လုပ်ဆောင်ပြီးလျှင် အဓိကအရေးအကြီးဆုံးအချက်မှာ Sign Out လုပ်ရန်ဖြစ်ပါတယ်။ E-mail ၏အပေါ်ညာဘက်ထောင့်တွင်ရှိသော Sign Out ကို Click နှိပ်ပြီး ပြန်ထွက်ပေးရမယ်နော်။ ပုံ ၁.၇ ကိုပဲပြန်ကြည့်ပေးပါ။ အဲ့ဒီပုံရဲ့ ညာဖက်အပေါ်ထောင့်မှာ Sign Out ဆိုတာရှိပါတယ်။ အဲ့ဒါလေးကို နှိပ်ပြီး Gmail ထဲကထွက်ပေးပါ။


ထိုသို့ Sign Out မလုပ်ပါကမိမိအသုံးပြုခဲ့သော စက်ကို နောက်တစ်ဦးဝင်လာလျှင် မိမိ E-mail ဖြင့်မဟုတ်သော Mail များပို့သွားလျှင်အလွန်အန္တရာယ်ကြီးတယ်ဗျ။ ဒါ့ကြောင့်မိမိ၏ Mail များ လျှို့ဝှက်ချက်များ Personal Case များကိုအခြားသူသိသွားနိုင်တယ်နော်။ ကျွန်တော်ကတော့ကိုယ့် E-mail ထဲသို့ Sign In လုပ်ပြီးလျှင် Sign out လုပ်ရန်လည်းမမေ့ဖို့သတိပေးချင်ပါတယ်။

Sign Out လုပ်ပြီးသောအခါ မိမိ Sign In ဝင်ခဲ့တဲ့ User Name နှင့် Password ရိုက်ထည့်တဲ့နေရာ သို့ပြန်လည်ရောက်ရှိသွားမှာဖြစ်ပါတယ်။ ကဲ Gmail နဲ့ပတ်သက်လို့ ဒီလောက်ပါပဲ။

## ၁. ၁၁ G-talk အခသုံးပြုပုံ

G-talk ကိုင်းရှင်းပြရမယ်ဆိုရင် G-talk ဟာ Chatting ထိုင်သည့်သဘောပဲဖြစ်ပါတယ်။ သို့ပေမယ့် G-talk ဟာကိုယ်ပိုင် G-mail တစ်ခုရှိမှပြောလို့ရသလိုကိုယ်ပြောချင်တဲ့သူနှင့် G-mail Address သိမှပြောနိုင်မှာ ဖြစ်ပါတယ်။ G-Talk သည်ကိုယ်နှင့်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေဝင်ရောက် Chat နိုင်သော Chatting မျိုးမဟုတ်ဘဲရင်းနှီးသောသူ၊ သူငယ်ချင်းများအတွက် သီးသန့်ပြောဆိုရန်ပြုလုပ်ထားသော အရာတစ်ခုလို့ ပြောနိုင်ပါတယ်။ G-talk ပြောချင်သောသူများသည် တစ်ယောက် G-mail တစ်ယောက်သိရမယ့်အပြင် ကိုယ် ပြောချင်သောသူကလည်း Invite လုပ်ရမှာဖြစ်သလို တစ်ဖက်လူကမိမိ၏ Invite ကိုလက်ခံမှသာ G-talk ၌ Chat လို့ရမှာဖြစ်တယ်ဗျ။ G-talk သည်စာရိုက်ပြီး Chat လို့ရသည့် အပြင်တစ်ယောက်နှင့်တစ်ယောက် Online ၌ Phone ပြောသကဲ့သို့စကားပြောနိုင်ပါတယ်။

ပုံ ၁.၉



ပထမဦးဆုံး G-Talk မှာ Invite လုပ်တာလေးပြောပြပါမယ်။ Invite လုပ်တယ်ဆိုတာ ကိုယ့်ပြောချင်တဲ့သူကို ခွင့်တောင်းလိုက်တာပါပဲ။ သူက အဲ့ဒီ Invite ကို လက်ခံလိုက်မှ သူနဲ့ကိုယ်နဲ့က Talk လို့ရတာပါ။ ကဲ ဦးစွာ G-talk ထဲကိုဝင်လိုက်ပါ။ G-talk Sign In Dialog Box ကျလာသည့်အခါ G-mail ၏ User name နှင့် Password ရိုက်ထည့်ပြီး Sign In ဝင်လိုက်ပါ။ ပုံ ၁.၉ ဘယ်ပုံကိုကြည့်ပါ။

G-talk ပြောရန် Box ကျလာသောအခါထို Box ရဲ့အောက်ဘက်ထောင့်တွင် +Add ဆိုတဲ့ Button ကို Click နှိပ်၍ကိုယ် Invite လုပ်လိုသော G-mail Address ကိုရိုက်ထည့်ပြီး Invite လုပ်ရမှာဖြစ်ပါတယ်။ ပုံ ၁.၉ ညာဖက်ပုံကိုကြည့်ပါ။


ပြန်ပြောပြမယ် Invite လုပ်တယ်ဆိုတာမိမိ G Talk Box မှာမရှိသေးတဲ့အတွက်ကိုယ့်ရဲ့သူငယ်ချင်းအသစ်ကို ကိုယ်နဲ့ပြောဖို့ဖိတ်လိုက်တဲ့သဘောပဲဖြစ်ပါတယ်။ တစ်ဖက်လူက ကိုယ့်ရဲ့ Invite ကိုလက်ခံလိုက်ပါက ၎င်းနာမည်ဟာ Name List မှာလာပေါ်မှာဖြစ်ပါတယ်။ G-Talk ထဲတွင်ရှိ သောသူ Name List များကိုကြည့်ချင်ပါက Add Button ဘေးတွင်ရှိသော View Button ကိုနှိပ်ပြီး Online, Offline ၌ရှိတဲ့သူများကိုရွေးချယ်ကြည့်ရှုနိုင်ပါတယ်။ မိမိနှင့် G-Talk ပြောချင်တဲ့သူဟာ Online ဖြစ်မှပြောလို့ ရမှာဖြစ်ပါတယ်။ ဆိုလိုတာက သူရောကိုယ်ရော Online ပေါ်ရောက်နေမှသာ Chat လို့ရမှာဖြစ်ပါတယ်။

အကယ်၍ကိုယ်က Online ပေါ်ရောက်နေသော်ငြားလည်း ကိုယ်နှင့် Chat လုပ်မည့်သူက အလုပ်ရှုပ်နေလို့ Online ပေါ်တက်မလာသေးတာကို Offline ဖြစ်နေတယ်လို့ခေါ်ပါတယ်။ ဒါကြောင့် သူငယ်ချင်းအချင်းချင်း ပြောလေ့ရှိတဲ့စကားရှိတယ်။ ဥပမာ ပါ ၄း၃၀ နောက်ပိုင်းဆို Online မှာရှိနေမယ်။ ဒါမျိုးပေါ့။ ဒီလိုချိန်းထားမှ သူနှင့်ကိုယ်နှင့်ပြောလို့ရမယ်။ မချိန်းထားရင် လက်ရှိ Online မှာရှိနေတဲ့ အခြားသောသူငယ်ချင်းများနှင့်အရင် Chat နှင့်ပေါ့။

G-talk တွင်မိမိက Invite လုပ်လိုက်သော၊ မိမိကို Invite လုပ်သော Name များတန်းစီ၍ဖော်ပြထားပါတယ်။ ပုံ ၁.၉ ညာပုံကိုကြည့်ပါ။ တစ်ဖက်လူက Online တွင်ရှိတဲ့အခါ နာမည်ဘေးနားရှိ အစိမ်းရောင်မီးလုံးလေးမှာလင်းနေပြီး မိမိနှင့် Chat မယ့်သူဟာ Online ၌မရှိပါက Offline ဟုပြထားမှာဖြစ်ပါတယ်။ ထို့ကြောင့် Online ဖြစ်သောသူကို Click တစ်ချက်နှိပ်ပြီး Chat ရန် Text Box ကျလာသောအခါ Cursor ချ၍စာရိုက်ထည့်ကာ Enter တစ်ချက်ခေါက်ပြီး Chat နိုင်ပါတယ်။ ပုံ ၁.၁၀ ကိုကြည့်ပါ။

❖ အကယ်၍မိမိ G-talk ထဲ၌ရှိတဲ့သူနှင့် လုံးဝစကားမပြောချင်တော့ပြီဆိုလျှင် Block လုပ်၍ပယ်ဖျက်နိုင်တယ်ဗျ။ ပယ်ဖျက်လိုသူ၏ Name ကို Right Click နှိပ်လိုက်ပါ။ ထိုအခါ Block နှင့်အခြားသက်ဆိုင်ရာ


ပုံ ၁.၁၀




ပြုလုပ်ချက်များတွေ့နိုင်ပါတယ်။ Block လုပ်လည်းရသလို Remove လုပ်လို့လည်းရပါတယ်။

❖ အခြားသူကကိုယ့်ကို Invite လုပ်ခဲ့ရင်လဲမိမိက G -talk ကိုစဖွင့်တာနှင့် Invite Box ပေါ်လာပြီး New Friend အဖြစ်လက်ခံ၊ လက်မခံဟူ၍စာသားဖြင့်မေးမှာဖြစ်ပါတယ်။ လက်ခံလျှင် Yes ကို Click နှိပ်၍လက်မခံလျှင် No နှိပ်ရုံပေါ့ဗျာ။ ပုံ ၁.၁၁ ကိုကြည့်ပါ။ တခါတရံမိမိကို Invite လုပ်သူများလျှင် Invite လုပ်သူများ၏ Name မပေါ်ဘဲအားလုံးကိုယ်စား Show Request ဟူ၍ပေါ်လာပြီး ၎င်း Show Request ကိုနှိပ်လိုက်လျှင် Invite လုပ်သူ Name List များကျလာပါလိမ့်မယ်။

ပုံ ၁.၁၁



❖ G- talk ၌ပုံတင်ချင်ပါက G-talk တွင်ပေါ်နေသောပုံကို Click တစ်ချက်နှိပ်လိုက်ပါ။ ပုံတွေအများကြီး ပေါ်လာလိမ့်မယ်။ ကြိုက်နှစ်သက်ရာပုံကိုရွေး၍ G-talk ၌တင်နိုင်ပါတယ်။ အဲ့မှမဟုတ်သူ့ဆီမှာရှိတဲ့ပုံတွေကို မတင်ချင်လို့ မိမိပုံ (သို့မဟုတ်) အခြားပုံကိုတင်ချင်လျှင် More Picture ကိုနှိပ်ပြီး ကိုယ်သိမ်းထားသော ပုံနေရာသို့သွား၍စိတ်ကြိုက် တင်နိုင်ပါတယ်။

❖ G-talk တွင်ဖုန်းကဲ့သို့ပင် Online ပေါ်တွင်ရှိနေသူအချင်းချင်းစကားပြောနိုင်တယ်ဗျ။ မိမိစကား ပြောချင်သောသူ၏ Name ကိုရွေးလိုက်ပြီးကျလာတဲ့ Text Box ၏အပေါ်တွင် Call Button (အစိမ်းရောင် ဖုန်းလက်ကိုင်) ကိုနှိပ်ပြီး ခေါ်လိုက်ပါကတစ်ဖက်၌ Accept နှိပ်၍လက်ခံလိုက်လျှင် Online ပေါ်တွင် အသံနှင့်စကားပြောလို့ရပြီပေါ့ဗျာ။ အဲပေမယ့်နှစ်ဖက်စလုံး Headset ရှိမှပြောလို့ရမှာနော်။ ပြောလို့ပြီးတဲ့အခါ End Call (အနီရောင်ဖုန်းလက်ကိုင်) ကိုနှိပ်၍စကားပြောခြင်းကိုရပ်နိုင်ပါတယ်။ G-Talk သည်လည်း G-mail ကဲ့သို့ပင် Sign Out ပြန်လည်လုပ်၍ G-Talk မှထွက်နိုင်ပါတယ်ဗျ။ ဒီလောက်ပါပဲနော်


## ၁.၁၁ Yahoo Mail Account တည်ဆောက်အသုံးပြုပုံ

Yahoo Mail ဟာ ကျွန်တော်တို့ဆီမှာ သိပ်မသုံးကြပေမယ့် တစ်ခြားနိုင်ငံတွေမှာ အသုံးတွင်ကျယ်တဲ့ Web Mail တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အခုစာအုပ်မှာ Yahoo Mail Account ဖန်တီးပုံတွေကို Step by Step ရေးပြထားပါတယ်။ နောက်တစ်ခုက ဒီနေ့ခေတ်မှာ Gmail Account အသစ်တည်ဆောက်တာက အရင်စာအုပ်မှာလည်း ရေးထားပြီးသားဆိုတော့ ဒီသင်ခန်းစာကို အစားထည့်လိုက်တာပါ။ အသုံးပြုပုံကတော့ Gmail နဲ့ သိပ်မကွာ တာကြောင့် မိမိဘာသာ Self Study လုပ်ပြီးလေ့လာနိုင်ကြပါလိမ့်မယ်လို့ထင်ပါတယ်။


၁။ Browser ရဲ့ Address Bar ထဲမှာ www.yahoo.com လို့ ရိုက်သွင်းလိုက်ပါ။ Yahoo Web Search Engine ရဲ့ Home Page ပေါ်လာပါလိမ့်မယ်။ ပေါ်လာဝ်လိမ့်မယ်။ Yahoo Mail Account ရှိပြီးသားတွေအနေနဲ့ ညာဘက်ထောင့်မှာ ပြထားသော Sign in မှာ Click နှိပ်ပြီး ဝင်ရောက်နိုင်ပါတယ်။ Account မရှိသေးတဲ့ ကျွန်တော်တို့အတွက်ကတော့ Sign Up ကို နှိပ်ပြီး ဆက်သွားကြရအောင်။ ပုံ ၁.၁၂ ကို ကြည့်ပါ။

၂။ Yahoo Account ဖန်တီးဖို့အတွက် လိုအပ်တဲ့ Information တွေကို ပုံ ၁.၁၃ မှာ ပြထားတဲ့ Page ပေါ်လာရင် ရိုက်သွင်းပေးလိုက်ပါ။


ပုံ ၁.၁၃


YAHOO!
With a Yahoo! Account, get free email and other leading web services.
Name First Name Last Name
Gender - Select One -
Birthday - Select Month - Day Year
Country Myanmar
Language English
Select an ID and password
Yahoo! ID and Email @ yahoo.com Check
Password
Password Strength
Re-type Password
In case you forget your ID or password...
Alternate Email (optional)
Secret Question 1 - Select One -
Your Answer
Secret Question 2 - Select One -
Your Answer
Visual code | Audio code
Help
Hrw45e
Type the code shown
Try a new code
By clicking the "Create My Account" button below, I certify that I have read and agree to the Yahoo! Terms of Service, Yahoo! Privacy Policy and Communications Terms of Service, and to receive account related communications from Yahoo! electronically. To deliver product features, relevant advertising and abuse protection, Yahoo!'s automated systems scan and analyze all email, IM and other communications content.
Create My Account

ပုံ ၁.၁၄


Yahoo! ID and Email mg.nanda@yahoo.com Change
Password ••••••••••
Very strong
Capitalization matters. Use 6 to 32 characters, and don't use your name or Yahoo! ID.
Re-type Password ••••••••••

ပုံ ၁.၁၂





၃။ Name Box မှာ ကျွန်တော်တို့ စိတ်ကြိုက်နာမည်ကို သတ်မှတ်လို့ရပါတယ်။ ကျန်တဲ့ Gender, Birthday, Country, Language တွေမှာ လိုအပ်တာတွေကို ဖြည့်စွက်သွားပါ။

၄။ Yahoo! ID and Email နေရာမှာတော့ အသုံးပြုမယ့် Yahoo Mail Account Name ကို ရိုက်ရပါ့မယ်။ စိတ်ကြိုက်နာမည်ပေးခွင့်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရိုက်သွင်းလိုက်သော Name သည်။ တခြားတစ်ယောက်ကများ အသုံးပြုခဲ့ပြီးသားဖြစ်နေပါက လက်ခံမှာ မဟုတ်ပါဘူး။ ဘယ်သူမှ အသုံးမပြုသေးသော Name ဖြစ်ပါမှ လက်ခံပါလိမ့်မယ်။ Password ပေးတဲ့အချိန်မှာလည်း ကျွန်တော်တို့ ပေးတဲ့ Passwrd သည် Strong ဖြစ်ရပါ့မယ်။ ဒါမှမဟုတ်ရင်တော့ Account ဖန်တီးခွင့်ပေးမှာ မဟုတ်ပါဘူး။ Re-type Password မှာ ကျွန်တော်တို့ပေးခဲ့သော Password ကိုပဲ နောက်တစ်ခါပြန်ရိုက်သွင်းပေးပါ။ ပုံ ၁.၁၄ ကို ကြည့်မယ်ဆိုရင် ဥပမာအနေနဲ့ အသုံးပြုထားသော mg.nanda@yahoo.com ဆိုတဲ့ ID နဲ့ Strong ဖြစ်နေသော Password ကို တွေ့ရမှာပါ။

၄။ Alternate Email နေရာမှာ သုံးတဲ့ Email ကိုတော့ မဖြည့်ပဲ ဒီအတိုင်းထားခဲ့ချင်လည်း ထားခဲ့နိုင်ပါတယ်။ အကြောင်းတစ်ခုခုကြောင့် Password Recovery လုပ်တဲ့အချိန်မှာ သုံးမယ့် Email Account ဖြစ်ပါတယ်။

၅။ Secret Question 1,2 နှစ်ခုလုံးနေရာမှာ Question တွေ ရွေးပြီးတော့ အဖြေပြန်ရိုက် သွင်းပေးရပါ့မယ်။ ကျွန်တော်တို့ရဲ့ Email Account ကို Password မေ့သွားလို့ ပြန်မဝင်နိုင်တော့တဲ့အခါ၊ Lock Out ဖြစ်သွားတဲ့အခါမျိုးမှာဆိုရင် ၎င်း Secret Question တွေကို Yahoo မှာ ပြန်မေးမှာဖြစ်ပါတယ်။မှန်အောင်ဖြေနိုင်ရင် ပြန်ပြီးဝင်ခွင့်ရမှာပေါ့နော်။ ဒါကြောင့် Security Question and Answer တွေကို တခြားဘယ်သူမှ မသိအောင်လျှို့ဝှက်ထားရမှာဖြစ်ပါတယ်။ မသမာတဲ့သူတွေသိသွားလို့ရှိရင် ၎င်း Answers တွေကို အသုံးပြုပြီး ကျွန်တော်တို့ရဲ့ Account ကို ဖောက်ထွင်းလို့ ရသွားနိုင်တဲ့အတွက်ပါ။


ပုံ ၁.၁၅





၆။ Type the code show ဆိုတဲ့နေရာမှာ အပေါ်မှာပြထားတဲ့ ကိန်းဂဏန်းတွေ၊ စာလုံးတွေကို မှန်ကန်အောင် ပြန်ရိုက်သွင်းပေးပါ။ Create My Account ကို Click တစ်ချက်နှိပ်လိုက်ပါ။ ကျွန်တော်တို့ ဖြည့်စွက်ခဲ့သော အချက်အလက်များအားလုံး စိုလင်မှန်ကန်တယ်ဆိုရင် (ပုံ ၅.၇) မှာ ပြထားသော Congratulation Box ပေါ်လာပါလိမ့်မယ်။ Continue ကို ဆက်နှိပ်လိုက်ပါ။ ဒါဆိုရင် www.yahoo.com ရဲ့ Home Page ကို ပြန်ရောက်သွားပါလိမ့်မယ်။ Yahoo Mail Account တစ်ခုကို အောင်မြင်စွာ ဖန်တီးပြီးသွားပါပြီ။ ပုံ ၁.၁၆ ကိုကြည့်ပါ။

ဖန်တီးခဲ့သော Yahoo Mail ကို အသုံးပြုချင်တယ်ဆိုရင်တော့ www.yahoo.com ရဲ့ Home Page မှာရှိသော Sign In ဒါမှမဟုတ်ရင်လည်း Mail ဆိုတဲ့ ပုံလေးပေါ်မှာ Click နှိပ်ပြီး ဝင်ရောက် အသုံးပြုနိုင်ပါတယ်။ ပုံ ၁.၁၇ ကိုကြည့်ပါ။

ပုံ ၁.၁၆




ပုံ ၁.၁၇




အပေါ်ပုံကတော့ Yahoo Mail Box ပုံ ဖြစ်ပါတယ်။

Yahoo Mail ကို ဘယ်လိုအသုံးပြုရမယ်ဆိုတာကိုတော့ အသေးစိတ်မပြောတော့ဘူးနော်။ ဘာလို့လဲဆိုတော့ Yahoo Mail မှာပါသော Feature တွေအကုန်လုံးနီးပါးသည် Gmail နဲ့ ဘာမှသိပ်မကွာလို့ပါ။ ကဲ နောက်တစ်ခုဆက်ကြစို့။

## ၁.၁၂ Social Networking Service

Social Networking Service ဆိုတာကို အလွယ်ကူဆုံးပြောရရင်တော့ သူဟာ Online Ser-

vice တစ်မျိုးပါ။ ဒါပေမယ့် အဲ့ဒီ Social Networking Service တွေဟာ လူတစ်ယောက်နှင့်တစ်ယောက် Online အသုံးပြုကာ ဆက်သွယ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး မိတ်ဆွေဖွဲ့ခြင်း၊ အဝေးတစ်နေရာစီရောက်နေသော သူငယ်ချင်းအပေါင်းအသင်းမိတ်တွေများကို ပြန်လည်ဆက်သွယ်ခြင်း၊ ဖျော်ဖြေရေး Website အနေဖြင့် အသုံးပြုခြင်း၊ ဂိမ်းကစားခြင်း၊ ကိုယ်ပိုင် Personal Webiste အနေဖြင့်အသုံးပြုခြင်း စသဖြင့် အသုံးပြုကြပါတယ်။ နောက်ထပ် အသုံးပြုကြတာကတော့ သင်စိတ်ဝင်စားသောအကြောင်းအရာများ၊ သင့်ရဲ့တစ်နေတာ ဖြတ်သန်းမှု အတွေ့အကြုံများကို သင်၏ မိတ်ဆွေသူငယ် ချင်းများ အားမျှဝေခံစားစေလိုတဲ့အခါမျိုးတွေမှာလည်း အသုံးပြုကြပါတယ်။ Social Networking Service တွေကို အသုံးပြုရာမှာ အချို့သူတွေ ကတော့ ပညာရေး၊ အလုပ်အကိုင်၊ စီးပွားရေး၊ အတတ်ပညာ စသဖြင့် သတင်းအချက်အလက်များ ရယူလိုတဲ့အတွက်လည်း အသုံးပြုကြပါတယ်။ Social Networking Site အချို့တွင် Developer မှစမ်းသပ်ရေးဆွဲထားသော Software များ၊ Application များ၊ နည်းပညာနှင့်ပတ်သက်သော စာအုပ်များ၊ စသည်တို့ကိုလည်း အများနှင့် Share ပြုလုပ်အသုံးပြုနေကျတာကို တွေ့ရပါတယ်။ ဒီတော့ တစ်ယောက်သိထားတဲ့ နည်းပညာပိုင်းဆိုင်ရာ အကြောင်းအရာတစ်ခုကို အခြားတစ်ယောက်မှလည်း ဝေဖန်သုံးသပ်ခြင်း၊ အတွေ့အကြုံများ မျှဝေပလှယ်ခြင်း စသဖြင့် အသုံးပြုနိုင်ပါတယ်။

ဒီတော့ အဲ့ဒီ Social Networking Service တွေဟာ Web အခြေပြု Service တွေသာ ဖြစ်ကြပြီး အင်တာနက်၊ e-mail နှင့် Instant Messaging စတဲ့ Service တွေပါဝင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အသုံးပြုမှုများတာကတော့ Facebook , Twitter စတာတွေ ဖြစ်ပါတယ်။ ယခုနောက်ပိုင်း Google ရဲ့ Social Networking Service ဖြစ်တဲ့ Google + ကိုလည်း လူစိတ်ဝင်စားမှု များလာတာကိုတွေ့ ရပါတယ်။ နောက်ထပ် နာမည်ကြီးတဲ့ Social Networking Site တွေကတော့ Hi+, The Sphere, MySpace, Orkut စတာတွေ ဖြစ်ပါတယ်။ Social Networking Site ပေါင်းမြောက်များစွာရှိပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကြိုက်ခြင်း မတူကြပါဘူး။ ဥပမာအားဖြင့်ဆိုသော် Bebo, VKontakte, Hi+, Hyves စတဲ့ Site တွေကို နယ်သာလန်နိုင်ငံမှာ အသုံးများပြီး Facebook, Twitter, LinkedIn ကိုတော့ အာရှဖက်မှာ အသုံးများပါတယ်။ လက်ရှိ Google+ ကို အိန္ဒိယ နှင့် ပါကစ္စတန် နိုင်ငံတွေမှာ ပိုမိုအသုံးပြုနေကြတာကို တွေ့ရပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အသုံးပြုမှု အများဆုံး Social Networking Site တွေကို ဖော်ပြရရင်ဖြင့်

- ❖ Facebook.com
- ❖ Twitter .com
- ❖ LinkedIn.com

- Google Plus
- MySpace တို့ဖြစ်ကြပါတယ်။

အနောက်နိုင်ငံရှိ ပညာရှင်များရဲ့ သုံးသပ်ချက်အရ ၂၀၁၁ ခုနှစ် အကုန်ပိုင်း အထိ စစ်တမ်းကောက်ယူရာမှာ Facebook အသုံးပြုမှု အရေအတွက်ဟာ 55.1 % အထိရှိပြီး ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်းဆိုထားပါတယ်။ အဲ့ဒါကြောင့် ဒီစာအုပ်မှာ Facebook အသုံးပြုတဲ့အကြောင်းနဲ့ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းဖော်ပြပေးထားတာ ဖြစ်ပါတယ်။

## ❖ Fackbook

Facebook ကတော့ လက်ရှိကျွန်တော်တို့နိုင်ငံမှာ အသုံးအများဆုံး Social Networking Webiste တစ်ခုဖြစ်ပါတယ်။ Facebook ကိုလွန်ခဲ့တဲ့ ၂၀၀၄ ခုနှစ် February မှာစတင်တည်ထောင်ခဲ့ပြီး လက်ရှိအသုံးပြုသူဦးရေ သန်း (၈၀၀) ကျော်ရှိပါတယ်။

## ❖ Twitter

Twitter ကတော့ ကျွန်တော်တို့ဆီမှာ Facebook လောက်လူသုံးမများသေးပါဘူး။ ဒါပေမယ့် Twitter ဟာလည်း အနောက်နိုင်ငံတွေမှာ အသုံးအများဆုံး Site တစ်ခုဖြစ်ပါတယ်။ ၎င်းရဲ့ ရည်ရွယ်ချက်ကတော့ နည်းပညာနှင့် Informatioin များကို မျှဝေအသုံးပြုရန်ဖြစ်ပါတယ်။ Twitter Website ကို လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ်မှာ စတင်တည်ထောက်ခဲ့ပြီး လက်ရှိအသုံးပြုသူဦးရေ သန်း (၃၀၀) ခန့်ရှိပါတယ်။ Twitter Webiste ပေါ်မှာ ရေးပြီးတင်တဲ့ Post တွေကိုတော့ Tweets လို့ တင်စားခေါ်ဝေါ်ပါတယ်။ စကားလုံးအရေအတွက် အားဖြင့် (၁၄၀) ခန့်စာသားတွေကို ခေါ်ဆိုတာပါ။ Twitter Website ပေါ်ကိုနေ့စဉ် အဲ့ဒီလို Tweets ပေါင်း သန်း (၃၀၀) လောက်တက်ပြီး Search Queries မေးမြန်းမှုပေါင်း (၁.၆) သန်းခန့်များ ရှိပါတယ်။ နောက်ထပ်တစ်ချက်က Twitter ဟာ နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို ရှာဖွေရာမှာအခြား Social Networking Site တွေထက်ပိုမိုကောင်းမွန်ပါတယ်။ ၎င်း Webiste ရဲ့ အဆိုအရတော့ ကမ္ဘာမှာ ဘာတွေဖြစ်နေလဲ ဆိုတာကို အချိန်နှင့်တပြေးညီ သိရှိစေရန် ဖြစ်တယ်လို့ သိရပါတယ်။ ပုံ ၁.၁၈ကိုကြည့်ပါ။

ပုံ ၁.၁၈




## ❖ Google+

Google+ ကို Google Plus လို့လည်း ရေးသားကြပါတယ်။ Google Plus ကတော့ အသံထွက်ကို တိုက်ရိုက်ရေးသားထားတာပါ။ အတိုကောက်စာလုံးအနေနဲ့ ကတော့ G+ လို့လည်းရေးသားကြပါတယ်။ ၎င်းဟာ Google မှလွှင့်တင်လိုက်တဲ့ Social Networking Service တစ်ခု ဖြစ်ပါတယ်။ Google+ ကို ၂၀၁၁ ဇွန်လ ၂၈ ရက်နေ့မှာ စတင်ပြီး လွှင့်တင်ခဲ့ပါတယ်။ ဒါပေမယ့် အဲ့ဒီအချိန်တုန်းက စမ်းသပ်ကာလဖြစ်တာကြောင့် လူသုံးမများသေးပါဘူး။ ဒါပေမယ့် အခုအချိန်မှာ Google+ ကို လူတော်တော်များများသုံးလာကြတာကို တွေ့ရပါတယ်။


Google+ ဟာ Google Profiles နှင့် Google Buzz ကိုပေါင်းစပ်ဖွဲ့စည်းလိုက်တာ ဖြစ်ပါတယ်။ Google Buzz ဆိုတာကတော့ အရင် G-mail မှာ ထည့်သွင်းထားတဲ့ Service တစ်ခုဖြစ်ပါတယ်။ သူက Mail ထဲကနေပြီး Post လုပ်လို့ရပါတယ်။ အဲ့ဒါဆို သင့် G-mail ထဲက လူတွေအကုန်လုံးက သင်လုပ်ထားတဲ့ Post ကိုတွေ့မြင်ရမှာ ဖြစ်ပြီး သင့် G-mail ထဲက သူငယ်ချင်းများမှလည်း Comment တွေ ဝင်ရေးလို့ရပါတယ်။

Google+ ကို Social Networking လောကမှာ နာမည်ကြီးနေတဲ့ Facebook ကို ယှဉ်ပြိုင်နိုင်အောင်သစ်ထွက်ပေါ်လာတဲ့ Social Site တစ်ခုလို့တောင်ဆိုထားကြပါတယ်။ ဘာလို့လဲဆိုတော့ Google+ ထွက်ပေါ်လာပြီး အချိန်ခဏတာအတွင်းအသုံးပြုသူ ဦးရေ (၁၀) သန်းကျော် သွားလို့ ဖြစ်ပါတယ်။

### ❖ Hi5

Hi5 ကတော့ ကယ်လီဖိုးနီးယားပြည်နယ် San Francisco မှာအခြေစိုက်ထားတဲ့ Social Net-working Website တစ်ခု ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၃ ခုနှစ်လောက်က စတင်ပြီးပေါ်ပေါက်လာတာဖြစ်ပြီး ၂၀၀၈ ခုနှစ်လောက်မှာတော့ တတိယလူသုံးအများဆုံး Social Networking Site ဖြစ်လာခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်လောက်မှာတော့ Social Gaming ဖက်ကိုကူးပြောင်းလာခဲ့ပါတယ်။ ဒီတော့ Hi5 ကို Game Devel-oper ပေါင်းမြောက်များစွာက ပိုမိုစိတ်ဝင်စားလာခဲ့ပြန်ပါတယ်။ ပြီးခဲ့တဲ့ နှစ်မှာတော့ Hi5 ကို Social Networkind Webiste တစ်ခုဖြစ်တဲ့ Tagged မှ ပြန်လည်ဝယ်ယူခဲ့ပါတယ်။

ပုံ ၁.၁၉





## ၁.၁၃ Google+ အသုံးပြုပုံ

Google+ နဲ့ပတ်သက်ပြီး စိတ်ဝင်စားသူတွေအတွက် Google+ အသုံးပြုပုံနှင့် ၎င်းတွင်ပါဝင်သော Feature များကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ Google+ ဟာ အချိန်ခဏတာအတွင်း လူစိတ်ဝင်စားမှုအများဆုံးနှင့် အသုံးပြုသူဦးရေ တဟုန် တိုးမြင့်တက်လာလို့ ဖြစ်ပါတယ်။


Google+ ကိုသုံးဖို့အတွက် ဘာလိုလဲဆိုတော့ Gmail Account တစ်ခုတော့ လိုပါတယ်။ သင့်တွင် Gtalk, Gmail Account တစ်ခုရှိမယ်ဆိုရင် Google+ ကိုအသုံးပြုနိုင်ပြီဖြစ်ပါတယ်။ Google+ ကိုစတင်အသုံးပြုရန်အတွက် အရင်ဦးဆုံး Browser တွင် https://plus.google.com ဆိုပြီး ရိုက်ထည့်လိုက်ပါ။ ဒါဆိုရင် Google+ ရဲ့ Home Page ကိုရောက်သွားပါပြီ။

ပုံ ၁.၂၀




ပြီးနောက် Sign in ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် သင့်ရဲ့ Email (Gmail) Address နဲ့ Password ကိုတောင်းပါလိမ့်မယ်။ အဲ့ဒီမှာ Gmail Address ကိုရိုက်ထည့်ပြီး Sign in ကို Click နှိပ်လိုက်ပါ။

ပုံ ၁.၂၁





ပြီးရင် သင့်ရဲ့ Personal Information များကို Upgrade လုပ်ခိုင်းပါလိမ့်မယ်။ Information များကိုဖြည့်စွက်ပြီး Upgrade ကိုနှိပ်လိုက်ပါ။ အဲ့ဒီမှာ တစ်ခုခုကို ချန်ထားမယ်ဆိုရင် Upgrage လုပ်လို့ရမှာ

မဟုတ်ပါဘူး။အောက်ကပုံကိုပြောနေတာပါ။ ပြီးရင် ပုံ ၁.၂၃ ပေါ်လာပါလိမ့်မယ်။

ပုံ ၁.၂၂





ပုံ ၁.၂၃



Upgrade လုပ်ပြီးသွားပြီဆိုရင်တော့ Google+ နှင့် Picasa Web Albums ကို Link လုပ်နိုင်းပါလိမ့်မယ်။ Picasa ဆိုတာ တခြား မဟုတ်ပါဘူး။ ဓာတ်ပုံများ၊ သီချင်းများ၊ Video File များကို အသုံးပြုနိုင်တဲ့ Application တစ်ခုသာ ဖြစ်ပါတယ်။ Picasa နှင့်ချိတ်ဆက်မသုံး ချင်ဘူးဆိုရင်တော့ Cancle ကိုသာ နှိပ်လိုက်ပါ။ အခုဆိုရင် သင့်ရဲ့ Information များကို စတင်ပြီး Upgrade လုပ်နေပါပြီ။

ပြီးနောက် သင့်ရဲ့ Gmail ထဲက Friend တွေကို Google+ မှာ ယခုလိုဖော်ပြပေးနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲ့ဒီမှာ သင့် Account ထဲကသူငယ်ချင်းတွေ အပြင် အဲ့ဒီ သူငယ်ချင်းရဲ့ သူငယ်ချင်း Accuont တွေကိုပါထည့်သွင်းဖော်ပြပေးနေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲဒီမှာ လူတစ်ဦးချင်းအလိုက် Add to Circles ဆိုတာကိုနှိပ်ပြီး သင့် Account ထဲ ထည့်သွင်းထားလို့ရပါတယ်။ Add All to Circles ကတော့ အဲ့ဒီသူငယ်ချင်းတွေအကုန်လုံးကို သင့် Account ထဲကို ထည့်သွင်းမယ်လို့ ဆိုတာပါ။

ပုံ ၁.၂၄





ဒီနေရာမှာ Circles ဆိုတာကို နည်းနည်းပြောပြချင်ပါတယ်။ Circles ဆိုတာဟာ သင်ရဲ့ Friend ကိုပဲပြောတာပါ။ သင်တင်လိုက်သမျှ Post တွေကို သင် Circles အနေနဲ့ Add လုပ်ထားတဲ့သူတွေဆီကို Public အနေဖြင့် Share လုပ်ပါလိမ့်မယ်။ သူငယ်ချင်းတွေထည့်သွင်း ပြီးသွားရင်တော့ Continue ကိုနှိပ်ပါ။

နောက်တစ်ဆင့်ကတော့ သင့်ရဲ့ စိတ်ပါဝင်စားမှု ဝါသနာကို ရွေးချယ်နိုင်းခြင်းဖြစ်ပါတယ်။ တကယ်လို့

Music ကိုနှိပ်လိုက်လျှင် Google+ အသုံးပြုသူ ဂီတပညာရှင်များကို ဖော်ပြပေးနေတာကို တွေ့မြင်ရပါလိမ့်မယ်။

အဲ့ဒီထဲကမှ သင်စိတ်ဝင်စားတဲ့သူကို Click လုပ်လိုက်လျှင် အဲဒီလူရဲ့ Activity တွေ၊ လာရောက်ကြည့်ရှုသူတွေရဲ့ Comment တွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ပုံ ၁.၂၅




အဲဒီမှာ ကိုယ်နှစ်သက်တဲ့ လူတွေရဲ့ သတင်းတွေ၊ အချက်အလက်တွေကို အလွယ်တကူ ရှာဖွေနိုင်ပါတယ်။ ပြီးနောက် Continue ကိုနှိပ်လိုက်ပါ။


အခုဆိုရင်တော့ Google+ ရဲ့ Home Page ကိုရောက်သွားပြီ ဖြစ်ပါတယ်။ အခုဆိုရင် Home Page မှာ အခြားသူများ Share ပြုလုပ်ထားတဲ့ Information များကိုတွေ့နေရပြီဖြစ်ပါတယ်။ အဲ့ဒီ စာသားတွေရဲ့ အောက်မှာ သင်ရေးချင်တဲ့ Comment တွေကို ယခင် Facebook ကဲ့သို့ ဝင်ရေးလို့ရပါတယ်။

ပုံ ၁.၂၆




Stream ကတော့ သင်ပြောချင်တဲ့ Message ကိုရေးသားရန်အတွက် ဖြစ်ပါတယ်။ အဲ့ဒီအကွက်လေးထဲမှာ သင်ရေးချင်တာကိုတာရေး ပြီးရင် Share ပေးလိုက်ရင်ရပါပြီ။ ပြီးတော့ အဲ့ဒီမှာ ဓာတ်ပုံများထည့်သွင်းခြင်း၊ Video များထည့်သွင်းခြင်း၊ အခြားသော Website Link များထည့်သွင်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါတယ်။ အောက်တွင်ဖော်ပြထားသော နမူနာပုံစံကိုကြည့်ပါ။

ပုံ ၁.၂၇




ကျန်တဲ့ပုံစံကတော့ ယခင်သုံးဖူးနေကျ Facebook နဲ့ ဆင်တူပါတယ်။ ဘယ်ဖက်အခြမ်းတွင် Friends, Family, Acquaintance ဆိုပြီး တွေ့နေရမှာဖြစ်ပါတယ်။ Facebook သုံးဖူးတဲ့သူဆိုရင်တော့ အလွယ်တကူသိနိုင်ပါတယ်။ ဒီစာအုပ်ရဲ့ Facebook မှာလည်း ဒီအကြောင်းအရာတွေကို ဖော်ပြထားတာကြောင့် အသေးစိတ်မရေးပြတော့ပါဘူး။

## ❖ User Profile ကို ပြန်လည်ပြင်ဆင်ခြင်း

Google+ဟာ ယခင်အသုံးပြုနေကျ Facebook လိုပဲ သင်ရဲ့ Profile တွေကို ပြန်လည်ပြင်ဆင်လို့ရပါတယ်။ ပြီးတော့ ထုံးစံအတိုင်း ဓာတ်ပုံထည့်တာတွေ၊ Wall မှာ Message ရေးတာတွေ ကိုလည်းပြုလုပ်လို့ရပါတယ်။ User Profile ကိုပြန်လည်ပြင်ဆင်နိုင်ရန်အတွက် Google+ Window ရဲ့ ညာဖက်အခြမ်းရှိ Account နာမည်ပေါ်တွင် Click နှိပ်လိုက်ပါ။ အဲဆိုရင် Account Menu လေးကျလာတာကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ အဲ့ဒီကမှ Profile ကိုရွေးချယ်ပေးလိုက်ပါ။

ပုံ ၁.၂၈




အဲဆိုရင် အောက်ဖော်ပြပါပုံအတိုင်း သင့်ရဲ့ Acount Profile ထဲကိုရောက်ရှိသွားမှာ ဖြစ်ပါတယ်။ အဲဒီ Profile မှာ သင်ထည့်သွင်းဖော်ပြချင်တဲ့ Information များကို ဖြည့်သွင်းရေးသားထားလို့ရပါတယ်။ ပြီးရင်တော့ Containue to my profile ကိုနှိပ်လိုက်ပါ။ အဲဆိုရင် သင့် Home Page မှာ သင်ထည့်သွင်းထားသော Profile အတိုင်း ဖော်ပြမှာ ဖြစ်ပါတယ်။ ပုံ ၁.၂၉ ကိုကြည့်ပါ။

## ❖ Chatting ပြုလုပ်ခြင်း

Google+ ထဲက သူငယ်ချင်းတွေနဲ့ Chat ပြုလုပ်ပုံကတော့ ပုံမှန် Gmail ထဲကနေပြီး Chat

ပုံ ၁.၂၉





လုပ်ပုံနှင့်ဆင်တူပါတယ်။ သင်စကားပြောချင်သော သူငယ်ချင်းများကို ဘယ်ဖက်အခြမ်းရှိ Chat Box မှခေါ်ယူပြီး စကားပြောဆိုနိုင်ပါတယ်။ ကျန်တာတွေကတော့ Gmail နှင့်ဆင်တူတာကြောင့် အသေးစိတ်မပြောတော့ပါဘူး။ အဲဒီမှာ ကောင်းတာတစ်ခုက သင့် Gtalk ထဲကလူတွေအကုန်လုံးကိုတွေ့ မြင်နေရမှာဖြစ်ပြီး Gtalk ကဲ့သို့ Online ဖြစ်နေလျှင် အစိမ်းရောင်လေးနှင့် ပြသနေမှာ ဖြစ်ပါတယ်။ နောက်ထပ်အားသာချက်တစ်ရပ်ကတော့ Gmail ကဲ့သို့ Invisiable လုပ်ထားခြင်း၊ Busy Sign ပြထားခြင်း၊ Avaliable ပြထားခြင်း စတာတွေကိုပြင်ဆင်အသုံးပြုနိုင်ပါတယ်။ ပုံ ၁.၃၀ ကိုကြည့်ပါ။

## ❖ Notifications

Notifications ဆိုတာကတော့ သင့်ရဲ့သူငယ်ချင်းတွေရဲ့ Activity တွေ၊ Inbox အတွင်းသို့ရောက်ရှိလာမည့် Message တွေ၊ စသဖြင့် သတိပေးချက်ပေါင်းစုံကို ဖော်ပြပေးရန်ဖြစ်ပါတယ်။ အဲ့ဒီလို Notifica

ပုံ ၁.၃၀




tion တွေရောက်လာပြီဆိုရင် ညာဖက်ထောင့်လေးမှာ ယခုပုံကဲ့သို့ဖော်ပြပေးနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲဒီ Notification တွေကို Details ကြည့်ချင်တယ်ဆိုရင်တော့ သက်ဆိုင်ရာ Link ကိုနှိပ်ပြီး ကြည့်ရှုနိုင်ပါတယ်။

ပုံ ၁.၃၁



အခုလောက်ဆိုရင်တော့ Google + ရဲ့ အသုံးပြုပုံတွေကို သိရှိသွားပြီ ဖြစ်ပါတယ်။ ကျန်တဲ့အစိတ်အပိုင်းတွေကိုတော့ အသေးစိတ်မရေးပြတော့ပါဘူး။ ဘာလို့လဲဆိုတော့ ဒီစာအုပ်မှာ ဖော်ပြပေးထားတဲ့ Facebook အသုံးပြုပုံနှင့် ဆင်တူနေလို့ ဖြစ်ပါတယ်။

Google + ကို မိတ်ဆက်အနေနဲ့ရေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်အကုန်မဖော်ပြတော့ပါ။ ဒီအခန်းအတွက်သင်ခန်းစာများကို ဒီမှာတင်ရပ်နားလိုက်ပါတယ်။

# YOUTH Computer Co., Ltd.

**Training & Multimedia Production**

## Practical A+ Course

## Hardware Maintenance and System Administration

### Practical A+ Syllabus

ကွန်ပျူတာ ပြင်တတ်ချင်တာလား။ ကွန်ပျူတာပြင်တတ်ဖို့က မခက်ပါဘူး။
ဒီသင်တန်းက သင်တို့ကို ICT Field မှာ ရပ်တည်နိုင်အောင်သင်ပေးချင်တာပါ။ နောက်ပြီး ဒီသင်တန်းက
ဒီကနေ သင်တန်းဆင်းသွားပြီးတဲ့သူတစ်ယောက်ဟာ နောက်ပိုင်း Self Study လုပ်နိုင်အောင် အခြေခံကောင်းဖို့
အဓိကထားပါတယ်။ ဒီခေတ်ကြီးမှာ Self Study မလုပ်ရင် ကျန်ခဲ့မှာပဲ၊ သင်တို့လည်း အမြဲတမ်း သင်တန်းလာမတတ်နိုင်ဘူး။
ဒါကြောင့် ဒီသင်တန်းဟာ သင်တို့ကို အခြေခံကောင်းအောင် တနည်းအားဖြင့် လမ်းလျှောက်တတ်အောင်သင်ပေးလိုက်မှာပါ။

### Based on Comptia A+ Theory
### Assemble, Troubleshoot, Install, Upgrade, Replace

ကွန်ပျူတာအတွင်းရှိအစိတ်အပိုင်းများ၏သီအိုရီများကိုအသေးစိတ်သင်ကြားခြင်း၊ ကွန်ပျူတာပျက်လျှင် ပြင်တတ်စေရန် Troubleshoot လုပ်တတ်စေရန်၊ Thinking လုပ်တတ်စေရန် လိုအပ်သော သီအိုရီများကို သင်ကြားခြင်း၊ ကွန်ပျူတာတစ်လုံးကို လက်တွေ့တပ်ဆင်ခြင်း။ System များကို Install လုပ်ခြင်း။ Windows System ပိုင်းကိုသင်ကြားခြင်း၊ ပရင်တာများအကြောင်း သင်ကြားခြင်း။ Anti Virus အကြောင်းများသင်ကြားခြင်း နှင့် နောက်ထပ် အများကြီး၊ အသေးစိတ် ကျန်ပါသေးတယ်။

1. PC Overview (Assemble, Upgrade, Replace, BIOS, POST Code)
2. PC Details (CPU, Chipsets, RAM, Cache, Motherboard, FSB)
3. Operating System Installation (Including CMOS Setting)
4. Driver Installation (Including Bus Theory)
5. File & Disk Management (Including File System & Hard Disk Troubleshoot)
6. General Installation (Printer, Fonts, Application)
7. System Administration (Including Windows System Tools, Registry)
8. General Lesson (Including Printer Group, Modem, Monitor, Variety Cards)
9. Anti Virus (Install Antivirus, Scanning Virus)

## Mastering PC System Course

### လုပ်ငန်းခွင်ဝင်နိုင်ရန် စာတွေ့လက်တွေ့မျှတစွာသင်ကြားပေးသည်။

လစ်ဟာနေသော ကွက်လပ်ကို ဖြည့်ဆည်းချင်ပါသောကြောင့် ဖွင့်လှစ်ပါသည်။ **System** ပိုင်းကို မပိုင်နိုင်ဘဲ အဆင့်မြင့်ကွန်ပျူတာပညာများ လေ့လာရာတွင် အခက်အခဲဖြစ်နေသော လူငယ်များအတွက် စနစ်တကျ သင်ပေးမည် ဖြစ်ပါသည်။ **System Registry** အကြောင်းများသာမက **Memory Management** ပိုင်း။ **Windows Secret** ပိုင်း။ **Command** များနှင့် **System Tools** များ အခြားသောသိသင့်သည်များ ထည့်သွင်း သင်ကြားမည်။


189-195, Room(6-A), ပန်းဆိုးတန်း Office Tower, ပန်းဆိုးတန်း (အလယ်) J' Donuts အနီး။ ဖုန်း-၂၄၇၈၉၃၊ ၀၉-၅၀၀၃၅၅၅၊ ၀၉-၅၀၆၃၂၄၄
www.onlineictreader.com, www.beautifulmodelworld.com

Part (I)

# Chapter(2)

## Internet Storage

FTP Server အကြောင်းသိကောင်းစရာ



Using Facebook
E-mail , Advanced Internet
(All in one)

ဒီသင်ခန်းစာမှာတော့ ကျွန်တော်တို့ Internet ပေါ်က FTP Server အကြောင်းများကိုပြောပြသွားမှာဖြစ်ပါတယ်။ ယနေ့ခေတ်မှာ အင်တာနက်ကို အသုံးပြုသူသင့်အနေနဲ့ ဒီအကြောင်းတွေကို သိသင့်ပြီဖြစ်ပါတယ်။

## ၂.၁ FTP Server အကြောင်း

FTP Server ဆိုတာကတော့ File Transfer Protocol ကို ပြောတာဖြစ်ပါတယ်။ ပုံမှန် ကျွန်တော်တို့ Microsoft Operating System တွေဖြစ်တဲ့ Windows XP, Windows Vista, Windows 7 တို့သုံးတဲ့အခါမှာ File တွေကို Network ချိတ်ဆက်ပြီး Share သုံးတာ အဆင်ပြေပေမယ့်၊ Platform မတူတဲ့ Operating System ဖြစ်တဲ့ Linux နဲ့ File တွေ Network ချိတ်ပြီး Share သုံးမယ်ဆိုရင် အဆင်မပြေပါဘူး။ တကယ် FTP Server ကို သုံးရတဲ့ အကြောင်းရင်းကတော့ Platform မတူညီတဲ့ Operating System တစ်ခုနဲ့တစ်ခုကြား Network ချိတ်ဆက်ပြီး File တွေ Transfer ပြုလုပ်တဲ့အခါမှာ သုံးတာ ဖြစ်ပါတယ်။ FTP Server ကို ကျွန်တော်တို့ Local Network မှာ အသုံးပြုနိုင်သလို၊ Internet ပေါ်မှာလည်း ကျွန်တော်တို့ အသုံးပြုကြပါတယ်။ FTP Service ကို သုံးမယ်ဆိုရင် Browser နဲ့ အသုံးပြုရမှာဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ Browsers တွေဟာ FTP Service ကို Support လုပ်လို့ဖြစ်ပါတယ်။ Browsers တွေလို့ပြောတဲ့အခါ Mozilla Firefox တို့ Internet Explorer တို့ကို ပြောတာဖြစ်ပါတယ်။

## ၂.၂ FTP Online Site များ အကြောင်း


ကျွန်တော် FTP Online Sites တွေအကြောင်း အနည်းငယ်ရှင်းပြချင်ပါတယ်။ ကျွန်တော်တို့ Online မှာ File တွေ Store လုပ်မယ်၊ ဒါမှမဟုတ် တစ်ယောက်နဲ့တစ်ယောက် File တွေ Share လုပ်မယ်ဆိုရင် ဒီ Site တွေကိုသုံးပြုလို့ရပါတယ်။ ဒီ Sites တွေကို အသုံးပြုမယ်ဆိုရင် Free အသုံးပြုလို့ရတဲ့ Site တွေရှိသလို၊ Credit Card နဲ့ ငွေသွင်းပြီးအသုံးပြုရတဲ့ Site တွေလည်း ရှိပါတယ်။ တစ်ချို့က အဲ့ဒီ Site တွေကို Account နဲ့ ဝယ်သုံးကြပါတယ်။ ရန်ကုန်မှာလည်း အင်တာနက်ဆိုင်တွေကနေဝယ်လို့ရပါတယ်။ နာမည်ကြီးတာကတော့ Filesonic တို့ Hotfile တို့ Rapidshare တို့ဖြစ်ကြပါတယ်။ ရန်ကုန်မှာ အဲ့ဒါကို သုံးတဲ့သူတော် တော်များများက အဲ့ဒီအပေါ်ကို ဖိုင်တွေ Upload လုပ်ကြတာထက် အဲ့ဒီမှာနဂိုကတည်းကို

တ သူများတင်ထားတဲ့ ဖိုင်တွေ၊ သီချင်းတွေ၊ ရုပ်ရှင်တွေကို Download လုပ်ကြတာများပါတယ်။

## ၂.၃ Minus.com အကြောင်း

အခု ကျွန်တော်က Free အသုံး ပြုလို့ရတဲ့ Site တွေအကြောင်း အနည်းငယ်ရှင်းပြချင်ပါတယ်။ ဒီသင်ခန်းစာမှာကတော့ Download လုပ်တာထက်စာရင် Upload လုပ်တာကိုဦးစားပေးပြောချင်ပါတယ်။ အခု ကျွန်တော် Online မှာ Data တွေကို Free Store လုပ်လို့ရတဲ့ Site ဖြစ်တဲ့ **minus.com** ဆိုတဲ့ Site နဲ့ မိတ်ဆက်ပေးပါမယ်။ ဒီ Site က ကျွန်တော်တို့ Online မှာ Data 10GB လောက် Free သိမ်းလို့ရပါတယ်။ ကျွန်တော်တို့အရင်ဆုံး Browser ကိုဖွင့်လိုက်ပါ။ ပြီးရင် Address Bar မှာ www.minus.com လို့ရိုက်လိုက်ပါ။ ဒါဆိုရင် **minus.com** ရဲ့ Site ကျလာ ပါလိမ့်မယ်။

ပုံ ၂.၁




ကျွန်တော်တို့ ပထမဦးဆုံးအနေနဲ့ Account တစ်ခုကို ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ဒါမှကျွန်တော်တို့


သူ့ Site ကိုအသုံးပြုပြီး Online မှာ Data တွေ သိမ်းလို့ရမှာဖြစ်ပါတယ်။ ပုံမှာမြင်တွေ့နေရတဲ့အတိုင်း Create a Free Account ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် Account တစ်ခုဖန်တီးဖို့ Create Account ဆိုတာကျလာပါလိမ့်မယ်။ ကျွန်တော်တို့ Account ဖန်တီးဖို့ Username, Password နဲ့ Email Address တွေ ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပြီးရင် Create Account ကို Click နှိပ်လိုက်ပါ။

ပုံ ၂.၂




ဒါဆိုရင် ကျွန်တော်တို့ **minus.com** မှာ Account တစ်ခု ဖန်တီးတာပြီးသွားပါပြီ။ ပြီးရင် Welcome To Minus! ဆိုတာ Box တက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ Account တစ်ခုတည်ဆောက်တာ ပြီးသွားပါပြီ။ ကျွန်တော်တို့ Youth ဆိုတဲ့ Account နဲ့ Log On ဝင်နေတာကို

ပုံ ၂.၃




တွေ့ရပါလိမ့်မယ်။

အခု ကျွန်တော်တို့ File တွေ Upload လုပ်မယ်ဆိုရင်လုပ်လို့ရပါပြီ။ File တွေ Store လုပ်ဖို့အတွက် Free Space က 10GB ရတယ်ဆိုပေမယ့် File တစ်ခုကို Upload လုပ်မယ်ဆိုရင် Limit အနေနဲ့ Upload လုပ်မယ့် File ရဲ့အရွယ်အစားက အများဆုံး 2GB ပဲ ရှိရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ File ကို Upload လုပ်မယ်ဆိုရင် Mouse နှင့် Drag ဆွဲထည့်လိုက်လို့ရပါတယ်။ ဒါမှမဟုတ် Upload ကို Click နှိပ် လိုက်ပါ။ ပုံ ၂.၁ ညာဖက်အပေါ်မှာပါပါတယ် တစ်ချက်ပြန်ကြည့်ပေးပါ။ ကနှိပ်လိုက်တဲ့အခါ File Upload ဆိုပြီး Box တစ်ခု ကျလာပါလိမ့်မယ်။

ပုံ ၂.၄




ကိုယ် Upload လုပ်ချင်တဲ့ File ကို Select မှတ်ပြီး Open ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် ကျွန်တော်တို့ Upload လုပ်တာပြီးသွားပါပြီ။

တကယ်လို့ ကျွန်တော်တို့ တည်ဆောက်ထားတဲ့ Account ရဲ့ Password ကို ပြန်ပြောင်းချင်တယ် ဆိုရင် ကျွန်တော်တို့ဖန်တီးထားတဲ့ Account ရဲ့ နာမည်ပေါ်မှာ Mouse ကို သွားထောက်လိုက်ပါ။ ဒါဆိုရင် Box တစ်ခုကျလာပါလိမ့်မယ်။ Setting ကို Click နှိပ်လိုက်ပါ။ Password ပြောင်းဖို့အတွက် Setting

ဆိုတဲ့ Box ကျလာပါလိမ့်မယ်။ ကျွန်တော်တို့ ပြောင်းချင်တဲ့ Password ကို ရိုက်ထည့်လိုက်ပါ။ ပြီးရင် Update ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် ကျွန်တော်တို့ Password ပြောင်းတာ ပြီးသွားပါပြီ။

ပုံ ၂.၅




တကယ်လို့ ကျွန်တော်တို့ကိုယ့်ရဲ့ပုံကို တင်ထားချင်တယ်ဆိုရင် Browse ကို Click နှိပ်လိုက်ပါ။ ပြီးရင် ကိုယ့်တင်ချင်တဲ့ ပုံကိုရွေးလိုက်ပြီး Update ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် ကျွန်တော်တို့ ကိုယ့် Account နဲ့ ဝင်မယ်ဆိုရင် User Name ရဲ့ဘေးမှာ ကိုယ်တင်ထားတဲ့ပုံကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကိုယ့်ရဲ့သူငယ်ချင်းကို ဒီ Site ကိုသုံးဖို့ Invite လုပ်ချင်တယ်ဆိုရင်လည်း Invite လုပ်လို့ရပါတယ်။ User Name ရဲ့ နေရာမှာ Mouse ကို သွားထောက်လိုက်ပြီး Invite Friends ကို Click နှိပ်လိုက်ပါ။ Invite Your Friends From Minus ဆိုပြီး ကျလာပါလိမ့်မယ်။ ကျွန်တော်တို့ Facebook သို့မဟုတ် Twistter ကနေ Invite လုပ်နိုင်သလို E-Mail ကနေလည်း Invite ပြုလုပ်နိုင်ပါတယ်။ E-Mail ကနေ Invite လုပ်မယ်ဆိုရင် Invite by Mail ဆိုတဲ့နေရာမှာ ကိုယ့်သူငယ်ချင်း ရဲ့ E-Mail Address ကို ရိုက်ထည့်ပြီး Send Invite ကို Click နှိပ်လိုက်ပါ။ Invite ကိုပို့လို့ပြီးသွားရင် Success! Your invitation (s) have been sent ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။


## ၂.၄ Size ကြီးသော File များကို Share ပြုလုပ်ခြင်း (သို့) Mail ပို့ခြင်း

ကျွန်တော်တို့ Size ကြီးတဲ့ File တွေကို Mail နဲ့ Attach လုပ်ပြီးပို့တဲ့အခါ အဆင်မပြေပါဘူး။ တကယ်လို့ ကျွန်တော်တို့ အရမ်းကြီးတဲ့ File တွေကို ပေးပို့ချင်တယ် (ဒါမှမဟုတ်) Share လုပ်ချင်တယ်ဆိုရင် Online FTP Site ကို အသုံးပြုပြီး ပေးပို့ရမှာဖြစ်ပါတယ်။ အခု ကျွန်တော် Size ကြီးတဲ့ File တွေကိုပို့တဲ့အခါ အသုံးပြုလို့ရမယ့် Site တစ်ခုနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

## ၂.၅ Yousendit.com ကို သုံးပြီး Size ကြီးသော File များကို Mail ပို့ခြင်း

ကျွန်တော်တို့ yousendit.com ကို အသုံးပြုပြီး File Share မယ်ဆိုရင် အရင်ဆုံး Browser ကို ဖွင့်လိုက်ပါ။ ပြီးရင် Address Bar မှာ www.yousendit.com လို့ ရိုက်ထည့်လိုက်ပါ။ ဒါဆိုရင် yousendit ရဲ့ Home Page ကျလာပါလိမ့်မယ်။

ပုံ ၂.၆




ကျွန်တော်တို့ ဒီ Site ကိုသုံးမယ်ဆိုရင် အရင်ဆုံး Register ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ Register ပြုလုပ်တဲ့နေရာမှာ Free Trial ကိုအသုံးပြုတာနဲ့ "Buy it Now" Credit Card နဲ့ ငွေသွင်းပြီးအသုံးတာ

ဆိုပြီးနှစ်မျိုးရှိပါတယ်။ လောလောဆယ်မှာတော့ Free Trial ကိုအသုံးပြုပြီး File များပေးပို့ပုံကိုရှင်းပြပေးသွားပါမယ်။ Free ဆိုတော့ငွေသွင်းစရာမလိုပဲ Size ကြီးတဲ့ File တွေကို အခမဲ့ Mail တွေဆီကိုပေးပို့လို့ရပါတယ်။။ ကျွန်တော်တို့ အရင်ဆုံး FREE TRIAL ကို Click နှိပ်လိုက်ပါ။ Regeister လုပ်ဖို့ Box တစ်ခုကျလာပါလိမ့်မယ်။ E-Mail နေရာမှာ ကိုယ့်ရဲ့ E-Mail Address ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။

ဥပမာ - youthcomputer@gmail.com ပေါ့ဗျာ။ Full Name နေရာမှာ ကျွန်တော်တို့လိုချင်တဲ့ နာမည်ကို ရိုက်ထည့်ပေးရမှာဖြစ်ပါတယ်။ New Password နဲ့ Comfirm Password နေရာမှာ ကိုယ်ကြိုက်တဲ့ Password တစ်ခုခုကို ရိုက်ထည့်လိုက်ပါ။ ပြီးရင် START FREE TRIAL ကို Click နှိပ်လိုက်ပါ။

ပုံ ၂.၇





ဒါဆိုရင် ကျွန်တော်တို့ Register ပြုလုပ်တာ ပြီးသွားပါပြီ။ ပြီးရင် ကျွန်တော်တို့ကို Congratulations! your accont has been created ဆိုပြီး လာပြပါလိမ့်မယ်။

ပုံ ၂.၈



ကျွန်တော်တို့ File ကို Mail ပို့မယ်ဆိုပါစို့။ Send Now ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် ကျွန်တော်တို့ Mail ပို့ဖို့အတွက် Box တစ်ခု ကျလာပါလိမ့်မယ်။ From ဆိုတဲ့နေရာမှာ ကိုယ့်ရဲ့ E-Mail လိပ်စာကို ရိုက်ထည့်ပေးရ မှာဖြစ်ပြီး To ဆိုတဲ့နေရာမှာ ကိုယ်ပို့မယ့် သူရဲ့လိပ်စာကို ရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။ Select File ဆိုတဲ့နေရာမှာ ကိုယ် Upload လုပ်မယ့် File ကို ရွေးလိုက်ပါ။ ပြီးရင် Send ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် ကျွန်တော်တို့ ပို့ချင်တဲ့ သူရဲ့ဆီကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

ပုံ ၂.၉




ဒါပေမယ့် ကျွန်တော်တို့က Free Trial Version ကို အသုံးပြုတဲ့အတွက် (၁၄) ရက်ပဲ အသုံးပြုလို့ရမှာ ဖြစ်ပါတယ်။

## ၂.၆ Mega Upload ကို အသုံးပြု၍ Size ကြီးသော File များကို Mail ပို့ခြင်း

ကျွန်တော်တို့ Mega Upload ကိုအသုံးပြီး Size ကြီးတဲ့ File တွေကို Share လုပ်လို့ရပါတယ်။ အရင်ဆုံး Browser ဖွင့်ပြီး Address Bar မှာ www.megaupload.com လို့ ရိုက်ထည့်လိုက်ပါ။ ဒါဆိုရင်


Mega Upload ရဲ့ Home Page ကျလာပါလိမ့်မယ်။

ပုံ ၂.၁၀




ကျွန်တော်တို့ Mega Upload ကို အသုံးပြုမယ်ဆိုရင် Account တစ်ခု ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ Account ဖန်တီးမယ်ဆိုရင် Register ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် Register ပြုလုပ်ဖို့အတွက် Box တစ်ခု ကျလာပါလိမ့်မယ်။

ပုံ ၂.၁၁



ကျွန်တော်တို့ Regiester လုပ်မယ်ဆိုရင် Choose User Name ဆိုတဲ့နေရာမှာ ကိုယ်ဖန်တီးမယ့် Account ရဲ့ နာမည်ကို ရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။ E-Mail Address နေရာမှာ ကိုယ့်ရဲ့ E-Mail Address ရိုက်ထည့်ပေးရမှာဖြစ်ပြီး။ Passsword ဆိုတဲ့နေရာ မှာ ကိုယ်ကြိုက်တဲ့ Password ကို ပေးရမှာ ဖြစ်ပါတယ်။ Enter This Code ဆိုတဲ့နေရာမှာ ကျွန်တော်တို့ တွေ့ရတဲ့ မပီမပြင် Code ကို ရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။ ပြီးရင် Register ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် your account has been created successfully! ဆိုတာကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ Account တစ်ခု တည်ဆောက်တာ ပြီးသွားပါပြီ။

ပုံ ၂.၁၂




ကျွန်တော်တို့ File တစ်ခုကို Upload လုပ်မယ်ဆိုရင် File Manager ကို Click နှိပ်လိုက်ပါ။ Select File ကို တွေ့ရပါလိမ့်မယ်။

ပုံ ၂.၁၃



ကျွန်တော်တို့ ကိုယ် Upload လုပ်မယ် (ဒါမှမဟုတ်) File ကို Share လုပ်မယ်ဆိုရင် Select Files ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် Box တစ်ခုကျလာပါလိမ့်မယ်။ ကျွန်တော်တို့ Upload လုပ်မယ်ဆိုရင် Click Here ဆိုတာလေးကို Click နှိပ်လိုက်ပါ။

ပုံ ၂.၁၄




ဒါဆိုရင် ကျွန်တော်တို့ကို License Term နဲ့ ပတ်သက်တဲ့ You have agree to our Term service ဆိုတဲ့ Box ကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါဆိုရင် OK ကို Click နှိပ်လိုက်ပါ။

ပုံ ၂.၁၅




OK ကို Click နှိပ်လိုက်ပါ။ ဒါဆိုရင် ကျွန်တော်တို့ Upload လုပ်မယ့် File ကိုရွေးဖို့ Select file (s) to upload by www.megaupload.com ဆိုတဲ့ Box တစ်ခု ကျလာပါလိမ့်မယ်။ ကျွန်တော်တို့ Up-load လုပ်မယ့် File ရဲ့ လမ်းကြောင်းကိုရွေးပြီး File ကို Select မှတ်လိုက်ပါ။ ပြီးရင် Open ကို Click နှိပ်လိုက်ပါ။

ပုံ ၂.၁၆





ဒီဆိုရင် ကျွန်တော်တို့ Updoad လုပ်မယ့် File ကို Select ပြုလုပ်လို့ပြီးသွားပါပြီ။ နောက်ထပ် Box ထပ်ကျလာတာကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ Upload လုပ်မယ့် File ရဲ့ Size ကို တွေ့ရမှာ ဖြစ်ပါတယ်။ Mega Upload မှာ File Upload လုပ်ဖို့ သူရဲ့ Service ကို သဘောတူတယ်လို့ပြောမှ Upload လုပ်လို့ ရမှာ ဖြစ်ပါတယ်။ By sending files to megaupload ရဲ့ အရှေ့မှာရှိတဲ့ Check Box မှာအမှန်ခြစ်လေး On ပေးလိုက်ပါ။ ပြီးရင် Start Upload ကို Click နှိပ်လိုက်ပါ။

ပုံ ၂.၁၇




ကျွန်တော်တို့ File ကို Upload လုပ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ပုံ ၂.၁၈




ဒါဆိုရင် ကျွန်တော်တို့ကို File ကို Upload လုပ်လို့ပြီးရင် File Upload Suceessful ဆိုပြီး File ကို Upload လုပ်တာ အောင်မြင်စွာပြီးဆုံးကြောင်းကိုလာပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ Online ပေါ်ရှိ Mega Upload မှာ File ကို Upload လုပ် လို့ပြီးဆုံးသွားပါပြီ။

ပုံ ၂.၁၉




ကဲ ဒီသင်ခန်းစာကို ဒီမှာပဲရပ်နားလိုက်မယ်နော်။ အဆင်ပြေမှာပါ။

Part (I)

# Chapter(3)

## Internet Tools

Internet Tools အသုံးပြုပုံ



**Using Facebook**
**E-mail , Advanced Internet**
**(All in one)**

ဒီသင်ခန်းစာမှာ ကလေးတွေအင်တာနက်အသုံးပြုမှုကို စိတ်ပူနေတဲ့မိဘတွေအတွက်လိုအပ်မယ်လို့ထင်တဲ့ Internet Tool အကြောင်းကိုရှင်းပြထားပါတယ်။ ကဲ ကြည့်လိုက်ကြရအောင်။

## ၃.၁ Anti Porn Software

Anti Porn Software ဆိုတာဟာ Internet အသုံးပြုမှုကို ထိမ်းချုပ်စီမံပေးနိုင်တဲ့ Software တစ်ခုဖြစ်ပါတယ်။ သူကဘာလုပ်ပေး နိုင်သလဲဆိုရင် –

- ❖ အင်တာနက်အသုံးပြုမှုကို စောင့်ကြည့်ထိမ်းချုပ်ထားနိုင်ခြင်း
- ❖ တားမြစ် Website များကို ပိတ်ထားနိုင်ခြင်း
- ❖ Game နှင့် အခြားသော Application များအသုံးပြုမှုနှုန်းကို သတ်မှတ်ထိမ်းချုပ်နိုင်ခြင်း
- ❖ Screen Capteure ဖမ်းယူသိမ်းဆည်းပေးထားနိုင်ခြင်း စတာတွေကို လုပ်ဆောင်ပေးနိုင်ပါတယ်။

အဲဒီတော့ ဒီ Software ကိုသုံးပြီး ဘာတွေလုပ်လို့ရသလဲဆိုရင် Internet အသုံးပြုရာမှာ အခြားသူများ (သို့မဟုတ်) မိမိရဲ့ မိသားစု သားသမီးများ မကြည့်စေချင်သော Website များကို ပိတ်ထားလို့ရပါတယ်။ ပြီးတော့ ကလေးတွေရဲ့ ဂိမ်းဆော့မှုကြာမြင့်ချိန်ကိုလည်း သတ်မှတ်ပေးထားလို့ရပါတယ်။ ဘာလို့လဲဆိုတော့ အခုခေတ်ဂိမ်းတွေက အရင်ကလိုမဟုတ်တော့ဘူး။ အရမ်းဆွဲဆောင်မှုရှိပြီး စိတ်ဝင်စားဖို့လည်းအရမ်းကောင်းပါတယ်။ ဒီတော့ ကလေးတွေက ကျောင်းစာကို မလုပ်တော့ပဲ ကွန်ပျူတာရှေ့မှာထိုင်ပြီး ဂိမ်းတွေပဲ ဆော့နေတော့တာပေါ့။ အဲဒါတွေကို ထိမ်းချုပ်ဖို့အတွက် ဒီ Anti Porn Software ကိုအသုံးပြုလို့ရတယ်။ အဲဒီအတွက်ကြောင့် ဒီသင်ခန်းစာကို ထည့်ပေးလိုက်တာပါ။


အခု Anti Pron Software ရဲ့ အသုံးဝင်ပုံကိုလည်း အကြမ်းဖျဉ်းသိသွားပြီဆိုတော့ ဒီ Software ကို အသုံးပြုဖို့ရာအတွက် စာအုပ်နှင့်အတူပါလာသော ခွေမှ Anti Pron ဆိုသည့် Folder အတွင်းဝင်ရောက်ပါ။ ပြီးနောက် Setup.exe ကို Click နှိပ်ပြီး Install လုပ်ပါ။ Anti Porn Software ကို Install လုပ်ရာမှာ သာမန်အသုံးပြုနေကျ အခြားသော Software များကဲ့သို့သာဖြစ်ပြီး အလွန်လွယ်ကူတာကြောင့် Setp by Step အနေနဲ့ အဆင့်ဆင့်ကို မဖော်ပြတော့ပါဘူး။ အရေးကြီးသော အဆင့်များကိုသာ ပြောပြပေးသွားမှာ ဖြစ်ပါတယ်။ ပုံ ၃.၁ ပေါ်လာရင် Next ကို Click နှိပ်ပါ။

ပုံ ၃.၂ ကတော့ Anti Porn Software Install လုပ်နေပုံဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကို ရောက်သွားတဲ့အခါ ပုံ ၃.၃ ပေါ်လာပါလိမ့်မယ်။

ပုံ ၃.၁




ပုံ ၃.၂




Software ကိုတင်ပြီးသွားပြီဆိုရင် Administrator Password တောင်းပါလိမ့်မယ်။ ပုံ ၃.၃ ကိုကြည့်ပါ။ Password ကိုမထည့်ပေးလို့မရပါဘူး။ တကယ်လို့ မထည့်ပေးပဲနဲ့ Next ကို Click လုပ်လိုက်မယ် ဆိုရင် အောက်ဖော်ပြပါ Message ကိုဖော်ပြမှာ ဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ Password ကို မဖြစ်မနေ ထည့်ပေးရမယ်လို့ ဆိုလိုတာပါ။ ပုံ ၃.၄ ကိုကြည့်ပါ။

ပုံ ၃.၃




ပုံ ၃.၄





နှစ်သက်ရာ Password တစ်ခုခုကို ထည့်ပေးလိုက်ပါ။ ဒါပေမယ့် အဲဒီ Password ကိုတော့မှတ်ထားရမယ်နော်။ ဘာလို့လဲဆိုတော့ နောင်တစ်ချိန် Software ကိုပြန်ဖွင့်တဲ့အခါမှာ အဲဒီ Password ကိုသိဖို့လိုတယ်။ အဲ့ဒါမှ Software ကပွင့်မှာ။


ကဲဒီတော့ ပုံ ၃.၅ မှာ Password ကို ပေးလိုက်ပါ။ ပြီးရင် Complete Setup Box ပေါ်လာလိမ့်မယ်။ အဲ့ဒီမှာ Finish ကို နှိပ်လိုက်ပါ။ အဲ့ဒီပုံများကို တစ်ဖက်စာမျက်နှာမှာပြပေးထားပါတယ်။

ပြီးရင် Register လုပ်ဖို့ပြောပါလိမ့်မယ်။ Register Later ကိုသာရွေးချယ်ပေးလိုက်ပါ။ ပြီးနောက် Software နဲ့အတူပါလာတဲ့ Folder ထဲက Crack ကိုနှိပ်လိုက်ပါ။ ပုံ ၃.၇ ကိုကြည့်ပါ။


ပုံ ၃.၅




ပုံ ၃.၆





ပုံ ၃.၇




ပုံ ၃.၈ ပေါ်လာပါလိမ့်မယ်။

ပုံ ၃.၈




Install ကို နှိပ်လိုက်ပါ။ အဲ့ဒီအခါကျ ပုံ ၃.၉ ပေါ်လာပါလိမ့်မယ်။

ပုံ ၃.၉




Yes to All ကိုရွေးပေးလိုက်ပါ။ ဒါဆိုရင်တော့ Register ပါလုပ်ပြီးသွားပြီ ဖြစ်ပါတယ်။

Anti Porn Software ကိုတင်ပြီးသွားပြီဆိုရင် သင့်ကွန်ပျူတာ Taskbar ရဲ့ ညာဖက်အောက်နားမှာ မျက်လုံးပုံစံ Icon လေးတစ်ခု ထပ်တိုး နေတာကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါဟာ Anti Pron Software

Run နေတယ်လို့ ဆိုလိုတာပါ။

ပုံ ၃.၁၀





အဲဒီ Icon လေးကို Double Click နှိပ်လိုက်ပါ။ အဲဒီဆိုရင် သင်ထည့်သွင်းထားတဲ့ Password ကို ပြန်တောင်းပါလိမ့်မယ်။

ပုံ ၃.၁၁




အဲဒီ Password ကိုပြန်ထည့်ပေးလိုက်မယ်ဆိုရင် Anti Porn Software ပွင့်လာတာကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။


ပုံ ၃.၁၂



## ၃.၂ Anti Porn ရဲ့ Setting တွေကို လေ့လာခြင်း

Software တင်ပြီးသွားပြီဆိုတော့ ၎င်းမှာပါတဲ့ Security Setting တွေကို အရင်ဦးဆုံး လေ့လာကြည့်ပါမယ်။ Anti Pron Software ရဲ့ Setting ကို Click နှိပ်လိုက်ပါ။

ပုံ ၃.၁၃





အပေါ်ဆုံးမှာမြင်တွေ့ရမှာကတော့ Filter Options ဖြစ်ပါတယ်။ ၎င်းအပိုင်းမှ အသုံးမပြုစေချင်သော Website များကို ပိတ်ထားလို့ရပါတယ်။ ဒုတိယအပိုင်းကတော့ Recommended ဖြစ်ပါတယ်။ ဒါကတော့ သုံးစေချင်တဲ့ Website တွေ တနည်းအားဖြင့်ဆိုသော် Administrator ကခွင့်ပြုထားတဲ့ Website တွေကိုသာ အသုံးပြုခွင့်ပေးထားတာ ဖြစ်ပါတယ်။ Chat Restriction ကတော့ ပိုကောင်းတယ်ဗျ။ သူက MSN, Yahoo Messenger, QQ, Skype အစရှိတဲ့ Talk Service တွေကိုပါ ပိတ်ထားလို့ရပါတယ်။ ဒါပေမယ့် အဲ့ဒီမှာ G - talk တော့မပါဘူးဗျ။ Game restriction ကတော့ ဂိမ်းဆော့တဲ့အချိန်ကို ကန့်သတ်ပေးထားခြင်း၊ ဂိမ်းများကို ပိတ်ထားခြင်း၊ စတာတွေကို အသုံးပြုလို့ရပါတယ်။ Log Settings ကတော့ Screen Capture ဖမ်းပေးထားတဲ့ အပိုင်းဖြစ်ပါတယ်။ ဘာတွေသုံးသွားသလဲဆိုတာကို သိနိုင်အောင် ဖြစ်ပါတယ်။ Time Control ကတော့ Internet အသုံးပြုမှုကို ကန့်သတ်ခြင်း၊ ကွန်ပျူတာအသုံးပြုမှုကို သတ်မှတ်ပေးထားခြင်း စတာတွေအတွက် အသုံးပြုနိုင်ပါတယ်။ Eye Protect ကတော့ Software Run တဲ့အချိန်ကိုပြောတာပါ။ နောက်ဆုံးတစ်ခုဖြစ်တဲ့ Other Options ကတော့ Anti Porn ရဲ့ Password တွေကိုပြောင်းလဲခြင်း၊ Uninstall

ပြုလုပ်ခြင်းတို့အတွက် အသုံးပြုတာ ဖြစ်ပါတယ်။

## ၃.၃ အသုံးမပြုစေလိုသော Website တွေကို ပိတ်ထားခြင်း


အခုဆက်လက်သင်ကြားပေးမှာကတော့ အသုံးမပြုစေလိုသော Website တွေကို ဘယ်လိုပိတ်ထားရမလဲဆိုတာ ဖြစ်ပါတယ်။ အရင်ဦးဆုံး Setting ထဲကိုဝင်ရောက်ပါ။ ပြီးနောက် BlackList Tab ကိုသွားပါ။ အဲဒီမှာ Add ဆိုတဲ့ Button လေးရှိတယ်။ အဲ့ဒါကို Click နှိပ်လိုက်ပါ။ အဲဒီလို နှိပ်ပြီးသွားပြီဆိုရင် ကျလာတဲ့ အကွက်မှာ မသုံးစေလိုသော Website လိပ်စာကို ရိုက်ထည့်ပါ။ ဥပမာဗျာ www.google.com ဆိုပါစို့။ ပြီးနောက် Ok ကိုနှိပ်ပါ။

ပုံ ၃.၁၄





ဒါဆိုရင် Web Browser တစ်ခုခုမှာ http://www.google.com ဆိုပြီးရိုက်ထည့်လိုက်တာနဲ့ အောက်ဖော်ပြပါ Error Box ကျလာတာ ကိုမြင်တွေ့ရမှာဖြစ်ပါတယ်။

ပုံ ၃.၁၅




ပုံ ၃.၁၆





## ၃.၄ **Search Engine ၌ ရှာဖွေသောအကြောင်းအရာများကို ထိန်းချုပ်ထားခြင်း**

Search Engine တွင်ဝင်ရောက်ရှာဖွေသော အကြောင်းအရာများကိုလည်း ကန့်သတ်ထိန်းချုပ်ထား

လို့ရပါတယ်။ အဲဒီလို လုပ်ဆောင်ချင်တယ်ဆိုရင်တော့ Filter Options > Keywords Tab ကိုသွားပါ။ ပြီးနောက် သင် Block လုပ်ချင်သော စကားလုံးကိုရိုက်ထည့်ပါ။ ဥပမာ Hello ကိုရိုက်ထည့်လိုက်တယ်ဆိုပါစို့။ ပြီးရင် Ok ကိုနှိပ်ပါ။

ဒါဆိုရင် Search Engine မှာ အဲဒီ Hello ဆိုတဲ့ စကားလုံးကိုရိုက်ထည့်လိုက်တာနဲ့ Error Message ကိုဖော်ပြ ပြီး Browser လည်းတစ်ခါတည်းပိတ်သွားမှာ ဖြစ်ပါတယ်။

ပုံ ၃.၁၇





## ၃.၅ ဂိမ်းများအားပိတ်ထားခြင်း

နောက်တစ်ခုကတော့ ဂိမ်းဆော့တဲ့လူတွေကို ထိန်းချုပ်ဖို့အတွက်ပါ။ ကလေးတွေနဲ့ Gamer တွေကတော့ စိတ်ညစ်မှာပဲနော်။ ဂိမ်းတွေကို ပိတ်ထားချင်တယ်ဆိုရင်တော့ Game restriction Tag ကိုဝင်ရောက်လိုက်ပါ။ ပြီးရင်အဲဒီမှာ Game List ဆိုတာရှိတယ်။ Add ကိုနှိပ်ပါ။ ပုံ ၃.၁၈ ကိုကြည့်ပါ။


ပြီးရင် Game Software တင်ထားတဲ့နေရာကို Open မှတဆင့် ရှာပေးလိုက်ပါ။ ဥပမာဗျာ **C:\Program Files\ဂိမ်း Software အမည်** ကိုရွေးချယ်ပေးလိုက်ပါ။ ဂိမ်းက Need For Speed ဆိုပါစို့ဗျာ။ ဒါဆိုရင် **C:\Program Files\ EA Game \ Need For Speed.exe** ကိုရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။ ဒါဥပမာ ပေးတာနော်။ ကိုယ့်ကွန်ပျူတာထဲမှာဆို ကိုယ့်လုပ်ချင်တဲ့ဂိမ်း ရှိတဲ့နေရာကိုသွားရမှာ

၃.၁၈




ဖြစ်ပါတယ်။ သေချာစမ်းသပ်ကြည့်လိုက်ပါ။ အဲဒီလို လုပ်ပြီးသွားပြီဆိုရင် အဲဒီ Game ကိုဖွင့်လိုက်တာနဲ့ အောက်ဖော်ပြပါ Message ကိုပေးမှာ ဖြစ်ပါတယ်။

ပုံ ၃.၁၉




အခ်ိဳ႕ပ႐ိုဂ်ယ္ကေတာ့ဗ်ာ ဒိုမိန္းကိုပိတ္ထားတဲ့အတြက္ေၾကာင့္ ေပးမဖြင့္ဘူးလို႔ဆိုလိုတာ ျဖစ္ပါတယ္။

## ၃.၆ User တစ္ဦး အသုံးျပဳသြားေသာအရာမ်ားကို ျပန္လည္ၾကည့္ရႈျခင္း

ဒါကေတာ့ သင့္အိမ္မွာ ကြန္ပ်ဴတာရွိတယ္။ အဲဒီကြန္ပ်ဴတာကို တစ္ေယာက္ေယာက္က လာသုံးတယ္ ေပါ့ဗ်ာ။ အဲဒီလူ ဘာေတြသုံး သြားသလဲဆိုတာကို Screen Capteure ဖမ္းယူၿပီး ျပန္လည္ၾကည့္ရႈလို႔ရပါတယ္။ အဲဒီလိုၾကည့္ခ်င္တယ္ဆိုရင္ေတာ့ Screen Log မွျပန္လည္ ၾကည့္ရႈလို႔ရပါတယ္။

ပုံ ၃.၂၀





အဲဒီ Screen Log ကိုႏွိပ္လိုက္ရင္ ေအာက္ေဖာ္ျပပါပုံအတိုင္း Screeng Log Window က်လာၿပီး အေရွ႕ကလူသုံးသြားတဲ့ အခ်က္ အလက္ေတြကို ဓာတ္ပုံရိုက္ (Screen Capture) ဖမ္းၿပီး ျပန္လည္ေဖာ္ျပေပး ေနတာကို ေတြ႕ျမင္ရမွာျဖစ္ပါတယ္။ ပုံ ၃.၂၁ ကိုၾကည့္ပါ။

အဲဒီထဲကမွ သင္ၾကည့္ခ်င္တဲ့ပုံရွိရင္ Select မွတ္ၿပီး Full Button ကိုႏွိပ္လိုက္တာနဲ႔ ပုံအႀကီးအေနျဖင့္ ေဖာ္ျပေပးမွာ ျဖစ္ပါတယ္။ ဒါဆိုရင္ေရွ႕ကလူ ဘယ္ Software ေတြသုံးသြားတယ္ ဘာေတြလုပ္သြားတယ္

ဆိုတာကို ပုံတွေကိုကြည့်ပြီး သိရှိနိုင်ပြီဖြစ်ပါတယ်။

ပုံ ၃.၂၁




## ၃.၇ အင်တာနက်အသုံးပြုသွားသော လိပ်စာ URL များကို ပြန်လည်ကြည့်ရှုခြင်း

အင်တာနက်သုံးတဲ့လူတွေက အခုဆိုရင်လည်သွားပြီဗျ။ ဘာလို့လဲဆိုရင် သူတို့တွေ သုံးပြီးသွားပြီဆိုရင် Browser မှာရှိတဲ့ History တွေကိုပြန်ဖျက်သွားကြတယ်။ အဲဒီတော့ ဘာတွေသုံးသွားသလဲဆိုတာကို အလွယ်တကူမသိရှိနိုင်တော့ဘူးပေါ့။

ပုံ ၃.၂၂



အဲဒါတွေကို သိချင်ရင်တော့ Anti Pron ရဲ့ URL Log ကို Click နှိပ်လိုက်တာနဲ့ ကိုယ့်အရှေ့လူဘာတွေသုံးသွားသလဲဆိုတာကို ပြန်လည်ကြည့်လို့ရပါတယ်။ အခုဆိုရင် ကိုယ့်အရှေ့လူ ဘယ်လို Website တွေထဲကိုဝင်ကြည့်သွားတယ်ဆိုတာကို ဖော်ပြပေးနေ သည့် History ကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒီလောက်ဆိုရင်တော့ Anti Porn Software ကိုထိမ်းချုပ်ကိုင်တွယ် အသုံးပြုတတ်သွားပြီ ဖြစ်ပါတယ်။ ကျန်တဲ့ Password ပြောင်းတဲ့အပိုင်းတွေ ကွန်ပျူတာပိတ်တဲ့အပိုင်းတွေကိုတော့ သင်ကိုယ်တိုင် ဆက်လက်စမ်းသပ်အသုံးပြုနိုင်ပါတယ်။ အလွန်လွယ်တဲ့အတွက် ချန်လှပ်ထားလိုက်ရခြင်းဖြစ်ပါတယ်။

## ၃.၈ WinHTTrack Website Copier

Website ကြီးတစ်ခုလုံးကို Download လုပ်ချင်တာ။ အဲ့ဒီလိုလူတွေအတွက် WinHTTrack Website Copier ဟာ အကြိုက်တွေ့စေမည့် Software တစ်ခု ဖြစ်ပါတယ်။ ဒီ Software က Website ကြီးတစ်ခုလုံးကို Download လုပ်ပေးတဲ့ Software ဖြစ်ပါတယ်။ ဒီတော့ Connection ကောင်းကောင်းရှိဖို့တော့လိုပါတယ်။ Website ကြီးတစ်ခုလုံးကို Download ဆွဲတယ်ဆိုတော့ တစ်နေ့တည်းနဲ့ ပြီးနိုင်ပါ့မလားဆိုရင်တော့ မပြီးနိုင်ပါဘူး။ အဲ့ဒီတော့ WinHTTrack Website Copier မှာ Resume ပါပါတယ်။ သူက ရောက်နေတဲ့ နေရာကနေပြီးတော့ ဆက်ပြီး Download ဆွဲပေးပါတယ်။ ဒါဆိုရင် Website တစ်ခုကို ဖြေးဖြေးခြင်းစီ အချိန်ပေးပြီး Download ဆွဲလိုက်ရင် ပြီးသွားနိုင်ပါတယ်။

WinHTTrack က အသုံးပြုရလွယ်ပါတယ်။ ပြီးတော့ ပေါ့ပါးတယ်။ Download ဆွဲရာမှာ မြန်ဆန်ပါတယ်။ WinHTTrack Website Copier Software ကိုသင့်ကွန်ပျူတာအတွင်း Install လုပ်ရတာလွယ်ပါတယ်။ ဒါကြောင့် Install လုပ်နည်းကို မဖော်ပြတော့ပါဘူး။


Install လုပ်ပြီးသွားပြီဆိုရင် WinHTTack Website Copier Software ကိုဖွင့်လိုက်ပါ။ ပုံ ၃.၂၃ ကိုတွေ့ရပါလိမ့်မယ်။

အခုကျွန်တော်တို့ Website တစ်ခုကို စတင်ပြီး Download ဆွဲပါတော့မယ်။ အဲ့ဒီအတွက် Next ကို Click နှိပ်လိုက်ပါ။ Project Name ဆိုတာကတော့ သင် Download ပြုလုပ်မည့် Project ရဲ့ နာမည်ကိုပြောတာပါ။ နှစ်သက်ရာတစ်ခုခုကို သတ်မှတ်ပေးနိုင်ပါတယ်။ Base Path: နေရာကတော့ Download ပြုလုပ်လိုက်သည့် File များကိုသိမ်းဆည်းမည့်နေရာကို ပြောတာပါ။ သင့်ကွန်ပျူတာအတွင်း C: , D: အစရှိသဖြင့် ရွေးပေးလိုက်ပါ။ ပြီးရင် Next ကိုနှိပ်ပါ။ ပုံ ၃.၂၄ ကိုကြည့်ပါ။

ပုံ ၃.၂၃




၃.၂၄





ပြီးနောက် Add URL ကို Click လုပ်လိုက်ပါ။

ပုံ ၃.၂၅



အဲ့ဒီနေရာမှာ သင် Download ပြုလုပ်လိုတဲ့ Website လိပ်စာကို ထည့်သွင်းလိုက်ပါ။ ပြီးရင်တော့ OK ကိုနှိပ်ပါ။ ပြီးရင် Next တွေကိုသာနှိပ်ပါ။ ဒါဆိုရင် နောက်ဆုံး Download စတင်ဆွဲနေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။


ပုံ ၃.၂၆




Download ဆွဲတဲ့အခါမှာ Website တစ်ခုကို တစ်ရက်တည်းပြီးအောင် ဆွဲဖို့မလွယ်ပါဘူး။ ဘာလို့လဲဆိုတော့ Website တစ်ခုရဲ့ အရွယ်အစား Size ဟာ အနည်းဆုံး 1 GB မှ အထက် ရှိတတ်ပါတယ်။ ဒါကတော့ သင် Download ဆွဲတဲ့ Website ပေါ်မူတည်ပါတယ်။ အဲဒီတော့ တစ်ခါတည်းမပြီးရင် ဘယ်လိုလုပ်ရမလဲ ဆိုတာပြောပြပါမယ်။ Download လုပ်တာကို ရပ်လိုက်ပါ။ ပြီးတော့ နောက်တစ်ကြိမ် Download ပြန်ဆွဲချင်တယ်ဆိုရင် WinHTTrack Website Copier ကိုပြန်ဖွင့်ပါ။ ဖွင့်ပြီးရင် File Menu ထဲက Open ကိုရွေးလိုက်ပါ။ ပုံ ၃.၂၇ ကိုကြည့်ပါ။

အဲ့ဒီလို ရွေးတဲ့အခါမှာယခင် Download လုပ်တဲ့အခါမှာ သတ်မှတ်ပေးထားတဲ့ နာမည်နဲ့ File တစ်ခုကိုရှာပေးရမှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ဗျာ ယခင် Download လုပ်တုန်းက ဘယ်မှာသိမ်းထားခဲ့လဲ အဲ့ဒီသိမ်းထားခဲ့တဲ့နေရာမှာ ပြန်ရှာရမှာဖြစ်ပါတယ်။ အခု Data Download ဆိုတဲ့ WinHTTrack File လေးကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲ့ဒါလေးကို ပြန်ပြီး Open လုပ်လိုက်ပါ။ ဒါဆို Download ဆက်ပြီး ပြန်ဆွဲလို့ရပါပြီ။

ပုံ ၃-၂၇





Download Resume လုပ်ရာမှာ သူက ယခင်သိမ်းထားခဲ့တဲ့ File နဲ့ Website ထဲမှာရှိတဲ့ File တွေကို တူလား မတူဘူးလားဆိုတာကို စစ်ဆေးပေးပါတယ်။ လိုအပ်တာတွေရှိရင် ပြန်ပြီး ထပ်ဖြည့်ပေးသွားပါတယ်။ အဲ့ဒီတော့ နည်းနည်းတော့ ကြာပါတယ်။ ဒါပေမယ့် ခဏလေးနဲ့ သင်ယခင်က Download ဆွဲထားတဲ့ ပမာဏကို ပြန်ရောက်သွားတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

သင် Download ဆွဲထားတဲ့ Website တစ်ခုကို ပြန်ကြည့်ချင်တယ်ဆိုရင် သင် Download ဆွဲသိမ်းဆည်းထားတဲ့ Folder ကိုဖွင့် လိုက်ပါ။ အဲ့ဒီ Folder ထဲမှာ index ဆိုတဲ့ အမည်နဲ့ File လေးတစ်ခုကို တွေ့မှာပါ ။ အဲဒါလေးကို Double Click နှိပ်ပြီး Open လုပ်လိုက်တာနဲ့ သင် Download ဆွဲထားတဲ့ Website ကိုမြင်တွေ့ရမှာ ဖြစ်ပါတယ်။

ကဲ ဒီသင်ခန်းစာကို ဒီမှာပဲရပ်လိုက်ပါတယ်။

# Part (II)



# Using Facebook

## Facebook အသုံးပြုပုံ

**Using Facebook**
**E-mail , Advanced Internet**
**(All in one)**

# YOUTH Computer Co., Ltd.

**Training & Multimedia Production**

## Network Engineering Course

**လုပ်ငန်းခွင်ဝင်နိုင်ရန် စာတွေ့လက်တွေ့ မျှတစွာသင်ကြားပေးသည်။**

ဒီသင်တန်းမှာ အဓိကအားဖြင့် **Domain Model (Enterprise Level)** ကိုသင်ကြားတယ် ဆိုပေမယ့် အခြေခံ **Workgroup Network** ကနေ စတင်သင်ကြားပေးတာကြောင့်အခုမှ **Network** ကို စလေ့လာမယ့်သူတွေလည်း တတ်ရောက်နိုင်ပါတယ်။ **Network Fundamentals** ကိုတက်ခဲ့ရာမလိုပါဘူး။ တကယ်တော့လည်း ဒီ **Course** ဟာ **Network Fundamentals** ကနေအဆင့်မြင့်အထိ သင်ကြားပေးမှာဖြစ်ပါတယ်။

**Based on Microsoft Windows Server 2003/2008 Environment**

**Installation, Configuration, Administering, File & Disk Management**

**Security Permission & Policy, Monitoring, DHCP, DNS, DFS, FRS, ICS,**

**NAT, RAID, Mail, Gateway, FTP, VPN, RAS, Squid Proxy,**

**Structure Cable Installation, OSI Layer, TCP/IP, IP Addressing & Calculating,**

**IP Subnetting** အပိုအဖြစ်သင်ကြားပေးဦးမယ့် သင်ခန်းစာတွေကတော့ **Workgroup Network Installation, Comptia Network + (ယခင် MCSE မှ Network Essential)** နှင့် **Wireless LAN** တည်ဆောက်ခြင်း။

## Complete ICT Engineer Course

### (HR Ready to ICT Industries)

**အခြေခံနိုင်ပြီး ကျွမ်းကျင်မှုရော၊ လုပ်ငန်းခွင်တွင် ရပ်တည်နိုင်မှုကိုပါ ပေါင်းစည်းသင်ကြားပေးသော သင်တန်းဖြစ်သည်။**

**Level 1:**

**Practical A+ >>> Mastering System >>> Network Engineer**

ကွန်ပျူတာလောကသို့ ခြေစုံပစ်ဝင်ရောက်မည့် လူငယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ပါသည်။ ပြိုင်ဆိုင်မှု၊ စိန်ခေါ်မှုများ ပြင်းထန်သည့် ယနေ့ခေတ်တွင် လူငယ်များ **IT Hardware Technician** တစ်ဦးအနေဖြင့် အသက်မွေးဝမ်းခြင်းသည် ဘဝအတွက် အာမခံချက်မပြည့်စုံ၊ မဖူလုံနိုင်တော့သဖြင့် ကွန်ပျူတာ **Hardware** ပိုင်းမှအစပြု၍ **System** ပိုင်းနှင့် **Network Engineer** ဖြစ်သည်အထိ လူငယ်၏လက်ရှိဘဝမှ အချိန်အနည်းငယ် ခွဲထုတ်ပြီး လက်တွဲ ခေါ်ယူစနစ်ဖြင့် တာဝန်ယူ သင်ကြားပေးမည်ဖြစ်ပါသည်။

189-195, Room(6-A), ပန်းဆိုးတန်း Office Tower, ပန်းဆိုးတန်း (အလယ်) J' Donuts အနီး ဖုန်း-၂၅၄၈၉၃၃ ၀၉-၅၀၀၃၅၉၆၊ ၀၉-၅၀၆၃၂၅၄
www.onlineictreader.com, www.beautifulmodelworld.com


Product of YOUTH Computer Co., Ltd

## နိဒါန်း – ဖေ့စ်ဘွတ် မသုံးတတ်သော ငပိန်း တစ်ဦးအကြောင်း

ဘော်ဒါတို့ရေ – တစ်ခါတုန်းကပေါ့ကွယ် . . .

ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို မြင်မြင်ချင်းချစ်မိသတဲ့ . . .

သိပ်မကြာခင်မှာပဲ အကြောင်းတစ်ခုကြောင့် ကောင်လေးခမျာ သူမြင်မြင်ချင်းချစ်မိသွားတဲ့ ကောင်မလေးနဲ့ ကွဲသွားလို့ အသည်းကွဲ အလွမ်းနာကျလို့နေရှာတယ်။

တစ်နေ့ကျတော့ ကောင်လေး ရဲ့ သူငယ်ချင်းက ကောင်မလေးကို မနေ့ကလမ်းမှာ သူနဲ့တွေ့ကြောင်း၊ သူ့ကို ကောင်မလေးက ဖေ့စ်ဘုတ် အကောင့် ပေးသွားကြောင်း။ မင်းလွမ်းနေတာ မကြည့်ရက်လို့ ဒီ ဖေ့စ်ဘုတ် အကောင့်နဲ့ မင်းဝင်သုံးပြီး ကောင်မလေးနဲ့ အဆက်အသွယ်ပြန်လုပ်ပါဆိုပြီး ကူညီရှာသတဲ့။ ကောင်လေးက ဖေ့စ်ဘုတ် အကောင့် ရှိဖို့နေနေသာသာ ဂျီတော့ပ် တောင်ပြောဖူးရှာတာ မဟုတ်ဘူး။ ကောင်လေးက စာဂျပိုးလေးမို့ အင်တာနက်သုံးရင် အီးဘုတ်တွေ ပဲ ဖတ်နေတာလေ။ အဲ့နဲ့ပဲ သူလည်း လူဆိုးတွေနဲ့ မောင်တိုင်ပင်ဆိုသလို သူ့သူငယ်ချင်းပေးတဲ့ ဖေ့စ်ဘုတ် အကောင့်နဲ့သုံး ပါလေရော။ သူ့ ကိုယ်ပိုင် အကောင့်လုပ်ပြီးဝင်လည်း ကောင်မလေးကို သူ အင်ဗိုက် လုပ်လို့ရမှာမဟုတ်ဘူးလေ။ ကောင်မလေးက သူ့ကို စိတ်နာနေတာကလား။

ဒီလိုနဲ့ ဖေ့စ်ဘုတ်ထဲလည်းရောက်ရော ကောင်မလေးရဲ့ ဝေါလ်မှာ တင်ထားတဲ့ အခြား ကောင်လေးတွေနဲ့ အီစီကလီ စာသားတွေကိုတွေ့တော့ ကောင်မလေးက သူ့ညာ ပါတယ် ဆိုပြီး ငိုပြီး ဟက်ထိပါလေရော။ တစ်ခါ ဓါတ်ပုံတွေ ဝင်ကြည့်ပြန်တော့လည်းကောင်မလေးအလှရိုက်ထားတဲ့ပုံတွေတွေ့ပြန်တော့ ထပ်ပြီးအလွမ်းနာကျပြန်ရော။ ဒီလိုနဲ့ကောင်လေး နည်းနည်းပေါက်လာတယ်။ ဒီတော့ သူတစ်ခုခု ကောင်မလေးကို ပြောချင်ပြီ။ ဘယ်ရမတုန်း ကောင်မလေးရဲ့ ဖေ့စ်ဘုတ် ဝေါလ်မှာ သူများတွေ ကွန်မန့်ရေးထားသလို သူလည်းဝင်ရေးပါလေရော။ သူကလည်း ကောင်မလေးကို သူခေါ်နေကျ အသုံးအနှုန်းတွေနဲ့ရေးလိုက်တာကိုး။ ဒီတော့ ကောင်မလေးက သူ့ကိုပြန်ဆက်သွယ်ပါတယ်။ ဒါပေမယ့် ဒီတစ်ခါကျတော့ အပြီးကိုပြတ်တော့တာ။ ပြစ်ချက်ကကြီးမားပါတယ်ကွယ်။ ၂ ယောက်တည်းသုံးတဲ့အသုံးအနှုန်းတွေနဲ့ သူ့ ဝေါလ်မှာ ကွန်မန့်ပေးရကောင်းလား ဆိုပြီးလေ။

ကောင်လေးက ပြန်ပြောရှာပါတယ်။ သူပေးထားတဲ့ ကွန်မန့်ကို အီးမေးလ်လို ကောင်မလေး တစ်ယောက် ပဲ တွေ့မယ်ထင်လို့ပါတဲ့။ နောက်ပြီး ကောင်မလေးက အခြားကောင်လေးတွေနဲ့ အီစီကလီ ရေးထားတာတွေကို မခံစားနိုင်လို့ ရေးမိတာပါလို့ ပြောရှာသတဲ့ကွယ်။

ဒီတော့ ကောင်မလေးက ဒေါနဲ့မောနဲ့ ပြန်ပြောလိုက်တာကတော့ – ဒီလိုစာသားတွေက ဖေ့စ်ဘုတ်မှာ ဒီလိုပဲရေး နေကြတာတဲ့လေ၊ ဒါထူးမှ မထူးဆန်းတာတဲ့၊ နောက်ပြီးတော့ ဖေ့စ်ဘုတ်က ကွန်မန့်တောင် မသိဘူးလားတဲ့၊ နောက်ပြီး ပြောသေးတယ် ကွန်ပျူတာသုံးတတ်ပြီး ဖေ့စ်ဘုတ်မသုံးတတ်တဲ့ ငပိန်းနဲ့ နောက်ထပ်တွေ့စရာအကြောင်းမရှိတော့ဘူးတဲ့။ ကဲ မှတ်ကရော။ ခံစားဖူးခဲ့ရင် Like လုပ်လိုက်တော့နော်။

ဒီစာအုပ်ရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ ဒီသင်ခန်းစာမှာ Facebook အကြောင်းကြီးပဲပြောပြသွားတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်အရင်ထုတ်ခဲ့တဲ့ Email, Internet စာအုပ်မှာတုန်းက Facebook အကြောင်းကိုထည့် မပြောထားရသေးဘူးလေ။ ဒီကြားထဲမှာ အခြားစာအုပ်တွေရေးနေတာနဲ့ ဒီဘက်ကိုမလှည့်နိုင်ဘူးဖြစ်နေတာ။ အခုတော့ Facebook အပါအဝင် အင်တာနက်နဲ့ ပတ်သက်တာတော်တော်များများကို ဒီစာအုပ်ထဲမှာတစ်စု တစ်စည်းတည်းဖော်ပြလိုက်တဲ့သဘောပါပဲ။

## ၁.၁ Facebook ဆိုတာ


Facebook ဆိုတာ Social Networking Service ကိုပေးနေတဲ့ Website တစ်ခုဖြစ်ပါတယ်။ ၎င်းကို February 2004 တွင် စတင် Launched လုပ်ခဲ့တာဖြစ်ပြီး Facebook Inc က ပိုင်ဆိုင်လုပ်ကိုင်နေတာ ဖြစ်ပါတယ်။ Facebook ရဲ့ CEO ကတော့ Mark Zuckerberg ဖြစ်ပြီး သူဟာ Facebook ရဲ့ Founder ထဲကတစ်ဦးလည်း ဖြစ်ပါတယ်။ ယခုဆိုလျှင် Facebook ကို ဘာသာစကားအမျိုးမျိုးနှင့်အသုံးပြုနိုင်ပြီး တစ်ကမ္ဘာ လုံးမှာ Facebook ကိုလက်ရှိအသုံးပြုနေသူ သန်း ၈၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ Facebook ကိုအသုံးပြုမယ် ဆိုရင် ဦးဆုံး Register လုပ်ရပါတယ်။ ပြီးရင် ကိုယ်ပိုင် Profile တစ်ခုကို တည်ဆောက်ရပါတယ်။ ပြီးတဲ့ နောက်မှတော့ Facebook ထဲမှာရှိနေတဲ့ သူတွေထဲက ကိုယ့်သူငယ်ချင်းတွေ၊ ကိုယ်နဲ့သူငယ်ချင်းဖြစ်မယ့် သူတွေကို Invite လုပ်ကာ Friend ဖွဲ့ရတာဖြစ်ပါတယ်။ အဲ့သလို Friend ဖွဲ့ပြီးပြီဆိုရင်တော့ Friend အချင်းချင်းကြားထဲမှာ Information တွေ၊ Message တွေ၊ Photos တွေ၊ Notifications တွေစသဖြင့် Share လုပ်နိုင်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ အချိန်များစွာမတွေ့ဖြစ်တဲ့သူတွေအချင်းချင်းတောင် Facebook မှာ ဝင်ရှာပြီး အဲ့ဒီ ကိုယ်ရှာတဲ့လူကလည်း Facebook User ဖြစ်ခဲ့ရင် သူ့ကို Facebook မှာပြန်တွေ့နိုင်ပါတယ်။ လူပျောက်ရှာသလိုပါပဲ။ နောက်တစ်ခုက အချင်းချင်း Message ပေးလို့ရတာကြောင့် Information ဟာ အလွယ်တကူပျံ့နှံ့လွယ်ပြီး သတင်းစုံကို အချိန်တိုအတွင်းကြားသိနိုင်ပါတယ်။ ဒီထက်ပိုလာတာကတော့ ယနေ့ ခေတ်မှာ Facebook ကို သုံးစွဲသူများလာတာရယ်၊ အသုံးချမှုနှုန်းက ပိုပြီးထိရောက်လာတာရယ်ကြောင့် တစ်ယောက်နဲ့တစ်ယောက် Information ပို့နေတာထက် တကယ့်ဆက်သွယ်ရေးကွန်ယက်ကြီး တစ်ခုအဖြစ် Facebook ကို အသုံးပြုလာကြတာပဲ။ ရည်ရွယ်ချက်ကတော့ အမျိုးမျိုးရှိတာပေါ့လေ။ လူတန်းစားပေါင်းစုံ ပါဝင်နေတာကြောင့် သူတို့ရဲ့ အသိဉာဏ်အလိုက်၊ အသိုင်းအဝိုင်းအလိုက် အသုံးချမှု ရည်ရွယ်ချက်တွေကတော့ ကွာခြားသွားတာပေါ့။

## ၁.၂ Facebook Account တည်ဆောက်ခြင်း

Facebook ကို အသုံးပြုဖို့ရာ ဦးဆုံးသင့်အနေနဲ့ Register လုပ်ရမှာဖြစ်ပါတယ်။ တနည်းအားဖြင့် Facebook Account တစ်ခုတည်ဆောက်ရဦးမှာဖြစ်ပါတယ်။ ဤကဲ့သို့ပြုလုပ်ရန် သင့်မှာ ကိုယ်ပိုင် Email လိပ်စာတစ်ခုရှိပြီးသားဖြစ်ရပါမယ်။ အကယ်၍ မရှိသေးဘူးဆိုလျှင် ဦးစွာ Email တစ်ခုအရင်တည်ဆောက်ထားပါ။ Gmail, YahooMail, Hotmail စသဖြင့်တစ်ခုခုပေါ့။ ကဲ ကောင်းပြီ ကျွန်တော်ကတော့ သင့်မှာ အဲ့ဒီလို Mail တစ်ခု ရှိပြီးသားလို့ယူဆထားလိုက်တော့မယ်။ ဒီတော့ စတင်ပြီး Register လုပ်လိုက်ကြရအောင်။

၁။ Internet Browser ရဲ့ Address Bar ကနေ www.facebook.com လို့ရိုက်လိုက်ပါ။ အမှန်တော့ facebook လို့ ရိုက်ပြီး ကီးဘုတ်ကနေ Ctrl + Enter ကီးနှိပ်လိုက်လည်းရပါတယ်။ ဒါဆိုအောက်ကပုံပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ ကျွန်တော်တို့စတင်ပြီး Register လုပ်ရမှာဖြစ်ပါတယ်။ Register လုပ်ပြီးသွားလို့ Facebook ကို သုံးမယ်ဆိုတဲ့အခါမှာလည်း ဒီကနေပဲ Login လုပ်ပြီးစတင်ရမှာဖြစ်ပါတယ်။

ပုံ ၁



ကောင်းပါပြီ။ ဒီတော့ Register လုပ်ဖို့ရာ အချက်အလက်များကို ဖြည့်စွက်မှာဖြစ်ပါတယ်။ ဒီတော့ ပုံမှာလည်းမြင်တွေ့နေရပါတယ်။ Sign Up ဆိုတဲ့ အောက်မှာ First Name, Last Name ဆိုတဲ့အကွက်ကလေးတွေရှိပါတယ်။ အဲ့ဒီမှာ အောက်ပါအတိုင်းဖြည့်စွက်ကြည့်ရအောင်။


❖ First Name, Last Name - ကျွန်တော်ဆိုရင် First Name နေရာမှာ Zaw လို့ဖြည့်လိုက်မယ်။ Last Name မှာတော့ LinYouth လို့ဖြည့်လိုက်မှာဖြစ်ပါတယ်။ သင်ကတော့ သင့်နာမည်ကို ဖြည့်လိုက်ပါ။ တစ်ချို့ကျတော့ ဒီနေရာမှာ နာမည်ရင်းကိုမသုံးပါဘူး။ သူတစ်ပါးကို ကျီစယ်ချင်တာဖြစ်ဖြစ်၊ ကိုယ် Facebook ကိုသုံးတာသူများမသိစေချင်လို့ပဲဖြစ်ဖြစ်၊ သူများဆီက သတင်းကိုယူပြီးကိုယ့်အကြောင်းကို ပြန်မပေးချင်တာဖြစ်ဖြစ် နာမည်ရင်းမသုံးပဲ Facebook ကိုအသုံးပြုနေကျသူများလည်းရှိပါတယ်။ အခြားအကြောင်းများကြောင့်လည်းဖြစ်နိုင်ပါတယ်။ ကျွန်တော်ကတော့ ကိုယ့်မိတ်ရင်းများနဲ့ တွေ့ချင်တာကြောင့် နာမည်ရင်းကိုပဲသုံးလိုက်ပါတယ်။ နောက်ပြီးသူများနဲ့ နာမည်ကွဲသွားအောင် ကိုယ့်လုပ်ငန်းနာမည်ပါပေးလိုက်တာဖြစ်ပါတယ်။ ဒါမှလည်း Facebook မှာ ကိုယ်က သူများကို မိတ်ဆက်ရင်လည်း လွယ်မှာဖြစ်သလို ကိုယ့်ကို ရှာတွေ့ဖို့လည်း လွယ်သွားမှာဖြစ်ပါတယ်။ ကိုလေးရဲ့ စာမျက်နှာ ၁၅ ထဲကလို နော် ဘယ်ပြောလို့ရမလဲ ဟိုတုန်းက Old Flame လေးကကိုယ့်ကိုယ်ပြန်ရှာနေရင်အလွယ်တကူမတွေ့မှာစိုးလို့ပေါ့နော်။ သို့သော် ဒီနေရာမှာတစ်ခုပြောချင်တာက အဲ့ဒီ နာမည်ကို နောက်မှပြန်ပြောင်းလဲရပါတယ်။ အခုအတိုင်းပဲအမြဲထားလည်းရတယ် ပြန်ပြောင်းချင်လည်းရတယ်။

❖ Your Email, Re-enter Email ကတော့ - သင့်ရဲ့ Email ကို ရိုက်ထည့်ဖို့အတွက်ဖြစ်ပါတယ်။ ကျွန်တော်ခုနကတည်းကပြောခဲ့တယ်။ Facebook Account တည်ဆောက်ဖို့ Email တစ်ခု လိုအပ်တယ်ဆိုတာ ဒီအတွက်ဖြစ်ပါတယ်။ ဒီနေရာမှာတတ်နိုင်သ၍တော့ မိမိရဲ့ နာမည်နှင့် Email Address ဆင်တူဖို့တော့လိုပါတယ်။ ကျွန်တော်ဆို zawlinyouth@gmail.com လို့ရိုက်ထည့်မှာဖြစ်ပါတယ်။ ဒီတော့ နာမည်နှင့် Email က ဆင်တူပါတယ်။ တစ်ပိုင်းတစ်စတူလည်းရပါတယ်။ လုံးဝကွဲလွဲနေရင်တော့ Facebook Account ကိုမတည်ဆောက်ပေးတာမျိုးလည်းရှိတတ်ပါတယ်။ Re-enter Email ကတော့ မိမိရဲ့ Email ကိုသေချာအောင် နောက်တစ်ခါပြန်ရိုက်ထည့်ခိုင်းတာပဲဖြစ်ပါတယ်။

❖ Password - ပြီးရင်တော့ Password ကိုရိုက်ထည့်ပေးရမှာဖြစ်ပါတယ်။ အဲ့ဒီ Password ကနောင် ကိုယ် Facebook ကိုဝင်သုံးမယ့် Password ဖြစ်ပါတယ်။ ဒီတော့ ကိုယ်ထားလိုသော Password စကားလုံးများကို ရိုက်ထည့်လိုက်ပါ။ ၎င်း Password ဟာအနည်းဆုံးတော့ ခြောက်လုံးဖြစ်ဖို့ လိုအပ်ပါတယ်။ တိုနေရင် လက်ခံမှာမဟုတ်ပါဘူး။

နောက်ပြီးရင်တော့ အောက်မှာ Male or Female တစ်ခုရွေးပေးလိုက်ပါ။ (များကကျတော့ ဘာရွေးရမလဲဟင် ဟာ အရေးထဲ) ။ နောက်ဆုံးတစ်ခုကတော့ ကိုယ့်မွေးနေ့ကိုပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ကိုယ့်မိတ်ဆွေတွေဆီက Birthday Wish လေးတွေလိုချင်လို့ မွေးရက်တွေကို အတိအကျပဲပေးလိုက်ပါတယ်။ ပြီးရင် Sign Up ကို နှိပ်လိုက်ပါ။ ဒါဆို အောက်ကပုံပေါ်လာပါလိမ့်မယ်။

ပုံ ၂




အဲ့ဒီမှာ မသဲမကွဲရေးထားတဲ့ စာလုံးအချို့ကိုတွေ့ရပါမယ်။ သူဖော်ပြထားတဲ့အတိုင်း ကိုယ်က Text in the box ဆိုတဲ့အကွက်ထဲမှာ ပြန်ရိုက်ထည့်ပေးရမှာဖြစ်ပါတယ်။ အဲ့ဒါကို CAPTCHA လို့ခေါ်ပါတယ်။ အရှည်ကောက်က Completely Automated Public Turing test to tell Computers and Humans Apart ဖြစ်ပါတယ်။ ဆိုလိုရင်းကတော့ အခု ကွန်ပျူတာမှာထိုင်ပြီး Operate လုပ်တဲ့သူဟာ လူဖြစ်တယ်ဆိုတဲ့အကြောင်းသက်သေခံတဲ့သဘောပါ။ Virus တွေ၊ Attack လုပ်တာတွေမဟုတ်ဘဲ လူကိုယ်တိုင်ဖြစ်တယ်ဆိုတဲ့အကြောင်းသက်သေခံတာပါ။ အဲ့ဒီတော့ လူဖြစ်ကြောင်းပြလိုက်ရအောင်။ သူဖော်ပြထားတဲ့ မသဲမကွဲစာသားကို သေချာဖတ်ပြီးသကာလ အကြီးအသေးဂရုစိုက်စရာမလိုဘဲ space တွေကအစ သူ့အတိုင်းမှန်အောင် ရိုက်ထည့်ပေးလိုက်ပါ။ ပြီးရင် Sign Up ကို နှိပ်လိုက်ပါ။ အဲ့ဒီမှာ တစ်ဖက်ကပြထားတဲ့ပုံပေါ်လာလိမ့်မယ်။

ပုံ ၃




ဒီအပေါ်ကပုံကတော့ ကျွန်တော်တို့ အခုအသုံးပြုမယ့် Facebook မှာ သင့်ရဲ့ သူငယ်ချင်း Facebook User တွေရှိနေလိမ့်မယ်။ သူတို့ကို ရှာမလားလို့မေးနေတာပါ။ ရှာမယ်ဆိုရင် Find Friends ကိုနှိပ်ရပါမယ်။ သို့သော် အဲ့ဒါက နောက်မှအေးအေးဆေးဆေးလုပ်မှာမို့ အခုတော့ ဒီအဆင့်ကိုကျော်ချင်ပါတယ်။ ဒါကြောင့် ပုံရဲ့ညာဖက်အောက်ထောင့်မှာရှိတဲ့ Skip this step ကိုနှိပ်ပေးပါ။

ဒါဆို နောက်တစ်ပုံပေါ်လာပါလိမ့်မယ်။ တစ်ဖက်စာမျက်နှာမှာဖော်ပြထားပါတယ်။ အဲ့ဒီမှာကျွန်တော်တို့ရဲ့ ကိုယ်ရေးအချက်အလက်များကိုထည့်သွင်းရမှာဖြစ်ပါတယ်။ ကိုယ်ရေးအချက်အလက်ဆိုတော့ ကိုယ်ရေးမှုဖြစ်တာဗျ (မှတ်ထားနော် ကိုယ်ရေးအချက်အလက်ဆိုတာ ကိုယ်ရေးမှုဖြစ်တာ) အခုမရေးချင်သေးတော့ အဲ့ဒီဆင့်ကိုလည်း ကျော်ခဲ့ပါမယ်။ ဒီတော့ အဲ့ဒီမှာလည်း Skip ကို ပဲနှိပ်လိုက်ပါ။ ပုံ ၄ ဖြစ်ပါတယ်။

အဲ့ဒီအခါ နောက်တစ်ဆင့်ကို ရောက်ပါလိမ့်မယ်။ ပုံကို တစ်ဖက်စာမျက်နှာမှာဖော်ပြထားပါတယ်။ ကဲ ပြီးတော့မှာပါဗျာ။ စိတ်နည်းနည်းလေးရှည်လိုက်ပါ။ ဒီအဆင့်ကတော့ ကိုယ့်ဓါတ်ပုံလေးတင်ခိုင်းတဲ့အဆင့်ဖြစ်ပါတယ်။ ဒါကိုလည်းနောက်မှ သင်ခန်းစာတစ်ခုအနေနဲ့ လုပ်ပြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆင့်ကိုလည်း ထုံးစံအတိုင်း Skip လုပ်လိုက်ပါ။ ပုံ ၅ ဖြစ်ပါတယ်။

ပုံ ၄





ပုံ ၅





အဲ့သလိုနဲ့ Skip တွေလုပ်ပြီးတဲ့အခါ နောက်တစ်ခါပေါ်လာတဲ့ပုံကတော့ ကျွန်တော်တို့ကို Activate လုပ်ခိုင်းတာပဲဖြစ်ပါတယ်။ ဒီတော့ ပုံမှာကြည့်လိုက်ပါ။ အပေါ်ဆုံးမှာ ဘားတန်းတစ်ခုကိုတွေ့ပါလိမ့်မယ်။ အဲ့ဒီဘားတန်းမှာ ကျွန်တော်တို့ Account ကို Register လုပ်တုန်းကပေးခဲ့တဲ့ Email ကိုသွားကြည့်ခိုင်းနေ

ပုံ ၆




တာပါ။ အဲ့ဒီမှာ Facebook ကပို့ထားတဲ့ Mail တစ်စောင်ရောက်နေပါလိမ့်မယ်။ ကဲ ဒီတော့ ပုံရဲ့ ညာဖက် အပေါ်ထောင့်က Go to your email ဆိုတဲ့ Button လေးကိုနှိပ်ပေးလိုက်ပါ။ အဲ့ဒီအခါ ကျွန်တော်တို့ ၎င်း Mail ရဲ့ Logon လုပ်တဲ့နေရာကိုရောက်သွားပါလိမ့်မယ်။ ကျွန်တော်ကတော့ Gmail ကိုသုံးထားတာကြောင့် Gmail Logon Box ပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ Logon လုပ်လိုက်ပါ။ Inbox ကိုရောက်သွားတဲ့အခါ Facebook က Mail တစ်စောင် (မက) ရောက်နေပါလိမ့်မယ်။ အဲ့ဒီမှာ Just one more step . . ဆိုတဲ့ Mail ကိုဖွင့်ပေးပါ။

ပုံ ၇



ကဲ ဒါဆို ကျွန်တော်တို့နှိပ်လိုက်တဲ့ Mail ပွင့်လာပါလိမ့်မယ်။ အဲ့ဒီမှာ မျဉ်းတားပြီးဖော်ပြထားတဲ့ Link တစ်ခုကိုတွေ့ရပါလိမ့်မယ်။

ပုံ ၈




ကောင်းပါပြီ။ အဲ့ဒီ Link ကို Click တစ်ချက်နှိပ်လိုက်ပါ။ အဲ့ဒါဆို Facebook ကိုပြန်ရောက်သွားပါလိမ့်မယ်။ ဒါဆို ကျွန်တော်တို့ အခုလုပ်လိုက်တဲ့ Facebook Account က Activate ဖြစ်သွားပါပြီ။ ဒီမှာတင်ပဲ ကျွန်တော်တို့ရဲ့ Facebook Account တစ်ခုကိုတည်ဆောက်ခြင်း၊ Register လုပ်ခြင်း၊ Activate လုပ်ခြင်းစတာတွေအားလုံးပြီးဆုံးပါပြီ။ သင့်အနေနဲ့ ဒီအဆင့်ပြီးသွားရင် Facebook Account တစ်ခုရရှိသွားပြီဖြစ်ပါတယ်။ ပြောရရင် အနီး Facebook ဆိုတာကြီးကို ပျော်ပျော်ကြီးဝင်သုံးလို့ရသွားပြီဖြစ်ပါတယ်။

လောလောဆယ် ဘာမှမလုပ်သေးဘဲ Facebook ထဲကနေပြန်ထွက်ရအောင်။ ဟင်း ခုနကပဲ ပြောတော့ ပျော်ပျော်ကြီးသုံးတော့ဆို ဟုတ်ပါတယ်။ ခဏလေးပါ အဝင်အထွက်လေးပြချင်လို့ပါ။ ကဲ Facebook ထဲကထွက်ချင်ပြီဆိုရင် တစ်ဖက်ကပုံမှာပြထားသလို ပုံရဲ့ ညာဖက်အပေါ်ထောင့်က Home ရဲ့ ညာဖက်က Down Triangle လေးကို နှိပ်လိုက်ပါ။ Menu လေးကျလာရင် အဲ့ဒီမှာ Log Out ဆိုတာရှိပါတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ရင် Facebook ကနေ Log Out ဖြစ်ပြီးထွက်သွားပါလိမ့်မယ်။

ပုံ ၉




ကဲ ဒီတစ်ခါ Facebook ကို ပြန်ပြီး Login လုပ်ကာဝင်ကြည့်လိုက်ရအောင်။ အောက်ကပုံပေါ်နေတဲ့အချိန်မှာ ကျွန်တော်တို့ ပုံမှာပြထားတဲ့အတိုင်း Login Box မှာ Facebook Account တည်ဆောက်တုန်းက ပေးခဲ့တဲ့ Email ကို Email အကွက်မှာရိုက်ထည့်ပါ။ Password မှာ Facebook Account တည်ဆောက်တုန်းကပေးခဲ့တဲ့ Password ကိုရိုက်ထည့်ပါ။ ပြီးရင် Log In Button မှာ Click တစ်ချက်နှိပ်လိုက်ပါ။

ပုံ ၁၀




ကဲ ဒီအခါ Facebook ထဲကိုပြန်ရောက်သွားပါလိမ့်မယ်။ ဒီတော့ကား ကျွန်တော်အခု Facebook Account ကိုတည်ဆောက်တာလည်းပြောပြီးပြီ။ ဝင်တာထွက်တာလည်းပြောပြီးပြီဆိုတော့ Facebook ရဲ့ Interface တွေကို စတင်ရှင်းပြတော့မှာဖြစ်ပါတယ်။

## ၁.၃ Facebook Interface ကိုရှင်းပြမယ်


Facebook ကို အသုံးပြုဖို့ရာ သူ့ရဲ့ Interface ကို ဦးဆုံးနားလည်ဖို့လိုပါတယ်။ ဒါမှ ဘယ်နေရာ ဘာရှိတယ်။ ဒါက ဘာကိုဆိုလိုတယ် စသဖြင့်သိမှာဖြစ်ပါတယ်။ အခုလို Log In လုပ်ပြီးပြီးချင်းမှာ Facebook ထဲကိုရောက်သွားလို့ မြင်နေရတဲ့ Screen ကို Home Page လို့ ခေါ်ပါတယ်။ ဒီတော့ သင့်ရဲ့ အသစ်စက်စက် Home Page ကိုအောက်ကပုံအတိုင်းတွေ့နေရမှာဖြစ်ပါတယ်။

ပုံ ၁၁




ဒီနေရာမှာ ကျွန်တော်က အပေါ်ဆုံးက ဘားတန်းကနေစတင်ရှင်းပြချင်ပါတယ်။

ပုံ ၁၂




ကဲ အပေါ်ကပုံမှာ သက်ဆိုင်ရာ အကြောင်းအရာအောက်မှာ နံပါတ်စဉ်လေးတွေတပ်ထားပါတယ်။ တစ်ခုချင်းစီကို ရှင်းပြပါတော့မယ်။

၁။ နံပါတ် ၁ ကိုတော့ Friend Requests လို့ခေါ်ပါတယ်။ အဲ့ဒီလေးကိုနှိပ်လိုက်ရင် ကိုယ်နဲ့ Friend

ဖြစ်ချင်လို့ Friend ဖြစ်ခွင့်လာတောင်းနေသူတွေကိုတွေ့ရပါလိမ့်မယ်။ အဲ့ဒီမှာ List အလိုက်ကျလာတာကို တွေ့ရပါလိမ့်မယ်။ အဲ့ဒီအပေါ်မှာ အနီရောင်နဲ့လဲ လာပြပါလိမ့်မယ်။ ဥပမာ ကိုယ်နဲ့ Friend ဖြစ်ခွင့်ရဖို့ ၃ ယောက်က တောင်းဆိုနေရင် အဲ့ဒီမှာ 3 လို့ အနီရောင်အောက်ခံလေးနဲ့ပြနေပါလိမ့်မယ်။ အဲ့ဒါဆို အဲ့ဒီမှာ နှိပ်လိုက်ရင် အဲ့ဒီ ၃ ယောက်ကဘယ်သူတွေပါဆိုပြီး List အလိုက်ပြနေပါလိမ့်မယ်။ အောက်ကပုံမှာလည်း တွေ့နိုင်ပါတယ်။ အခုလောလောဆယ်တော့ သင်တို့ Account က အသစ်ဖြစ်နေတော့ ဘာမှရှိမှာမဟုတ်ဘူး ဒီတော့ ကိုကြီးဇော်လင်း အဲ့လေ ကိုဇော်လင်း Account နဲ့ပဲ ပြပေးလိုက်မယ်။

ပုံ ၁၃




ဆိုတော့ အပေါ်ကပုံမှာတွေ့ရတဲ့အတိုင်းပဲ ကျလာတဲ့ List ထဲကကိုယ် Friend အဖြစ်လက်ခံချင်တဲ့ သူကို Confirm ဆိုတဲ့နေရာမှာ Click နှိပ်ပြီး သူနဲ့ ကိုယ်နဲ့ Friend ဖြစ်နိုင်ပါတယ်။ လောလောဆယ် မဖြစ်ချင်ရင်လည်း ဒီအတိုင်း ထားထားလို့ရပါတယ်။ နံပါတ် ၁ တော့ ပြီးပြီ။ ကဲ နောက်တစ်ခုဆက်ပြောမယ်။

၂။ နံပါတ် ၂ ကတော့ Messages ဖြစ်ပါတယ်။ အဲ့ဒီမှာနှိပ်လိုက်ရင် ကိုယ့်ကိုဘယ်သူတွေက Message တွေပို့ထားတာကိုတွေ့မြင်နိုင်ပါတယ်။ ခုနကလိုပဲ Message ရှိသလောက် နံပါတ်လေးနဲ့ပြနေမှာဖြစ်ပါတယ်။ ပုံကို တစ်ဖက်စာမျက်နှာမှာပြပေးထားပါတယ်။ အိုကေပါ နောက်တစ်ခုဆက်ရအောင်။


၃။ နံပါတ် ၃ ကတော့ Notifications ဖြစ်ပါတယ်။ အဲ့ဒီမှာကတော့ ကိုယ့်ရဲ့ Friends တွေကနေဘယ်တွေလုပ်ဆောင်နေသလဲဆိုတာတွေကိုဖော်ပြနေမယ်။ နောက်ပြီး ကိုယ်ကနေ တခြားသူကို Friend ဖြစ်ချင်လို့ Friend Request လုပ်ထားပြီး သူက ကိုယ့်ကို Friend အဖြစ်လက်ခံလိုက်ပြီဆိုရင်လည်း ဒီမှာလာပြပါတယ်။ အဲ့ဒါလေးကို နှိပ်ကြည့်လိုက်ရင် ကိုယ့်ကိုသူက အဖြေပေးလိုက်ပြီ အဲ့လေ Friend အဖြစ်လက်ခံလိုက်တာ

ပုံ ၁၄




ရော သူတို့လုပ်ထားတဲ့ Activity တွေရောကိုတွေ့နိုင်ပါတယ်။ ကဲ နောက်တစ်ခုဆက်ပြောမယ်။

ပုံ ၁၅




၄။ နံပါတ် ၄ ကတော့ Search Box ဖြစ်ပါတယ်။ အဲ့ဒီမှာ ကိုယ့်သူငယ်ချင်းတွေများ ရှိနေမလားရှာဖွေ လို့ရပါတယ်။ တစ်ခုတော့ရှိတာပေါ့လေ။ အဲ့ဒီသူတွေက Facebook User တွေဖြစ်နေရမှာပေါ့။ ဒီတော့ ဘယ်လိုရှာမလဲဆိုတာကို နောက်မှာ သင်ခန်းစာတစ်ခုအနေနဲ့ ဖော်ပြပေးထားပါတယ်။

၅။ နံပါတ် ၅ ကတော့ Zaw Lin Youth ကြီးဖြစ်ပါတယ်။ အဲ့ဒါကို Profile လို့ခေါ်ပါတယ်။ Account Name ပေါ့ဗျာ။ အဲ့ဒီမှာနှိပ်လိုက်ရင် ၎င်းသက်ဆိုင်ရာ Account ရဲ့ Profile Page ကို ရောက်သွားပါလိမ့်မယ်။ Profile Page ကို သက်ဆိုင်ရာ သင်ခန်းစာမှာဆက်သင်ပါမယ်။

၆။ နံပါတ် ၆ ကတော့ Find Friends ဖြစ်ပါတယ်။ အဲ့ဒါကိုနှိပ်လိုက်ရင် Friends ရှာတဲ့နေရာကိုရောက်သွားပါလိမ့်မယ်။ အဲ့ဒီမှာ ကိုယ့်ကို Friend အဖြစ်လာတောင်းဆိုထားတဲ့သူတွေကိုလည်းတွေ့နိုင်သလို ကိုယ်ကလည်း တခြားသူတွေနဲ့ Friend ဖြစ်ဖို့ ရှာဖွေနိုင်ပါတယ်။ ဒါလည်း သီးခြားသင်ခန်းစာလာပါမယ်။

၇။ Home ကိုနှိပ်လိုက်ရင်တော့ ကျွန်တော်တို့ Home Page ကို ရောက်သွားမှာဖြစ်ပါတယ်။ အကယ်၍ တစ်ခြား Page တွေကိုရောက်နေတဲ့အချိန် ကိုယ့် Account ရဲ့ Home Page ကို ပြန်လာချင်ရင် အလွယ်တကူ Home ကိုနှိပ်လိုက်လို့ရပါတယ်။

၈။ Down Triangle လေးကိုနှိပ်လိုက်ရင်တော့ Menu လေးတစ်ခုကျလာပါလိမ့်မယ်။ အဲ့ဒီမှာ Facebook ရဲ့ Settings တွေကိုသွားပြင်လို့ရပါတယ်။ ကဲ ဒါဆို အဲ့ဒီဘားတန်းလေးကိုသိသွားပြီ။ ဒီတော့ တစ်ခြားသိရမယ့်အချက်တွေကို ဆက်ရှင်းဦးမယ်။

## ❖ Home Page ကိုရှင်းပြမယ်

Facebook ထဲကို ဝင်လိုက်တာနဲ့ ရောက်လာမယ့်နေရာက Home Page ပဲဖြစ်ပါတယ်။ ဒီတော့ အခု Home Page ရဲ့ အစိတ်အပိုင်းတွေကို စတင်ရှင်းပြပါတော့မယ်။ တစ်ဖက်ကပုံမှာကြည့်လိုက်ပါ။ အကန့်လိုက် နံပါတ်တတ်ပြီးရှင်းပြသွားပါမယ်။

၁။ နံပါတ် ၁ ကတော့ Home ရဲ့ ဘယ်ဘက်အခြမ်းဖြစ်ပါတယ်။ အဲ့ဒီမှာ သက်ဆိုင်ရာကဏ္ဍများရှိပါတယ်။ အခုလောလောဆယ်ကတော့ News Feed ကိုရောက်နေတာပါ။ အဲ့ဒီလို News Feed ကိုရွေးထားခြင်းကြောင့် အလယ်က နံပါတ် ၂ တပ်ထားသော နေရာဟာ News Feed နဲ့ဆိုင်တာတွေကိုပြထားတာဖြစ်ပါတယ်။

ပုံ ၁၆




၂။ ဒီတော့ နံပါတ် ၂ အပိုင်းက News Feed ထဲက အကြောင်းအရာတွေ Story တွေဖြစ်ပါတယ်။ ဘယ်လို အကြောင်းအရာတွေလည်းဆိုတော့ ကိုယ်တင်ထားတဲ့ Post တွေ၊ ကိုယ့်ရဲ့ Friend တွေကတင်ထားတဲ့ Post တွေ၊ အဲ့ဒါတွေနဲ့ ပတ်သက်တဲ့ Comments တွေ စသဖြင့်ဖြစ်ပါတယ်။ နောက်မှရောက်လာတာကို အပေါ်ဆုံးမှာဖော်ပြထားတာဖြစ်ပါတယ်။ ကိုယ်က Subscribe လုပ်ထားတဲ့သူတွေကနေ Post လုပ်တာတွေကလည်း ဒီမှာပဲလာပေါ်တာဖြစ်ပါတယ်။


၃။ နံပါတ် ၃ ကတော့ ကိုယ်နဲ့များသိနေတဲ့သူပါမလားဆိုပြီး Facebook ကနေပြောနေတာပါ။ ကိုယ်နဲ့ သိသိ မသိသိ Friend ဖြစ်ချင်တယ်ဆိုရင် အဲ့ဒီဖော်ပြထားတဲ့သူတွေထဲက ကိုယ်ဖြစ်ချင်တဲ့သူရဲ့ နေရာမှာ Add Friend ဆိုတာကို နှိပ်လိုက်လို့ရပါတယ်။ အဲ့ဒီနေရာမှာ မျက်နှာလှလှနဲ့ကောင်မလေးတွေတိုင်း Friend သွားမဖြစ်ချင်နဲ့နော်။ မိုး ပေါ်က ဗြဟ္မာကြီးတွေရဲ့ ရုပ်ကနူးညံ့လွန်းလို့ နတ်တွေကို တရားလာဟောတဲ့အခါ

နောက်တစ်ခုက အမျိုးသမီးငယ်တွေကို သတိပေးချင်တာ ကိုယ်နဲ့မသိဘဲ လိုက် Friend မနေနဲ့။ Facebook ကိုအသုံးချပြီး ကောင်းတာတွေလုပ်လို့ရသလို ဘယ်သူမှန်းမသိတဲ့သူက ကိုယ့်ကိုယ်လူကုန်ကူးချင်လို့ အထင်ကြီးအောင် ပြောပြီး သွေးဆောင်ဖျားယောင်းတတ်တယ် ကျွန်တော်တောင် ဖျား ၂ ချပ်ဝယ် အော် မှားရိုက်ပြန်ပြီ သွေးဆောင်ဖြားယောင်းတတ်တယ်လို့ ပြောတာ။

သူတို့ကို သူတို့ ကြမ်းတမ်းတဲ့ ရုပ်တွေနဲ့ ဖွဲ့စည်းပြီးလာရသတဲ့။ ဒါမှ နတ်တွေကမြင်ရသတဲ့။ အခုနော်တို့လူပြည့်က Facebook မှာတော့ ရုပ်ကြမ်းကြီးတွေက ခပ်လှလှပုံလေးတွေတင်ထားတတ်ကြတယ်။ သူ့ပုံနဲ့ဆို ကောင်မလေးတွေက Friend မဖြစ်ချင်မှာစိုးလို့။

၄။ နံပါတ်မှာ ၄ ဆိုတဲ့အပိုင်းကိုတော့ Ticker လို့ခေါ်ပါတယ်။ အဲ့ဒီအပိုင်းမှာ သက်ဆိုင်ရာလူများအလိုက်တင်ထားကြတဲ့ Post တွေကိုတွေ့နိုင်ပါတယ်။ ကိုယ်စိတ်ဝင်စားတာတွေ့ရင် အဲ့ဒီပေါ်မှာ Mouse ကိုသွားတင်ထားလိုက် အကြီးချဲ့ပြမှာဖြစ်ပါတယ်။ အောက်ကပုံမှာပြထားပါတယ်။

ပုံ ၁၇




၅။ နံပါတ် ၅ အပိုင်းကတော့ ကိုယ်နဲ့ Friend ဖြစ်ပြီးသားသူတွေကိုပြထားတာဖြစ်ပါတယ်။ နောက်ပြီးအဲ့ဒီအောက်နားလေးမှာ လက်ရှိ Online ပေါ်ရောက်နေတဲ့ Friend တွေကိုလည်းပြထားပါတယ်။ အဲ့ဒီ Online ပေါ်ရောက်နေတဲ့သူတွေဆိုရင် ဘေးနားမှာ အစိမ်းရောင် အပိုင်းလေးတစ်ခုနဲ့ဖော်ပြထားပါတယ်။ အဲ့ဒီလိုတွေနဲ့ သင်ဟာ Gtalk လိုမျိုး Chat လုပ်လို့ရပါတယ်။ ဒါကို နောက်ပိုင်းမှာဖော်ပြထားပါတယ်။

ဒီနေရာမှာ တစ်ခုပြောချင်တာရှိပါတယ်။ အဲ့ဒီ Home Page မှာ နံပါတ် ၂ ရဲ့ အပေါ်ကနေရာလေးကို ပြောပြပါမယ်။ တစ်ဖက်ကပုံကိုကြည့်လိုက်ပါ။

ပုံ ၁၈




အဲ့ဒီနေရာလေးမှာ ကိုယ် Update တင်ချင်တဲ့အကြောင်းအရာတွေကို ဝင်ရိုက်ပြီးတင်လို့ရပါတယ်။ အခုတော့ နမူနာတစ်ခုရေးပြထားတာပါ။ ပြီးရင် Post ကိုနှိပ်လိုက်ပါ။ ဒါဆိုအောက်ကပုံအတိုင်းပေါ်လာပြီ သင်ရေးလိုက်တဲ့ Post က News Feed မှာတက်သွားမှာ ဖြစ်ပါတယ်။ နောက် သင့်ရဲ့ Profile Page က Wall မှာလည်းအဲ့ဒီ Post ကတက်သွားမှာဖြစ်ပါတယ်။

ပုံ ၁၉





နောက်အဲ့ဒီမှာ Add Photo / Video ကိုနှိပ်ပြီး Photo/Video တွေကိုလည်းတင်နိုင်ပါတယ်။ အဲ့ဒီမှာတင်လိုက်ရင် ၎င်း Photo တွေဟာ ဒီ News Feed နဲ့ Profile Page က Wall တို့မှာလာတက်နေမှာ ဖြစ်ပါတယ်။ ကဲ ဒါလောက်ဆို Home Page အကြောင်းကို သိသွားလောက်ပါပြီ။

ကျွန်တော်အခု Profile Page ကိုဆက်ရှင်းပြပါမယ်။

## ၁.၄ Profile Page အကြောင်း

Home Page ကို ရှင်းပြပြီးသကာလ အခု Profile Page ကိုရှင်းပြပါမယ်။ Home Page ကနေ Profile Page ကိုသွားချင်ရင် အပေါ်ဆုံးဘားတန်းက မိမိနာမည်နဲ့ Account နေရာကိုနှိပ်လိုက်ပါ။ မမှတ်မိရင် ပုံ ၁၂ ကိုပြန်ကြည့်ပါ။ နံပါတ် ၅ နေရာကို ပြောတာဖြစ်ပါတယ်။ အဲ့ဒီမှာနှိပ်လိုက်ရင် သက်ဆိုင်ရာ Account ရဲ့ Profile Page ရဲ့ Info ကိုရောက်သွားပါလိမ့်မယ်။ အခုလောလောဆယ် သင့် Profile မှာ ဘာမှမလုပ်ရသေးလို့ ဘာမှမရှိပါဘူး။ ဒါကြောင့် ကျွန်တော့် Account နဲ့ပဲ ပြပေးသွားပါမယ်။

ပုံ ၂၀




အဲ့ဒီမှာလည်း ခုနကလို Profile Page ကို အပိုင်းများခွဲ၍နံပါတ်များတတ်ထားပါတယ်။ နံပါတ်စဉ် အလိုက်ရှင်းပြသွားမှာဖြစ်ပါတယ်။

ပထမဦးဆုံးပြောပြချင်တာကတော့ အဲ့ဒီပုံရဲ့ အပေါ်ဆုံးမှာ Zaw LinYouth ဆိုတာရှိပါတယ်။ ဒါက လက်ရှိ Account ကိုပြောနေတာပါ။ သူ့ရဲ့ အောက်က စာသားတွေက ဘာကိုပြောသလဲဆိုတော့ အဲ့ဒီ

Account ရဲ့ ကိုယ်ရေးအချက်အလက်အချို့ကိုဖော်ပြပေးထားတာဖြစ်ပါတယ်။

၁။ နံပါတ် ၁ ကတော့ Profile Picture ဖြစ်ပါတယ်။ အဲ့ဒီမှာ ဒီ Account ရဲ့ ကိုယ်စားပြု ပုံလေးဖြစ်ပါတယ်။ အကယ်၍မတင်ထားရင်တော့ ဟောင်းလောင်းဖြစ်နေတဲ့ လူ့ဦးခေါင်းပုံကြီးဖြစ်နေပါလိမ့်မယ်။ အဲ့သလိုမှ မဟုတ်ဘဲ တစ်ပုံတင်လိုက် နည်းနည်းကြာတော့ မကြိုက်တော့လို့ နောက်တစ်ပုံတင်လိုက် ဒီလိုနဲ့နည်းနည်းကြာတော့ Profile Picture ကိုနောက်တစ်ပုံပြောင်းလိုက် ဆိုရင် အဲ့ဒီ Profile Picture ရဲ့ ညာဖက်မှာ ပုံ ၅ ပုံ တွေ့လိမ့်မယ်။ ဆိုလိုတာက Profile Picture ပြောင်းလိုက်တိုင်းမှာ ပြောင်းခြင်းခံရတဲ့ ပုံဟောင်းလေးတွေကို အဲ့ဒီမှာထားပေးတာဖြစ်ပါတယ်။

၂။ နံပါတ် ၂ အပိုင်းကတော့ ကဏ္ဍတွေဖြစ်ပါတယ်။ အခုဘယ်ရောက်နေသလဲဆိုတာကိုပါပြပေးထားပါတယ်။ အခုလောလောဆယ်တော့ Profile Page ရဲ့ Info ကိုရောက်နေပါတယ်။ အဲ့ဒီ Info မှာ ကိုယ့် Profile နဲ့ပတ်သက်နေတဲ့ Information တွေကိုပြသပေးထားမှာဖြစ်ပါတယ်။

၃။ နံပါတ် ၃ အပိုင်းကတော့ လက်ရှိ Account ရဲ့ သူငယ်ချင်းတွေကို ဖော်ပြထားတာဖြစ်ပါတယ်။ သူငယ်ချင်းဘယ်နှစ်ဦးရှိတယ်ဆိုတာကိုပါဖော်ပြထားပါတယ်။

၄။ နံပါတ် ၄ အပိုင်းကတော့ လက်ရှိ Account ရဲ့ ကိုယ်ရေးအချက်အလက်တွေ၊ Account ပိုင်ရှင်ရဲ့ စိတ်ဝင်စားမှုတွေ၊ ဝါသနာတွေကိုဖော်ပြပေးထားတာဖြစ်ပါတယ်။

၅။ နံပါတ် ၅ အပိုင်းကတော့ သူငယ်ချင်းဖြစ်ဖို့ Requests လုပ်ထားသူများနှင့်၊ သင့်အနေနဲ့သိနိုင်မည် ထင်သော Facebook User များကိုဖော်ပြထားပါတယ်။ အကယ်၍ Friend Request လုပ်ထားသူများကို သင့်အနေနှင့် Friend အဖြစ်လက်ခံလိုပါက အဲ့ဒီနေရာမှာရှိနေတဲ့ Confirm Friend ဆိုတာကိုနှိပ်ရမှာဖြစ်ပါတယ်။ သို့တည်းမဟုတ် သင်များသိမလားဆိုတဲ့ People You May Know မှာ ရှိတဲ့သူများကို သင့်အနေနဲ့ Friend အဖြစ် Request လုပ်ချင်ရင်တော့ အဲ့ဒီမှာ Add Friend ကို နှိပ်ရမှာဖြစ်ပါတယ်။ ကဲ ဒါဆို Profile Page ရဲ့ Info ကိုသိသွားပြီဖြစ်ပါတယ်။ ဒီတစ်ခါ Profile Page ရဲ့ Wall ကိုဆက်ရှင်းပြပါမယ်။ ပြီးရင်တော့ ရှင်းပြတာတွေရပ်ပြီး လက်တွေ့လုပ်ကြည့်ပါတော့မယ်။

## ၁.၅ Profile Wall အကြောင်း

ဒီတစ်ခါ Profile Page ရဲ့ Wall ကိုရှင်းပြပါဦးမယ်။ ကျွန်တော်တို့ အခုရောက်နေတဲ့ Profile Page မှာပဲ ဘယ်ဘက်မှာ ခုနကပြောခဲ့တဲ့ နံပါတ် ၂ နေရာမှာ Wall ဆိုတာကိုတွေ့ရလိမ့်မယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို အောက်မှာမြင်နေရတဲ့အတိုင်း Wall ကိုရောက်သွားပါလိမ့်မယ်။

ပုံ ၂၁




Wall နဲ့ ပတ်သက်ပြီး သိပ်ထွေထွေထူးထူးတော့ ရှင်းပြစရာမရှိပါဘူး။ ဘာလို့လည်းဆိုတော့ ကဏ္ဍတော်တော်များများက Info နဲ့ သွားတူနေပါတယ်။ အလယ်တကွက်ပဲ မတူတာပါ။ အဲ့ဒီအလယ်ကွက်မှာ ကျွန်တော် အဲ့လေ Account ပိုင်ရှင်က တင်ထားတဲ့ Post လည်းရှိမယ်။ နောက်ဓါတ်ပုံတွေ နောက်ပြီး ကိုယ့် Friend တွေက ကိုယ့် Wall ပေါ်မှာ ဝင်ရေးထားတဲ့ Post တွေလည်းရှိနေမှာဖြစ်ပါတယ်။ ကျန်တဲ့ အပိုင်းတွေက ခုနကပြောသလို Info မှာလည်းရှင်းပြပေးခဲ့ပြီးဖြစ်ပါတယ်။ ကဲ ဒီလောက်ဆိုရင် Facebook ရဲ့ Interface အကြောင်းကိုတော်တော်လေးသိလောက်ပြီမို့ Facebook ကို ဘယ်လိုအသုံးပြုမလဲဆိုတာ တွေကိုဆက်လက်ရှင်းပြသွားပါမယ်။

## ၁.၆ **Profile Picture တင်ခြင်း**

ကဲ သင့်အနေနဲ့ Facebook Account သစ်တစ်ခုလုပ်ထားတယ်ဆိုပါစို့။ အဲ့ဒီ Account အသစ်လေးကို ဝေဝေဆာဆာဖြစ်အောင် ကိုယ်ရေးအချက်အလက်များဖြည့်စွက်ခြင်းနှင့် Profile Picture တင်ခြင်းကို ဆောင်ရွက်ကြရအောင်။ Profile Picture ထည့်တဲ့အခါ အချို့ကလည်း ကိုယ့်ပုံမထည့်ကြပါဘူး။ ကျွန်တော်ကတော့ ကိုယ့်ပုံကိုထည့်ခြင်းအားဖြင့် တခြားသူနှင့်မမှားနိုင်တော့ဘူးလို့ယူဆပါတယ်။ နာမည်တူနေရင်တောင် ပုံနဲ့ ခွဲလို့ရတာပေါ့။ အိုကေပါ ဘာပဲဖြစ်ဖြစ် ဒီလိုလုပ်ဖို့အတွက် သင့်မှာ ပုံကတော့ အဆင့်သင့်ရှိနေရင် ပိုကောင်းပါတယ်။ အခု သင့်မှာပုံရှိနေတယ်လို့ပဲ ကျွန်တော်က ယူဆထားလိုက်ပြီ။ ကဲ စရအောင်။

၁။ အခု သင့် Facebook Account နဲ့ Facebook ထဲကို Log In ဝင်ထားလိုက်ပါ။


၂။ Log In ဝင်ပြီးသွားတဲ့အခါ သင့်ရဲ့ Home Page ကိုရောက်သွားပါလိမ့်မယ်။ အဲ့ဒီအခါကျ အောက်ကပုံမှာပြထားသလို ပါပဲ။ လူဦးခေါင်းပုံကြီးနဲ့လေ ပြီးတော့ ညာဖက်မှာ Upload a Photo ဆိုတာရှိတယ်။ သူ့

ပုံ ၂၂




အောက်မှာ Take a Photo ဆိုတာရှိတယ်။ ဓါတ်ပုံအဆင်သင့်ရှိတယ်ဆိုရင်တော့ Upload Photo မှာနှိပ်ပါ။ ဓါတ်ပုံ အသင့်မရှိရင်တော့ Take a Photo မှာနှိပ်ပါ။ သို့ပေသိ ဒါက ဝက်ကန် ရှိမှရမယ်။ Web Cam ကို ပြောတာ။ ဒီတော့ ကျွန်တော်က Upload Photo မှာပဲ နှိပ်လိုက်မယ်။ ဒါဆို အောက်က Box လေးပေါ်လာ ပါလိမ့်မယ်။ အဲ့ဒီမှာ Browse ကိုနှိပ်ပြီး ကိုယ့်ကွန်ပျူတာထဲမှာသိမ်းထားတဲ့ ဓါတ်ပုံတွေထဲက ဒီမှာပေါ်စေချင် တဲ့ ပုံကို သွားရွေးပေးလိုက်ပါ။ ပုံရဲ့ Size ကတော့ အများဆုံး 4MB အထိဆိုပေမယ့် Size သေးလေးကောင်း လေးပါပဲ။ လိုအပ်ရင် Microsoft Paint ကို သုံးပြီး ပုံကိုသေးတာတွေဘာတွေလုပ်လိုက်ပါ။

ပုံ ၂၈




ပုံ ၂၉



ကျွန်တော်အခုခေါ်တင်မယ့်ပုံဆို 18 KB ပဲ ရှိပါတယ်။ ကဲ ပုံကိုရွေးပြီး Open လို့ပြောလိုက်ပါ။ ကော်နက်ရှင်ပေါ်မူတည်ပြီးတော့ စောင့်ပေဦးတော့ ထမင်းထုပ်ကြီးနဲ့ Uploading Picture ကို။ ဟုတ်ပြီလား။ ဒါကြောင့် တေးတေးလေးပဲလား ကြီးကြီးလား ဆိုတော့ သေးသေးလေးပဲပေါ့။

ကဲ ပြီးသွားရင် Profile Picture လေးတက်လာပါပြီ။ လောလောဆယ်တော့ ကိုကြီးဇော်လင်း နာခေါင်းလေးပွတ်နေတဲ့ပုံကိုတင်လိုက်ပါတယ်။

ပုံ ၂၅





ဒိုကေ ဒီကနေ ကျွန်တော်တို့ Profile Page ကို သွားမယ်။ အပေါ်ကပုံမှာပြထားတဲ့ Account Name မှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို Profile Page ရဲ့ Info ကို ရောက်လာပါပြီ။

ဒီတော့ ကိုယ်ရေးမှုဖြစ်မယ်ဆိုတဲ့ ကိုယ်ရေးအချက်အလက်တွေကို ဖြည့်ရအောင်နော်။ ပြီးတော့မှ Friend တွေရှာကြမယ်။ ကောင်းပြီ အခု ကိုယ်ရေးအချက်အလက်တွေမဖြည့်ခင် တလက်စတည်း Profile Picture လေးကို မကြိုက်လို့ ပြန်ပြောင်းချင်ရင်ဘယ်လိုလုပ်ရမလဲဆိုတာကိုပြောပြလိုက်ပါဦးမယ်။

အခုရောက်နေတဲ့ Profile Page ရဲ့ ဘယ်ဘက်က Profile Picture ပေါ်မှာ Mouse ကို တင်လိုက်ရင် ပုံရဲ့ ညာဖက်အပေါ်ထောင့်မှာ Change Picture လို့ လာပြောပါလိမ့်မယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို တစ်ဖက်စာမျက်နှာက ပုံပေါ်လာပါလိမ့်မယ်။

ပုံ ၂၆




ဒီတော့ ပုံမှာမြင်ရတဲ့အတိုင်း Browse ကို နှိပ်လိုက်ပါ။ ပြီးရင် ကိုယ်လဲချင်တဲ့ပုံကိုရှာပြီးလဲပေးလိုက်ပါ။ အဲ့ဒီလို လဲပြီးသွားပြီဆိုရင်တော့ သင့်ရဲ့ Account Name ကိုနှိပ်ပြီး Profile Page ကို ပြန်လာခဲ့လိုက်ပါ။ Profile Info Page ဟာအောက်ပါအတိုင်းဖြစ်လာပါလိမ့်မယ်။

ပုံ ၂၇





ကျွန်တော်ဘာကိုပြချင်တာလဲဆိုတော့ Profile Picture ကိုလဲလိုက်တဲ့အခါမှာ အရင်ပုံအဟောင်းကို Page ရဲ့ အပေါ်မှာ တင်ပေးထားလိုက်တာကို ပြောချင်တာဖြစ်ပါတယ်။ လောလောဆယ်တစ်ပုံပဲ ဖြစ်နေတာ

က တစ်ခေါက်ပဲလဲထားလို့ပါ။ နောက်ပိုင်းလဲလိုက်တိုင်းမှာ ပုံအဟောင်းကို အဲ့ဒီနေရာလွတ်တွေမှာထည့်ပေးသွားမှာဖြစ်ပါတယ်။ ကောင်းပါပြီ။ အခု ကိုယ်ရေးအချက်အလက်တွေဖြည့်ရအောင်။

## ၁.၇ **Edit Profile** ဖြင့်လုပ်၍အချက်အလက်များဖြည့်ခြင်း

ဒီတစ်ခါ Profile ကို Edit လုပ်၍ အခြေခံအချက်အလက်များဖြည့်ကြမယ်။ ဒီတော့ အခုမြင်နေရတဲ့ Profile Screen မှာ ညာဖက်အပေါ်ထောင့်မှာ Edit Profile ဆိုတာရှိပါတယ်။ ပုံ ၂၇ မှာလည်း ပြထားပါတယ်။ ၎င်းကို နှိပ်လိုက်ပါ။ ဒါဆို Basic Information ဆိုတဲ့အောက်ကပုံပေါ်လာပါလိမ့်မယ်။

ပုံ ၂၈




၁။ ဦးဆုံး မြင်တွေ့ရတာကတော့ Current City ဖြစ်ပါတယ်။ လက်ရှိသင်နေတဲ့အရပ်ဒေသဖြစ်ပါတယ်။ ကျွန်တော်ကတော့ Yangon, Myanmar လို့ဖြည့်လိုက်ပါမယ်။ တစ်ချို့ကျလည်း တုသိတာတို့ ဘာတို့ ဖြည့်ကြတာပေါ့လေ။ နောက်ဆို Moon တို့ Mars တို့လို့တောင်ဖြည့်ကြမယ်ထင်တယ်။ လကမ္ဘာပေါ်မှာသုံးလို့


ရတော့မယ်ဆိုလား ကြားတာပဲ။

၂။ နောက်တစ်ကွက်ကတော့ Hometown ဖြစ်ပါတယ်။ ဒါက မွေးဇာတိပေါ့လေ။ အဲ့ဒီမှာလည်း ကျွန်တော်ရန်ကုန်သားလေးက Yangon, Myanmar လို့ဖြည့်လိုက်ပါတယ်။

၃။ ကျားလား၊ မလား မေးနေတာပါ။ ဒါက အရင်ကတည်းကပြောခဲ့ပြီးသား။

၄။ နောက်တစ်ခုကမွေးနေ့ဖြစ်ပါတယ်။ မွေးနေ့ကိုတော်တော်များများက Birthday Wish လုပ်ခံချင်လို့ ရက်နှင့်လကို ဖော်ပြကြပါ ကိုယ်ကြီးနေတာကို (အသက်) သူများမသိစေချင်လို့ နှစ်ကို မပြလိုကြပါဘူး။ ကျွန်တော်လည်း မပြဘူး။ ကျွန်တော်ကတော့ အသက်ကြောင့်မဟုတ်ပါဘူး။ ကောင်မလေးတွေကျွန်တော့် မွေးနေ့ အမှန်သိသွားရင် ဖေဒင်မေး ယတြာချေ ဓါတ်ရိုက်ဓါတ်ဆင်လုပ်ပြီး ကျွန်တော်နဲ့ နီးအောင်လုပ်နေမှာစိုးလို့ (သေစမ်း နန္ဒိယ) ကိုယ့်ရုပ်မှအားမနား။ ပျင်းနေမှာစိုးလို့ပါဗျာ။ တကယ်မထင်ပါနဲ့။ ကျွန်တော်လည်း သူများနည်းတူ သက္ကရာဇ်ဖြုတ်ထားတာပေါ့။ ကဲ ကဲ ဆက်ရအောင် ဒါမျိုးလုပ်ချင်တယ်ဆိုရင် ပုံမှာပြထားသလို Dropdown Box ကိုနှိပ်ပြီး Show only month & day in my profile ဆိုတာကိုရွေးပေးလိုက်ပါ။

ပုံ ၂၉




၅။ နောက်တစ်ခုကတော့ Interested In Women or Men တဲ့ ကျားကိုစိတ်ဝင်စားလား၊ မကို စိတ်ဝင်စားလားမေးတာပါ။ ဟင် တစ်ညှိုးကြီး နော် ဘာမှန်းလဲတိဘူး သွား။ သူများက ကျားဆိုမှတော့ မပဲ စိတ်ဝင်စားတာပေါ့။ ဒါပေမယ့် ရှက်စရာကြီး ဘာမှမဖြည့်ခဲ့တော့ဘူးနော်။ မဖြည့်လည်းထားခဲ့လို့ရတယ်။ အတင်းကြီးဖြည့်ခိုင်းနေတယ်ထင်မှာစိုးလို့။


၆။ နောက်တစ်ခုကတော့ Language ဖြစ်ပါတယ်။ ကိုယ်တတ်ကျွမ်းတဲ့ ဘာသာစကားများကို ရိုက်ထည့်

ခိုင်းတာဖြစ်ပါတယ်။ အစစာလုံးလေးရိုက်လိုက်ရုံနဲ့ သူ့ဘာသာသူပေါ်လာတာကိုရွေးလိုက်ရင်လည်းရပါတယ်။ အဲ့ဒီမှာ English, Myanmar လို့ ရိုက်ထည့်ပေးလိုက်ပါ။

၇။ နောက်ဆုံးတစ်ခုကတော့ ကိုယ်ဖော်ပြစေချင်တဲ့စာသားကို ရိုက်ထည့်လို့ရပါတယ်။ ကျွန်တော်ကတော့ “ ကိုယ်သိပ်ချစ်တာကို ကိုယ်ပဲသိပါစေ သူသိသွားရင်တော့ . . . ” လို့ရိုက်လိုက်ပါတယ်။ ဟယ် ကိုဇော်လင်း ဗမာလို ရိုက်လို့ရတယ်ဟုတ်လား။ ရပါတယ်ဗျာ။ ကျွန်တော်ကတော့လက်ရှိ ဝိဇ္ဇာဖွန့် အယ် မဟုတ်ဘူး ဇော်ဂျီဖွန့် တင်ထားတယ်။ အဲ့ဒီ ဇော်ဂျီကိုပြောင်းပြီးရိုက်လိုက်တာဗျ။ ဇော်ဂျီ Font သုံးတတ်တယ်ဟုတ်။

ကဲ ဒီဆို Basic Information ကတော့ပြီးသွားပြီဖြစ်ပါတယ်။

ပုံ ၃၀





ဒီနေရာမှာ ကျွန်တော်နည်းနည်းလေး ပြောပြစရာရှိပါတယ်။ ဒါလေးကို ဆက်ပြီးလေ့လာကြည့်ရအောင်။ ပြီးတော့မှ အခု ကျွန်တော်ဖြည့်ထားတဲ့အကြောင်းအရာတွေကို Save လုပ်ပါမယ်။

## ၁.၈ ကြည့်စေချင်သူများကိုရွေးချယ်ခြင်း

ဒီသင်ခန်းစာလေးကို ကြားညှပ်ပြီးသင်ထားချင်ပါတယ်။ ဘာလို့တုန်းဆိုတော့ ဒီသင်ခန်းစာဟာ နောက်ပိုင်းမှာ အမြဲပါလာမှာလေ။ ဒီတော့ အခုကတည်းက သင်ထားလိုက်ရင်နောက်ပိုင်းမှာထပ်ကာထပ်ကာ ရှင်းပြနေစရာမလိုတော့ဘူး။ ကောင်းပါပြီ။ အခုလို ကျွန်တော်တို့ ဖြည့်ထားတဲ့ Basic Information တွေကို ဘယ်သူတွေကိုကြည့်စေချင်တာလဲ ဆိုတာပြောပေးရပါတယ်။ တနည်းအားဖြင့် ဘယ်သူတွေကိုတော့ဖြင့် ကြည့်စေချင်တယ် ဘယ်သူတွေကိုတော့ဖြင့် မကြည့်စေချင်ဘူးဆိုပြီး ပြောပေးလို့ရပါတယ်။ မပြောထားရင်တော့ Facebook ရဲ့ Default အရ Public ဖြစ်နေပါလိမ့်မယ်။ ဒါဆိုရင်တော့ ကိုယ့် Basic Information တွေကို လူတိုင်းက မြင်ခွင့်ရနေမှာဖြစ်ပါတယ်။ ဒါကို လူတိုင်းကိုပေးမမြင်စေချင်ဘူးဆိုရင် အောက်ပါအတိုင်း ဝင်ပြင်ပေးလို့ရပါတယ်။ နောက်တစ်ခုပြောချင်တာက ဒီသင်ခန်းစာဟာ အခုလို Basic Information မှမဟုတ်ပါဘူး ကိုယ်ဘာပဲတင်တင် နောက်ပိုင်းမှာပေါ့နော် အဲ့သလို တင်လိုက်တိုင်းမှာ ဒါကိုဘယ်သူတွေပဲကြည့်ပါ။ အားလုံးကြည့်ပါဆိုတာမျိုးကိုပြောလို့ရပါတယ်။ ကဲ ဒါဆို လုပ်ကြည့်လိုက်ရအောင်။

ဆိုတော့ကား အဲ့ဒီ Basic Information Page မှာ Current City ဆိုတာရှိမယ်။ အဲ့ဒီညာဖက်အဆုံးမှာ အဝိုင်းလေးရယ် Down Triangle လေးရယ်ရှိပါတယ်။ အဲ့ဒီ Down Triangle လေးကို နှိပ်လိုက်ပါ။

ပုံ ၃၁




❖ **Public ဆိုတာ**

အဲ့သလို နှိပ်လိုက်တဲ့အခါကျ ပုံမှာပြထားသလို Menu လေးကျလာတယ်။ အဲ့ဒီမှာတွေ့လား ပုံမှန်

ဆို Public ကို ရွေးထားတာဖြစ်ပါတယ်။ ဒီတော့ သင်က ဘာမှမပြောရင် အဲ့ဒီနေရာမှာ Public ဖြစ်နေပြီး သင်တင်လိုက်တဲ့ ဒီ Basic Information ကို လူတိုင်းက မြင်တွေ့သွားနိုင်မှာဖြစ်ပါတယ်။ မြင်သွားရုံတင်မကပါဘူး ကြိုက်ရင် Like လုပ်လို့ရပါတယ်။ Comment ပေးချင်လည်းပေးလို့ရပါတယ်။ ဒါက Public ပါ။ အဲ့ဒီမှာ တစ်ခုရှိတာက အဲ့သလို ကိုယ်တင်ထားတာကို ကိုယ့်သူငယ်ချင်းက Like လုပ်တာပဲဖြစ်ဖြစ် Comment လုပ်လိုက်တာပဲဖြစ်ဖြစ် အဲ့ဒီအခါကျ အဲ့ဒီလူရဲ့ သူငယ်ချင်းဆီမှာပါ ကိုယ့်တင်ထားတာက သွားပေါ်တယ်။ ဆိုတော့ကား အဲ့ဒီလူကို ကိုယ်မသိဘူးလေ။ ကိုယ်နဲ့သူတဲ့သူရယ် သူငယ်ချင်းကိုး။ ဒါကြောင့် ကိုယ်တင်လိုက်တာဟာ ကိုယ့်သူငယ်ချင်းသာမက ကိုယ့်သူငယ်ချင်းရဲ့ သူငယ်ချင်းရော တစ်ခြား ကိုယ်နဲ့လုံးဝမသိတဲ့သူက ကိုယ့် Page ကိုလာကြည့်တာရော အားလုံးကမြင်နေရမယ်လို့ပြောတာပါ။ ဒီလောက်ဆို Public ကို သိလောက်ပါပြီ။ ကဲ Public ကို သိသွားပြီးတဲ့အခါ အခု Friends ဆိုတာကို ပြောပြပါဦးမယ်။

## ❖ Friends ဆိုတာ

ဒါကတော့ ရှင်းပါတယ်။ ကိုယ်နဲ့တိုက်ရိုက်ပတ်သက်နေတဲ့ သူငယ်ချင်းတွေကိုပြောတာပါ။ ဒီတော့ ကိုယ်တင်ထားတဲ့အကြောင်းအရာကို ကိုယ်နဲ့တိုက်ရိုက် Friends လုပ်ထားတဲ့သူတွေကိုပဲမြင်စေချင်တယ်ဆိုရင် ဒီနေရာမှာ Friends ကိုရွေးရမှာဖြစ်ပါတယ်။ Facebook ရဲ့ သဘောတရားကတော့ မင်းနဲ့ငါနဲ့သိတယ် နောက် မင်းရည်းစားနဲ့ ငါနဲ့သိသွားတယ် အော်မဟုတ်ဘူး မင်းသူငယ်ချင်းနဲ့ ငါနဲ့သိသွားတယ်။ အဲ့ဒီလိုနဲ့ သူငယ်ချင်း အသိုင်းအဝိုင်းကြီးက ကြီးလာတာပါ။ သို့ပေသိ တစ်ချို့ကိစ္စတွေကျတော့ လူတိုင်းကို သိစေချင်ပေမယ့် တစ်ချို့ကျတော့ ကိုယ့်အကြောင်းအရာတွေကို မလိုသူကအသုံးချသွားနိုင်တာမျိုးရှိတယ်။ ဒီလို ကိစ္စမျိုးဆိုရင်တော့ Friends နဲ့ပဲ တင်တာကောင်းပါတယ်။


## ❖ Only Me ဆိုတာ

နောက်တစ်ခုကတော့ Only Me ဖြစ်ပါတယ်။ သူကျတော့ ဘယ်သူမှပေးမကြည့်ဘူး။ ကိုယ်တစ်ယောက်တည်းပဲကြည့်မယ်။ ဟ ဒါဆို ဘယ်သူမှမကြည့်စေချင်မှာတော့ ဘာလို့များ Post လုပ်သတုန်းဆိုတော့ တစ်ချို့ကျတော့ သူများကိုမမြင်စေချင်ပေမယ့် Facebook မှာလာပြီးသိမ်းထားတဲ့သဘောပါ။ အော် သိမ်းစရာနေရာရှာလို့။

## ❖ Custom ဆိုတာ

နောက်တစ်ခုကတော့ Custom ဖြစ်ပါတယ်။ ကဲ သူ့ကိုရွေးလိုက်တဲ့အခါအောက်ကပုံပေါ်လာပါမယ်။

ပုံ ၄၂




ဒီလို Custom ကိုရွေးလိုက်တဲ့အခါကျတော့ - ပုံမှာတွေ့ရသလို ၄ မျိုးထပ်ထွက်လာပါတယ်။ အဲ့ဒီမှာ Only Me နှင့် Friends ကရှင်းပြခဲ့ပြီးဖြစ်ပါတယ်။

## ❖ Friends of Friends ဆိုတာ

Friends of Friends ဆိုတာ ကိုယ့်ဘော်ဒါရဲ့ ဘော်ဒါတွေဖြစ်ပါတယ်။ ရှေ့မှာတုန်းကလည်းပြောခဲ့ပါတယ်။ Friends of Friends ကိုရွေးပြီး Post တင်လိုက်ရင် အဲ့ဒီ Post ကို ကိုယ့် Friends တွေသာမက ကိုယ့် Friends ရဲ့ Friends တွေကလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ သို့ပေသိ ဒါက Public နဲ့ ကွာတယ်ဗျ။ Public ကျတော့ ကိုယ့် Friends ရော၊ Friends of Friends ရောအပြင် ကိုယ်နဲ့ မသိတဲ့သူတွေကပါကြည့်နေလို့ရတာပါ။ ဒီတော့ Friends of Friends ဆိုတာ Public နဲ့ Friends ကြားမှာရှိနေတာဖြစ်ပါတယ်။

Friends ဋီကာ ဖွဲ့ပြပါဦးမယ်။ ဇော်က မိုးမိုးနဲ့ သူငယ်ချင်းပါ။ မိုးမိုးက ဦးကျော်နဲ့ သူငယ်ချင်းပါ။ ဒီတော့ ဇော်နဲ့ မိုးက Friends ဖြစ်ပါတယ်။ မိုးနဲ့ ဦးကျော်ကလည်း Friends ဖြစ်ပါတယ်။

ဇော်က ဦးကျော်ကို မိုးနဲ့ပတ်သက်ပြီးမှ သိရတာကြောင့် ဇော်နဲ့ ဦးကျော် Friends of Friends ဖြစ်ပါတယ်။ (မတော်ချင်လည်း တော်ရတော့မယ်။) ကဲ ကောင်းပါပြီ။ မိုး ဘက်ကကြည့်ရင်တော့ အလယ်ကလူ ဖြစ်ပါတယ်။ ဒါကြောင့် မိုးဟာ ဇော်နဲ့ ဦးကျော်ကြားက Mutual Friend ဖြစ်ပါတယ်။ ဒါလေးကို ပြောချင်တာ။ ဒါလေးပြောချင်တာများ မသိရင် ဇော့်ကိုချစ်မလား ကျော်ကိုချစ်မလား ဇာတ်ကားကြနေတာပဲ။

## ❖ **Specific People or List ဆိုတာ**

သူကျတော့ Specific ဖြစ်သွားပြီ။ ဘယ်သူဘယ်ဝါ အတိအကျပြောတာဖြစ်ပါတယ်။ လူတစ်ဦးချင်း ပဲဖြစ်ဖြစ် အုပ်စုလိုက်ပဲဖြစ်ဖြစ် တိတိကျကျပြောထားတာဖြစ်ပါတယ်။ ကဲ အဲ့ဒီ Specific People or List ဆိုတာကို ရွေးလိုက်ရင် အဲ့ဒီအောက်မှာ စာရိုက်ဖို့အတွက် Box လေးတစ်ခုကျလာပါလိမ့်မယ်။ အဲ့ဒီမှာ ကိုယ်ကြည့်စေချင်တဲ့သူကို ရိုက်ထည့်၍သော်လည်းကောင်း အစစာလုံးနှိပ်ပြီး ရွေးပေး၍သော်လည်းကောင်း ပြုလုပ်နိုင်ပါတယ်။ အခုလောလောဆယ် သင့်အနေနဲ့ ဘယ်သူနဲ့မှ Friend မလုပ်ရသေးတာကြောင့် အဲ့ဒီမှာ ဘာမှပေါ်လာမှာမဟုတ်ပါဘူး။ အောက်ကပုံကတော့ အခြား Account နဲ့ ဇော်ပြထားတဲ့ပုံဖြစ်ပါတယ်။


ပုံ ၃၃




အဲ့ဒီမှာ သက်ဆိုင်ရာလူကိုရွေးပြီးရင် Save Changes လုပ်ပေးရမှာဖြစ်ပါတယ်။

တကယ်တော့ ဒီ Custom Box မှာအပိုင်းအားဖြင့် ၂ ပိုင်းရှိပါတယ်။ နောက်တစ်ပိုင်းကတော့ Hide this from ဖြစ်ပါတယ်။ သူကျတော့ အပေါ်က Make this Visible to နဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ Make this Visible to က ဒီလူကိုတော့ မြင်စေချင်တယ်။ Hide this from ကတော့ ဒီလူကိုတော့ဖြင့် မမြင်စေချင်ဘူး။ ဆိုတော့ကား သူကလွဲ၍ပေါ့။ ချန်ထားစေချင်တဲ့အခါမှာသုံးပါတယ်။

ပုံ ၃၄




ကဲ အဲ့ဒီမှာလည်း အစစာလုံးရိုက်လိုက်တာနဲ့ ကိုယ်ဖယ်ထားခဲ့ချင်တဲ့သူကို ရွေးပေးနိုင်ပါတယ်။ အရွေးခံရတဲ့သူကလွဲပြီး ကျန်တဲ့သူတိုင်းက ကိုယ့် Post ကိုတွေ့မှာဖြစ်ပါတယ်။ ပြီးရင်တော့ Save Changes လို့ပြောလိုက်ပါ။

ကဲ ဒါဆို ကျွန်တော်ရှင်းပြချင်တာလေးပြီးသွားပါပြီ။ ဒါကြောင့် ခုနက Basic Informaion ဖြည့်တဲ့ သင်ခန်းစာကိုပြန်သွားရအောင်။

## ၁.၉ Edit Profile (Basic Information) မှအဆင့်


အိုကေပါ။ အခုကျွန်တော်ရှင်းပြချင်တာလေးကို ရှင်းပြလို့ပြီးသွားပြီဖြစ်တာကြောင့် ကျွန်တော်တို့ ဖြည့်ထားတဲ့ Basic Information တွေကို သိမ်းလိုက်ကြရအောင်။

ဒီတော့ အောက်ဆုံးမှာ Save Changes ဆိုတာရှိပါတယ်။ အဲ့ဒါလေးကို နှိပ်ပြီး ကျွန်တော်တို့ ဖြည့်ထားတာတွေကို Save လုပ်လိုက်ပါ။ ကောင်းပါပြီ။ ဒါဆို အခုကျွန်တော်တို့ဖြည့်လိုက်တဲ့အကြောင်းအရာ တွေက Profile Info Page မှာသွားပေါ်နေပါလိမ့်မယ်။ အခုလောလောဆယ် အဲ့ဒါကို သွားမကြည့်သေးဘူး။ ဒါပြီးလေ့လာရအောင်။

## ၁.၁၀ Edit Profile - Friends and Family တို့ဖြည့်စွက်ခြင်း

Edit Profile နှင့် ပတ်သက်ပြီး Basic Information တွေဖြည့်ခဲ့ပြီးတဲ့နောက်မှာ အဲ့ဒီ Page ရဲ့ ဘယ်ဘက်အခြမ်းမှာ Friends and Family ဆိုတာရှိပါလိမ့်မယ်။ အဲ့ဒါကိုနှိပ်လိုက်ပါ။ အောက်က Box ပေါ် လာပါလိမ့်မယ်။ အဲ့ဒီမှာ မိသားစုနှင့်ပတ်သက်တာ သူငယ်ချင်းနှင့်ပတ်သက်တာလေးတွေဖြည့်ရအောင်။

ပုံ ၃၅



ပထမဦးဆုံး Relationship Status ကိုဖြည့်ရအောင်။ အဲ့ဒီ Dropdown List ကိုနှိပ်လိုက်ရင်အဲ့ဒီမှာ Single လား၊ Double လားအဲ့လေ Married လား စသဖြင့်မေးနေပါလိမ့်မယ်။ ကွာရှင်းထားတာလား။ စေ့စပ်ထားတာလား။ ချစ်သူရည်းစားလား။ စသဖြင့်တွေ့ပါလိမ့်မယ်။ ဒီတော့ သင့်အနေနဲ့ Single ဆိုလဲ Single ပေါ့။ Married ဆိုလည်း Married ပေါ့။ Married လို့ရွေးလိုက်ရင်တော့ အောက်မှာ သင့်ရဲ့ အိမ်ထောင်ဖက်ကို ထည့်ပေးရလိမ့်မယ်။ အဲ့သလိုထည့်လိုက်တာနဲ့ သူ့ဘေးမှာ ပုံလေးပေါ်လာလိမ့်မယ်။ တစ်ခုတော့ရှိတာပေါ့လေ အိမ်ထောင်ဖက် Facebook User နဂိုကတည်းကဖြစ်နေဖို့လိုတယ်။ ဒါမှရွေးလို့ရမှာကိုး။ ပြီးရင်အောက်မှာ Anniversary ကို ရွေးပေးလိုက်ပါဦး။

နောက်တစ်ခုက Family ဖြစ်ပါတယ်။ အဲ့ဒီမှာ အဖေ၊ အမေ ညီအစ်ကိုမောင်နှမ စသဖြင့်ထည့်ပေးလို့ရပါတယ်။ ပြီးရင် ထုံးစံအတိုင်း နာမည်ထည့်လိုက်ရင်ပုံပေါ်လာပါလိမ့်မယ်။ ထပ်လိုချင်ရင်တော့ Add another Family Member ကိုနှိပ်ပြီးရယူနိုင်ပါတယ်။ ကဲ ပြီးရင် အဲ့ဒီမှာ Save Changes လုပ်လိုက်ပါ။ အဲ့ဒီလို လုပ်လိုက်တဲ့အခါမှာ သက်ဆိုင်ရာ လူများကို သွားပြီး Confirm လုပ်ပါလိမ့်မယ်။ သူတို့က အဲ့ဒီ တော်စပ်မှုဟာ မှန်ကန်ပါတယ်လို့ Confirm လုပ်လိုက်မှ သင့်ရဲ့ Profile Page မှာ လာပြီးပြပေးမှာဖြစ်ပါတယ်။

## ၁.၁၁ Edit Profile - Education and Work ကိုဖြည့်စွက်ခြင်း


ဒီတစ်ခါ Education and Work ကိုဖြည့်ကြရအောင်။ Screen ရဲ့ ဘယ်ဘက်အခြမ်းက Education and Work ကိုနှိပ်လိုက်ပါ။ အောက်ကပုံပေါ်လာပါလိမ့်မယ်။

ပုံ ၃၆




အဲ့ဒီမှာ Employer အကွက်ကိုစဖြည့်ပါမယ်။ ကိုယ်အခုလုပ်နေတဲ့ လုပ်ငန်းနာမည်ကိုဖြည့်ပါ။ ပြီးရင် Enter Key ကိုနှိပ်လိုက်ပါ။ ဒါဆို နောက်ထပ် ကွက်လပ်တွေထပ်ကျလာပါလိမ့်မယ်။ အဲ့ဒီမှာ ရာထူးကိုထပ်ဖြည့်ပေးနိုင်ပါတယ်။ ပြီးရင် Add Job ကိုနှိပ်ပါ။ ပုံမှာလည်းပြထားတယ်။

ပုံ ၃၇




နောက်တစ်ခါ College/University ကို ထပ်ဖြည့်ပါဦးမယ်။ ပုံမှာပြထားသလို College/Univer


ပုံ ၃၈



sity မှာ မိမိတက်ခဲ့တဲ့ College/University ကိုရိုက်ထည့်ပါ။ အခုတော့ Dagon University လို့ရိုက်ထည့် လိုက်ပါတယ်။ ပြီးရင် Enter ရိုက်လိုက်ပါ။ အဲ့ဒီအခါ နောက်ထပ် ကွက်လပ်တွေထပ်ပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာဘယ်နှစ်ကနေ ဘယ်နှစ်ထိတက်ခဲ့တယ်ဆိုတာကိုပြောချင်ရင် Time Period မှာ Add Year ကိုနှိပ်ပြီး ပြောနိုင်ပါတယ်။ အောက်မှာ ဘာကိုစိတ်ဝင်စားသလဲဆိုတာတွေလည်းဖြည့်နိုင်ပါတယ်။ ကဲပြီးရင် Add School တွင်နှိပ်လိုက်ပါ။

ဒီတစ်ခါ High School ကိုဖြည့်ပါမယ်။ High School ကွက်လပ်မှာမိမိတက်ခဲ့သော အထက်တန်း ကျောင်းကို ရိုက်ထည့်ပါမယ်။ B.E.H.S No.5 Botatung လို့ရိုက်ထည့်လိုက်ပါတယ်။ ပြီးရင် Enter Key ကိုနှိပ်လိုက်ပါ။ ပြီးရင် အောက်မှာ Time Period ရှိပါတယ်။ အဲ့ဒီမှာ Add Year ကိုနှိပ်ပြီးပြောနိုင်ပါတယ်။ ကျွန်တော်ကတော့ မပြောတော့ပါဘူး။ ပြီးရင် Add School မှာနှိပ်လိုက်ပါ။ ဒါဆို ပြီးပါပြီ။

ပုံ ၃၉





အဲ့ဒီလို ဖြည့်စွက်ခဲ့တဲ့အကြောင်းအရာတွေကို ပြန်လည်ပြင်ဆင်လိုရင်ဖြင့် သက်ဆိုင်ရာအကွက်ရဲ့ ညာဖက်မှာ Edit ဆိုတာရှိပါတယ်။ ၎င်း Edit ကိုနှိပ်၍ ပြန်လည်ပြင်ဆင်ပေးနိုင်ပါတယ်။

## ၁.၁၂ Edit Profile - Philosophy ကိုဖြည့်စွက်ခြင်း

ဒီတစ်ခါ Philosophy ကိုဖြည့်ကြရအောင်။ Screen ရဲ့ ဘယ်ဘက်အခြမ်းက Philosophy မှာ နှိပ် လိုက်ပါ။ ဒါဆိုရင် တစ်ဖက်စာမျက်နှာမှာပြထားတဲ့ ပုံအတိုင်းတွေ့ရပါလိမ့်မယ်။

ပုံ ၄၀




အဲ့ဒီမှာ ကျွန်တော်တို့ရဲ့ Religion ဘာသာတရားတွေ၊ အဲ့ဒီအပေါ်အမြင်တွေ၊ Political Views နိုင်ငံရေးအမြင်တွေ၊ People Who Inspire You ကိုယ်လေးစားရတဲ့သူတွေ (နာမည်ရိုက်ထည့်လိုက်တာနဲ့ ပုံပေါ်လာမယ်)၊ Favorite Quotations ကိုယ်သဘောကျခဲ့တဲ့ မှတ်ချက်ကောက်နုတ်ချက်တွေကိုဖော်ပြနိုင်ပါတယ်။ အဲ့ဒီလို ဖော်ပြ ခြင်းဖြင့် အခြားသူတွေက ကိုယ့်စိတ်ကဘယ်လိုလဲ ဘယ်လိုလူစားလည်းဆိုတာကို သိသွားမှာဖြစ်ပါတယ်။ ပြီးရင် Save Changes လုပ်လိုက်ပါ။ နောက်တစ်ခုကို ဆက်လုပ်ကြရအောင်။

## ၁.၁၃ Edit Profile - Arts and Entertainment ကိုဖြည့်စွက်ခြင်း

နောက်ဆုံးတစ်ခုအနေနဲ့ Arts and Entertainment ကိုဖြည့်ကြရအောင်။ ကျန်တဲ့ Sports တို့၊ Activities and Interests တို့ကိုဖြည့်မပြတော့ဘူးနော်။ တော်ကြာ ရှေ့ကို ရောက်မှာမဟုတ်တော့ဘူး။ အခုလောက်ဆို လုပ်တတ်နေပြီပဲနော်။ (ဟယ် သနားစရာလေသံလေးနဲ့) ကဲ ကောင်းပါပြီ။ Arts and Entertainment ဆိုတော့ ကိုယ့်ကြိုက်တဲ့ အနုပညာနဲ့ဖျော်ဖြေရေးတွေကိုဖြည့်ရမှာဖြစ်ပါတယ်။ အကြိုက်တူတာချင်း သူငယ်ချင်းဖြစ်လို့ရတာပေါ့ဗျာ။ ဒါကြောင့် ကိုယ်ဘာဂီတ ကြိုက်သလဲ ဘယ်အနုပညာရှင်ကြိုက်လဲ ဘယ်လို စာအုပ်တွေကြိုက်လဲ။ ဘယ်လို Movie ကြိုက်လဲ၊ ဘယ် TV Series ကိုကြိုက်လဲ၊ ဘယ်လို


Game မျိုးကြိုက်သလဲ ရိုက်ထည့်ပေးလို့ရပါတယ်။ ကျွန်တော်ကတော့ Music မှာ ကျွန်တော်ကြိုက်တဲ့ Joe Satriani ရယ်၊ Stevai ရယ်၊ Yngwie J Malmsteen ရယ်၊ Metallica ရယ်ကိုထည့်လိုက်ပါတယ်။ သူ့ဘာသာသူ ပုံလေးတွေပေါ်လာပါလိမ့်မယ်။

ပုံ ၄၁




နောက်တော့ စာအုပ်မှာ Harry Potter ကို ထည့်လိုက်ပါတယ်။

ပုံ ၄၂




အဲ့ဒီလိုပဲကျန်တဲ့ Movies တွေ၊ TV Series တွေ၊ Games တွေကိုဖြည့်ပေးပါ။ မဖြည့်လည်းရပါတယ်။ အားလုံးပြီးသွားရင်တော့ Save Changes ကိုနှိပ်လိုက်ပါ။

ကောင်းပါပြီ။ ဒါဆို Arts and Entertainment ပြီးသွားပါပြီ။ ကျန်တဲ့ Sports နဲ့ Activities and Interests ကိုလုပ်မပြတော့ပါဘူး။ ကိုယ့်ဘာသာကိုယ်ပဲလုပ်ကြည့်လိုက်ပါ။ Sports ဆိုတော့အားကစားဖြစ်ပြီး Activities နှင့် Interests ကတော့ ကိုယ့်စိတ်ဝင်စားတာတွေ၊ ကိုယ်လုပ်ဖြစ်နေတာလေးတွေကို ဖြည့်ရမှာဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ Contact Information ဖြစ်ပါတယ်။ အဲ့ဒါကတော့ အခြားလူတွေကနေကိုယ့်ကို ဘယ်လိုဆက်သွယ်ရမလဲဆိုတဲ့ လိပ်စာကို ပေးဖို့ ဖြစ်ပါတယ်။ ဒါကတော့သေချာစဉ်းစားပါ။ ကိုယ်နဲ့မသိသူတွေကလည်း အဲ့ဒီ Contact Information နဲ့ ကိုယ့်ကိုဆက်သွယ်လာနိုင်တာတို့

မထင်မှတ်တာတွေ၊ မလိုလားအပ်တာတွေလည်းဖြစ်ပေါ်လာနိုင်ပါတယ်။

ကဲ အားလုံးပြီးသွားရင်တော့ ညာဖက်အပေါ်ဆုံးမှာ View My Profile ဆိုတဲ့ Button ကိုနှိပ်လိုက်ပါ။ ဒါဆို ကိုယ့်ရဲ့ Profile Page က Info ကိုရောက်သွားပါလိမ့်မယ်။ အဲ့ဒီမှာ ကျွန်တော်တို့ ခုနကဖြည့်ထားတဲ့ အကြောင်းအရာတွေကို အကုန်ပြန်မြင်ရပြီဖြစ်ပါတယ်။ ဒီသင်ခန်းစာမှာ တစ်ခုသတိပေးချင်တာက ကိုယ့် Information တွေကို Public ကိုပေးကြည့်မလား။ Friend ပဲပေးကြည့်မလား ဒါကိုမမေ့ပါနဲ့။

ကဲ ဖြည့်တာတွေအားလုံးပြီးပြီဆိုတော့ နောက်သင်ခန်းစာတစ်ခုကိုဆက်ပါမယ်။

## ၁.၁၄ **Friend ရှာတော့မယ်**

ကဲ Facebook ထဲရောက်ပြီဆိုမှတော့ တစ်ယောက်တည်းမနေချင်လို့ပေါ့။ ဒီတော့သူငယ်ချင်းတွေ ရှာကြမယ်။ ကိုယ့်ကနေ သူငယ်ချင်းတွေကိုရှာတာကို Invite လုပ်တာလို့ခေါ်ပြီး အခြားသူတွေကလည်း ကိုယ်နဲ့ Friend လုပ်ချင်တာမျိုးကိုတော့ ကိုယ်က Confirm လုပ်တယ်လို့ခေါ်ပါတယ်။ ဆိုလိုတာက ကိုယ်က Invite လုပ်တာလည်းရှိမယ်။ ကိုယ့်ကို Invite လုပ်လာတာလည်းရှိမယ်။ ကိုယ် Invite လုပ်ထားတာကို သူက လက်ခံလိုက်တာကို ကိုယ့်ဘက်ကနေပြောရင် Accept လုပ်လိုက်တယ်လို့ခေါ်ပြီး သူ့ဘက်ကဆိုရင် ကိုယ့်ကို Confirm လုပ်လိုက်တာဖြစ်ပါတယ်။ တဖက်လှည့်ပြန်ပြောရရင် သူ Invite လုပ်ထားတာကို ကိုယ်က Confirm လုပ်လိုက်တာဟာ သူ့ကို လက်ခံလိုက်တာ Accept လုပ်လိုက်တာပဲဖြစ်ပါတယ်။

ဒီတော့ ကိုယ်ကတော့ Facebook ထဲအခုမှရောက်လာတယ်။ အရင်ကတည်းက Facebook ထဲမှာ ရှိနှင့်နေပြီးသား Facebook User ထဲက ကိုယ်နဲ့သိကျွမ်းခဲ့သူတွေကို ရှာမယ်ဆိုရင် နည်းလမ်း ၃ မျိုးလောက် နဲ့ရှာလို့ရပါတယ်။ အဲ့ဒါတွေကတော့ -

၁။ နာမည်ဖြင့်ရှာခြင်း

၂။ Email ဖြင့်ရှာခြင်း


၃။ Facebook မှ ဒီလူတွေကို သင့်အနေနဲ့ သိနိုင်ပါတယ်ဆိုပြီး အကြံပေးမှုဖြင့်ရှာခြင်း တို့ဖြစ်ကြပါတယ်။

ကဲ ကောင်းပါပြီ။ အခုကျွန်တော်တို့ Facebook ပေါ်က ကိုယ့်သူငယ်ချင်းတွေကို နာမည်ဖြင့် ဘယ်လို ရှာရမလဲဆိုတာကို ဦးစွာဖော်ပြပေးပါမယ်။ လူပျောက်ရှာသလိုပဲနော်။ အဲ့ဒီလိုပဲ သဘောထားလဲရပါတယ်။ ဒီထဲရောက်မှ ပြန်တွေ့သွားတဲ့သူတွေအများကြီး။ အယ် ကြည့် စိတ်ကူးနေပြီ ငယ်ရည်းစားလေးကိုရှာတော့မယ်။

## ❖ နာမည်ဖြင့်ရှာခြင်း

အောက်ကပုံမှာပြထားသလိုပါပဲ Facebook ရဲ့အပေါ်ဆုံးက အပြာရောင်ဘားတန်းမှာ Search Box ရှိပါတယ်။ အဲ့ဒီ Search Box မှာ ကိုယ်နဲ့သိတဲ့သူတွေရှိများရှိနေမလားဆိုပြီး ၎င်းတို့ရဲ့ အမည်များကို ရိုက်ထည့်၍ရှာရမှာဖြစ်ပါတယ်။ တစ်ခုတော့ရှိတာပေါ့ သူတို့က သူတို့အမည်အတိုင်း Facebook Account မလုပ်ထားရင်တော့တွေ့မှာမဟုတ်ပါဘူး။ ကဲ အခုတော့ကျွန်တော်က "ချစ်ကို" ဆိုတဲ့သူကို ရှာမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်က Chit လို့ရိုက်ထည့်လိုက်ပါတယ်။ အဲ့ဒီမှာ Chit နဲ့ပတ်သက်တာတွေကျလာလို့နေပါပြီ။ သင်တို့အနေနဲ့ အခုမှ Account အသစ်တစ်ခုတည်ဆောက်ထားတာဖြစ်တာကြောင့် အဲ့ဒီလိုကျလာဦးမှာမဟုတ်ပါ။ Chit Ko ဆိုပြီးနာမည်အပြည့်အစုံရိုက်လိုက်ရပါမယ်။ ပြီးရင် အဲ့ဒီဘေးမှာရှိတဲ့ မှန်ဘီလူးပုံလေးကို နှိပ်လိုက်ပါ။ သို့မဟုတ် Enter ရိုက်လိုက်ပါ။ အဲ့ဒီအခါကျမှ ရိုက်ထည့်လိုက်တဲ့နာမည် ကိုလိုက်ရှာမှာဖြစ်ပါတယ်။ တွေ့ပြီဆိုတဲ့အခါ ပုံ ၄၄ လိုလာပြနေမှာဖြစ်ပါတယ်။

ပုံ ၄၄




အကယ်၍တွေ့ခဲ့လျှင်လည်း ၎င်း နာမည်ဟာ နာမည်တူအများကြီးရှိတယ်ဆို ရှိသလောက်လာပြနေပါလိမ့်မယ်။ ထို့အတူ နာမည်ဆင်တူ များကိုလည်းလာပြနေပါလိမ့်မယ်။ အဲ့ဒီမှာ ကိုယ်က ပုံလေးကို ကြည့်ပြီး ကိုယ်နဲ့သိတဲ့သူဟုတ်မဟုတ်ကို ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အကယ်၍များ သူ့ ဓါတ်ပုံကိုကြည့်လိုက်လို့မှ ကိုယ့်သူငယ်ချင်းဟုတ်မဟုတ်မကျိန်းသေးဘူးဆိုရင် အဲ့ဒီ Account Name မှာနှိပ်ပြီး အဲ့ဒီလူရဲ့ တနည်းအားဖြင့်

သက်ဆိုင်ရာ Account ရဲ့ Profile ကို သွားကြည့်ပါ။ အဲ့ဒီက Information များကိုကြည့်ပြီး ကိုယ့်ဘော်ဒါ ဟုတ်မဟုတ်သိနိုင်ပါတယ်။

ပုံ ၄၄





ကဲ အခု ကိုယ်ရှာချင်တဲ့သူကိုလည်းတွေ့ပြီဆိုပါတော့ လူလည်းမှန်တယ်ဆိုပါတော့ ဒါဆို အဲ့ဒီလူရဲ့ ဘေးမှာ Add Friend ဆိုတဲ့ Button လေးရှိပါတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ ဒါဆို တစ်ဘက်ကပုံမှာ ပြထားသလိုပါပဲ ကျွန်တော်ရဲ့ Invite လုပ်မှုကို Facebook က ၎င်းလူဆီပို့ပေးပါလိမ့်မယ်။ ပုံမှာမြင်ရတဲ့အတိုင်းပဲ Friend Request Sent ဆိုပြီးပြပါလိမ့်မယ်။ နောက်တစ်ခါအဲ့ဒီအောက်မှာ Menu လေးတစ်ခုကျလာပါလိမ့်မယ်။ ၎င်း Menu လေးကတော့ ယခု Invite လုပ်လိုက်တဲ့သူဟာ ဘယ်တုန်းကသိတာလဲ ဘယ်အုပ်စုထဲကို ထည့်ပေးရမလဲလို့မေးနေတာပါ။ ဥပမာ ကိုယ့် သူငယ်ချင်းအရင်းကြီးဆို Close Friends ကိုရွေးလို့ရပါတယ်။ စသဖြင့် Dagon University တုန်းကလည်း ကိုယ့်အလုပ်ကလားစသဖြင့်ပေါ့ဗျာ Friends တွေကို Group ခွဲထုတ်လိုက်တာဖြစ်ပါတယ်။ လောလောဆယ် အဲ့ဒီမှာ ဘာမှမရွေးပေးလည်းရပါတယ်။ ဒီအတိုင်းထားလိုက်ပေါ့။

နောက်တစ်ခုက ကိုယ်က အဲ့ဒီလူကို တစ်ခုခု Message ပို့ချင်တယ်ဆိုရင်လည်း အဲ့ဒီလူနာမည်ရဲ့ အောက်မှာ Send Message ဆိုတာရှိပါလိမ့်မယ်။ အဲ့ဒါကိုနှိပ်ပြီး ပေးပို့နိုင်ပါတယ်။ ဆိုလိုတာက သူငယ်ချင်း ဖြစ်ဖို့ သူဖက်က ကိုယ့်ကိုယ် မမှတ်မိတာမျိုးဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုနဲ့ပတ်သက်တာပဲဖြစ်စေ သူ့ကို Message ပို့ချင်တဲ့အခါမှာ အဲ့ဒီ Send Message ကိုအသုံးပြုနိုင်ပါတယ်။

ပုံ ၄၅




ပုံ ၄၆





ကဲ ပြီးရင်တော့ ကိုယ့်ဘက်ကဘာမှဆက်လုပ်စရာမရှိတော့ဘူး။ ကိုယ့်ကိုသူလက်ခံတယ်ဆိုရင် သူ့ဘက်ကနေ Accept (Confirm) လုပ်ပါလိမ့်မယ်။ လုပ်လိုက်ရင် သူနဲ့ကိုယ်နဲ့ Friend ဖြစ်သွားပါပြီ။ အဲ့ဒီလိုမဟုတ်ဘဲ သူက ကိုယ့်ကို Accept မလုပ်ရင် လောလောဆယ်သူနဲ့ ကိုယ်နဲ့ Friend မဖြစ်သေးပါဘူး။ ရည်းစားစိကအဖြေစောင့်ရသလိုပဲနော်။ ဒါပေမယ့် ဒီမှာတော့ ပေါသောနေအောင် Friend ဖြစ်နေကျတာကြီးပါပဲ။ ဒါမှလည်း Social Networking ပီသတော့မှာပေါ့။

### ❖ Email ဖြင့်ရှာခြင်း

Facebook ထဲမှာ ကိုယ့်မိတ်ဆွေတွေကို Email ဖြင့်ရှာမယ်ဆို အဲ့ဒီလူတွေရဲ့ Email လိပ်စာကိုတော့ သိထားရမှာဖြစ်ပါတယ်။ မဟုတ်ရင်ရှာလို့ရမှာမဟုတ်ပါဘူး။ ကောင်းပါပြီ။ အခု အဲ့ဒီလူရဲ့ Email ကို သိတယ် ဆိုပါတော့။ ဒါဆို ခုနကအပေါ်ကသင်ခန်းစာအတိုင်း Search Box မှာ အဲ့ဒီလူရဲ့ Email လိပ်စာကိုရိုက်ထည့် လိုက်ပါ။ အောက်မှာဖော်ပြထားတဲ့ပုံလိုပေါ်လိမ့်မယ်။ ပေါ်ချင်မှလည်းပေါ်လိမ့်မယ်။ မပေါ်ရင် မှန်ဘီးလူကိုနှိပ်ပါ။

ပုံ ၄၇




အခုအပေါ်ကပုံအတိုင်းဆို Ko Htike ဆိုတဲ့လူက zawlinyouth@gmail.com ကိုရှာနေတာဖြစ်ပါ တယ်။ ကဲ အဲ့ဒီလိုမှန်ဘီးလူကိုနှိပ်ပြီးရှာလိုက်တော့အောက်ကပုံလိုပေါ်ပါလိမ့်မယ်။

ပုံ ၄၈




ဒါဆိုရင် သင်သိသွားပြီ။ အဲ့ဒီမှာ Add Friend ဆိုတာရှိတယ်။ ကိုယ့်သူငယ်ချင်းဟုတ်နေပြီဆိုရင် ရှေ့မှာပြောခဲ့တဲ့အတိုင်း ၎င်း Add Friend ကို နှိပ်လိုက်ပါတော့။ ကျန်တာတွေကတော့ ခုနကပြောခဲ့တဲ့ အတိုင်းပဲ အဖြေကိုထိုင်စောင့်ပေါ့။

## ❖ **People you May Know** ဖြင့်ရှာခြင်း

Facebook ကနေမှ People you May Know ဟုဆိုကာ Account Name တွေကို သင့် Facebook ရဲ့ Screen ညာဖက်မှာ သို့တည်းမဟုတ် အောက်ဖက်မှာ လာပြီးအမြဲပြတတ်ပါတယ်။ အဲ့ဒီကနေလည်း သင့်သူငယ်ချင်းတွေကိုရှာဖွေနိုင်ပါတယ်။ ဟုတ်တယ်ဆိုရင် အဲ့ဒီ Account Name ရဲ့အောက်မှာ Add Friend ဆိုတာရှိပါတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ ဒါဆို Friend Request Sent လုပ်ပါလိမ့်မယ်။ ကောင်းပါပြီ။ ကျန်တာတွေကတော့ အတူတူပါပဲ။

ပုံ ၄၉




အပေါ်ကပုံမှာ ဝိုင်းပြထားတဲ့နေရာမှာကြည့်လိုက်ပါ။ အဲ့ဒီမှာ See All ဆိုတာကိုတွေ့လိမ့်မယ်။ အဲ့ဒါလေးကို နှိပ်လိုက်ရင် People you May Know နဲ့ပတ်သက်ပြီးရှိသမျှ အကုန်ထုတ်ပြပါလိမ့်မယ်။ အဲ့ဒီမှာ တဖြုတ်ကြီးထွက်လာမှာဗျ။ အဲ့ဒီမှာ ကိုယ့်ဘော်ဒါတွေကို တစ်ယောက်ချင်းလိုက်သာရှာပေတော့။

ပုံ ၅၀




အခုတစ်ခါ ကျွန်တော်က ကိုယ့်က Invite လုပ်တာမဟုတ်ဘဲ ကိုယ့်ကို Invite လုပ်တာတွေကို ဘယ်လို Confirm ပြန်လုပ်ရမလဲဆိုတာကိုပြောပြသွားမှာဖြစ်ပါတယ်။

## ၁.၁၅ Friend အဖြစ်ကိုယ်ဘက်ကလက်ခံခြင်း

ကိုယ့်ကို Invite လုပ်ထားတဲ့သူတွေကို Accept လုပ်ကြည့်ကြရအောင်။

ကဲ အပြာရောင်ဘားတန်းက Friend Request ကိုနှိပ်လိုက်လို့ ပုံမှာပြထားတဲ့အတိုင်း ကျလာပြီဆိုရင် အဲ့ဒီမှာကိုယ့်ကို Friend အဖြစ်လက်ခံပေးဖို့ စောင့်နေကြတဲ့သူတွေကို တွေ့ရပါလိမ့်မယ်။ ကိုယ်က သူတို့ကို လက်ခံသင့်မသင့် ချင့်ချိန်စဉ်းစားချင်ရင် သူတို့ရဲ့ Profile Page ကို သွားကြည့်လိုက်ပေါ့။ ကိုယ်နဲ့သိတာလား အပ်စပ်လား မအပ်စပ်ဘူးလား သီချင်းထဲကလို ဂုဏ်ရည်လေးများတူရင်တော့ ဟုတ်လား အဲ့သလိုတော့မဟုတ်ပါဘူးဗျ ကဲ သူတို့ရဲ့ Profile Page ကိုသွား ချင်ရင် အဲ့ဒီမှာ အဲ့ဒီလူနာမည်မှာ တစ်ချက်နှိပ်လိုက်လေ။ သူ့ရဲ့ Profile Page ကိုရောက်သွားလိမ့်မယ်။

အကယ်၍ကိုယ်က သူ့ကို လက်ခံမယ်ဆိုရင်တော့ Confirm မှာနှိပ်ပါ။ အခုလောလောဆယ်လက်

သင့်မခံသေးချင်ရင်တော့ Not Now ကိုနှိပ်နိုင်ပါတယ်။

ပုံ ၅၁




ကဲ ဒီဆိုအပေါ်ကပုံမှာမြင်နေရတဲ့အတိုင်းပဲ Confirm လုပ်မလား၊ Not Now လုပ်မလား သို့မဟုတ် Profile ကို သွားကြည့်မလား လုပ်နိုင်ပါတယ်။

## ၁. ၁၆ Friend များကို ကြည့်ရှုခြင်း

ပုံ ၅၂



ကဲ အခုလို Friends တွေကိုလက်ခံပြီးသွားတဲ့အခါမှာ ကိုယ့်မှာရှိနေတဲ့ Friends တွေကို တစ်စုတစ်စည်းတည်းမြင်ချင်တယ်ဆိုရင်တော့ Facebook ရဲ့ ဘယ်ဘက်အခြမ်းက Friends မှာနှိပ်လိုက်ပါ။ ဒါဆိုရင် ကိုယ်နဲ့ Friends ဖြစ်နေတဲ့သူတွေကို တစ်စုတစ်စည်းတည်းတွေမြင်ရပါပြီ။ ပုံ ၅၂ မှာတွေ့နိုင်ပါတယ်။

## ၁. ၁၇ **Friend** များကို စုစည်းခြင်း

ကျွန်တော်တို့ တဖြည်းဖြည်းနဲ့ Friends တွေများလာပြီဆိုလျှင် Friends တွေကို သူ့ List နဲ့သူခွဲထားတာကောင်းပါတယ်။ ဆိုလိုတာကအရင်းနှီးဆုံး သူငယ်ချင်း ဒါဆို Close Friend ပေ့ါ။ နောက်ပြီး ကျောင်းတုန်းက သူငယ်ချင်း၊ အလုပ်က သူငယ်ချင်း စသဖြင့် List တွေခွဲထားနိုင်ပါတယ်။ ခွဲလည်းခွဲထားသင့်ပါတယ်။ ဒါမှသာလျှင် Post တွေ Photos တွေတင်တဲ့အခါ ဒီ Post ကတော့ ဘယ်သူတွေကိုမြင်စေချင်တယ်၊ ဘယ်သူတွေကိုပဲ သိစေချင်တယ်ဆိုပြီးခွဲလို့ရမှာဖြစ်ပါတယ်။ ဒါကို ရှေ့မှာတုန်းကလည်း Public လား၊ Friend လားဆိုပြီးတော့ ရှင်းပြခဲ့ပြီပါပြီ။ အခုကျတော့ နည်းနည်းပိုအသေးစိတ်သွားတာပေ့ါ။ သူငယ်ချင်းအရင်းကြီးလား၊ အသင်းအဖွဲ့ကလား၊ အလုပ်ကလားပေ့ါ ကျောင်းနေခဲ့တုန်းကလားပေ့ါ ဘာလို့လည်းဆိုတော့ ကိုယ်ကတင်လိုက်တဲ့ Post ဒါ မှမဟုတ် ဓါတ်ပုံတစ်ပုံက ကျောင်းတုန်းကအကြောင်းဖြစ်မယ်။ ဒါဆို ဒီ Post ကို ကျောင်းတုန်းကသူတွေပဲ ပေးကြည့်ပေ့ါ။ ကျန်တဲ့သူမြင်တော့လည်း ဒါက ဘာအကြောင်းရာမှန်းမသိ၊ ဘယ်တုန်းက ပုံမှန်းမသိ ဘာမှန်းမသိဘူးကြီးဖြစ်နေမှာပေ့ါဗျာ။ ဒါကြောင့် သူငယ်ချင်းတွေကို Lists တွေနှင့်ခွဲထားသင့်ပါတယ်။ အခု ဘယ်လိုခွဲရမလဲဆိုတာကိုပြောပြပါတော့မယ်။

၁။ ကဲ အခု သင့် Account နဲ့ Facebook ရဲ့ Home Page မှာရှိနေပါစေ။ ပြီးရင် Facebook ရဲ့ ဘယ်ဘက်အခြမ်းမှာ Lists ဆိုတာရှိပါတယ်။

၂။ အဲ့ဒီကိုသွားလိုက်ရင် သူ့ညာဖက်မှာ More ဆိုတာလေးပေါ်လာ လိမ့်မယ်။ အဲ့ဒီ More ကိုနှိပ်လိုက်ပါ။ ပုံ ၅၃ ကိုကြည့်လိုက်ပါ။

၃။ ဒါဆို ပုံ ၅၄ ပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ နဂိုကတည်းကိုကတည်ဆောက်ပြီးသားအုပ်စုလေးတွေရှိပါတယ်။ အဲ့ဒါကိုမှ ကိုယ်က ထပ်ပြီးတည်ဆောက်ချင်တယ်ဆိုရင် တည်ဆောက်လို့ရပါတယ်။ ထပ်တည်ဆောက်ချင်ရင်တော့ အပေါ်ညာဖက်မှာရှိတဲ့ Create List ကိုတစ်ချက်နှိပ်လိုက်ပါ။

ပုံ ၅၃



facebook
Search
Zaw LinYouth
FAVORITES
Welcome
News Feed
Messages
Events
Find Friends
APPS
Notes
Apps and Games
Photos
Music
Questions
Links
GROUPS
IT Club
New Group...
LISTS
MORE
Acquaintances
YOUTH Computer Co., Ltd, Be
Update Status
Add Photo / Video
Ask Question
What's on your mind?
SORT
Steve Vai
Steve Received a new Gibson acoustic and this is the first thing he played on it. It was improvised on the spot but may be a full song one day.
"HeYaaaandy" #3 Steve Vai acoustic idea
www.youtube.com
Steve Received a new Gibson acoustic and this is the first thing he played on it. It was improvised on the spot but may be a full song one day.
Like · Comment · Share · 2,859 241 391 · about an hour ago
Tin Htoo Khaing
ISP PROXY goes CRAZY again!
The access to requested URL has been denied.
"koheinphotography.blogspot.com"
Like · Comment · 2 hours ago via mobile
Zaw Naing
It is an interesting news to learn that Mr. George Soros, Philanthropist giving away over US$ 8 billion via Soros Foundation and Open Society Institute.

ပုံ ၅၄


facebook
Search
Zaw LinYouth
FAVORITES
Welcome
News Feed
Messages
Events
Find Friends
APPS
Notes
Apps and Games
Photos
Music
Questions
Links
Lists
+ Create List
Close Friends
Subscriptions
Acquaintances
Family
YOUTH Computer Co., Ltd, Beautiful Myanm
Restricted

၄။ ဒါဆို အောက်ကပုံ ပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ ကိုယ်က List ရဲ့ Name ကိုရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။ ပြီးရင် Create လို့ပြောလိုက်ပါ။

ပုံ ၅၅




၅။ ကဲ ဒါဆို အခု MCIA ဆိုတဲ့ List လေးတစ်ခုတည်ဆောက်သွားပြီးပါပြီ။ MCIA ဆိုတာ ဒီ List ရဲ့ နာမည်ပါ။ အဲ့ဒီ List ထဲမှာပါဝင်မယ့် သူငယ်ချင်းတွေကို အခုထည့်လို့ရပါပြီဆိုတဲ့အကြောင်းကိုပြောနေတာပါ။ အောက်ကပုံလေးကိုကြည့်လိုက်ပါ။ အဲ့ဒီမှာ Add Friends ဆိုတာကိုနှိပ်ပေးရပါမယ်။

ပုံ ၅၆



၆။ ကဲ ဒါဆို အောက်ကပုံလေးပေါ်လာလိမ့်မယ်။ အဲ့ဒီမှာ သင့်ရဲ့ Friends တွေကိုတွေ့ရလိမ့်မယ်။ အဲ့ဒီ Friends တွေထဲက ဒီ MCIA ဆိုတဲ့ Friends List ထဲမှာပါဝင်မယ့်သူတွေကိုရွေးပါ။ တစ်ယောက်ထပ်ပိုရင် ကီးဘုတ်ကနေ CTRL Key လေးဖိပြီး Mouse နှင့် Click တစ်ချက်စီလိုက်နှိပ်ပေးပါ။ ပြီးရင် Done ကို နှိပ်လိုက်ပါ။

ပုံ ၅၇




၇။ ကဲ ဒါဆိုရင် MCIA Friend List ထဲကို Friend တွေထည့်သွင်းလို့ပြီးသွားပါပြီ။ အခုပေါ်လာတဲ့ Page က MCIA Friends တွေကပဲ ပို့ထားတဲ့ Posts တွေကိုမြင်တွေ့ရမှာဖြစ်ပါတယ်။ ဆိုတော့ အဲ့ဒီမှာ တစ်ခြား ဘော်ဒါတွေမပါတော့ဘူး။ တနည်းအားဖြင့် MCIA ကဘော်ဒါတွေပဲဖြစ်ပါတယ်။ ဒီလိုမျိုးခွဲလိုက်တော့ တစ်ခုကောင်းသွားတယ်။ သက်ဆိုင်ရာအလိုက်ဖြစ်သွားတာပေါ့။ ဒီတော့ Facebook ရဲ့ ဘယ်ဘက်အခြမ်းကိုကြည့်လိုက်မယ်ဆိုရင်လည်း အခု MCIA ကိုရောက်နေတယ်။ ကျန်တဲ့ Lists တွေကိုနှိပ်ကြည့်လိုက်ရင်လည်း ဒီအတိုင်းပဲ ခွဲထားတဲ့ Lists အတိုင်း အဲ့ဒီ Lists တွေထဲမှာရှိနေတဲ့သူတွေကိုပဲတွေ့ရမှာဖြစ်ပါတယ်။

ပုံ ၅၈





၈.  ကဲ အခု Lists ရဲ့ More ကိုနှိပ်ပေးပါဦး။ ခုနက Page ကို ပြန်ရောက်လာလိမ့်မယ်။ ဒီတစ်ခါ ကျွန်တော်တို့ ရှိပြီးသား List မှာရှိနေကြတဲ့ Friends တွေကို ဒီ List ထဲကနေဖယ်ထုတ်ချင်တာတို့၊ ဒီ List ထဲကို နောက်ထပ် ဘော်ဒါတွေထပ်ထည့်ချင်တာတို့ List ကိုနာမည်ပြောင်းချင်တာတို့ စတာတွေကိုလုပ်ပြပါမယ်။

## ❖ List များကို Manage လုပ်ခြင်း

အခုရောက်နေတဲ့နေရာမှာ Lists တွေပေါ်နေပါလိမ့်မယ်။ တစ်ခုသတိထားမိ လား အဲ့ဒီမှာ ကျွန်တော်တို့ ခုနကလုပ်လိုက်တဲ့ MCIA ဆိုတဲ့ List တစ်ခုရောက်လာပါတယ်။ ပုံ ၅၉ ကိုကြည့်လိုက်ပါ။ နောက်တစ်ခုက ကွာခြားမှုကို ပုံ ၅၄ နှင့်ပြန်ယှဉ်ကြည့်နိုင်ပါတယ်။ အဲ့ဒီထဲကမှ ကျွန်တော်ကခုနကလုပ်ခဲ့တဲ့ MCIA ဆိုတဲ့ List ထဲကို နောက်ထပ် သူငယ်ချင်းများထပ်ထည့်ချင်ပါတယ်။ နောက်ပြီးတစ်ချို့ကိုဖယ် ထုတ်ချင်ပါတယ်။ ဒါဆို အခုမြင်နေရတဲ့ Lists ထဲက MCIA ကို ရွေးလိုက်ပါ။ ဒါဆို ပုံ ၆၀ ပေါ်လာပါလိမ့်မယ်။ အဲ့ဒီ Page ရဲ့ ညာဖက် အပေါ်ထောင့်မှာ Manage Lists ဆိုတာကိုတွေ့ ပါလိမ့်မယ်။ အဲ့ဒါလေးကိုနှိပ်လိုက်ပါ။ ဒါဆို ပုံမှာပြထားသလို Menu လေးကျလာပါလိမ့်မယ်။

ပုံ ၅၉


facebook
Search
Zaw LinYouth
Lists
+ Create List
FAVORITES
Welcome
News Feed
Messages
Events
Find Friends
APPS
Notes
Apps and Games
Photos
Music
Questions
Links
Close Friends
Subscriptions
Acquaintances
Family
YOUTH Computer Co., Ltd, Beautiful Myanm
Restricted
MCIA

ပုံ ၆၀


facebook
Search
Zaw LinYouth
MCIA
Custom list
Manage List
Rename List
Add/Remove Friends...
Choose Update Types...
Delete List
Update Status
Add Photo / Video
Ask Ques
What's on your mind?
FAVORITES
Welcome
News Feed
Messages
Events
Find Friends
APPS
Notes
Apps and Games
Photos
Music
Questions
Links
GROUPS
IT Club
New Group...
LISTS
YOUTH Computer Co., Ltd, Be
MCIA
Kelvin Khine is now friends with Ashin Warthawa and 10 other people.
Find Friends · about an hour ago
Valentino Moe The likes 7Day News Journal.
Like This Page · 18 hours ago
Valentino Moe The
I am OK !
Strong people
know how to keep
their life in order.
Even with tears in

၁။ Rename List - ဆိုတာကတော့ ကျွန်တော်တို့အခု MCIA ဆိုတဲ့ နာမည်ကို ပြန်ပြောင်း ဖို့အတွက်ဖြစ်ပါတယ်။ List ရဲ့ နာမည်ကိုပြန်ပြောင်းတာဖြစ်ပါတယ်။

၂။ Add/Remove Friends - ဆိုတာကတော့ အဲ့ဒီ MCIA List ထဲကို Friends တွေထပ်ထည့်ချင်လို့ရတယ်။ ဖြုတ်ချင်လည်းဖြုတ်လို့ရပါတယ်။

၃။ Delete List - ဆိုတာကတော့ ဒီ List ကိုဖျက်ချင်တဲ့အခါမှာသုံးပါတယ်။

၄။ Choose Update Types - ဆိုတာကတော့ ကိုယ့်ရဲ့ ဘယ်လို Updates မျိုးကိုပဲ အခု Lists ထဲက သူငယ်ချင်းတွေဆီကိုပို့မလဲဆိုတာဖြစ်ပါတယ်။ မမြင်စေချင်တာဆိုရင် အမှန်ခြစ်ကလေးတွေ ဖြုတ်ပေးလို့ရပါတယ်။

အခုတော့ ကျွန်တော်တို့ Add/Remove Friends ကိုပဲ ရွေးလိုက်ကြရအောင်နော်။ ဒါဆိုအောက်က ပုံလေးပေါ်လာပါလိမ့်မယ်။

ပုံ ၆၁



အဲ့ဒီမှာ ဘော်ဒါတွေကိုတွေ့လိမ့်မယ်။ အမှန်ခြစ်ကလေးနဲ့ ဘော်ဒါတွေက MCIA List မှာ ပါပြီးသား လူတွေ။ အဲ့ဒီအမှန်ခြစ်ကလေးကို နှိပ်လိုက်လို့ အမှန်ခြစ်ပျောက်သွားရင် သူ့ကို ဒီ MCIA ထဲကနေဖယ် ထုတ်လိုက်တာဖြစ်ပါတယ်။ အမှန်ခြစ်မရှိတဲ့သူတွေကို နှိပ်လိုက်လို့ အမှန်ခြစ်ပေါ်လာရင် သူတို့ကို ဒီ MCIA ထဲ ထည့်လိုက်တာဖြစ်ပါတယ်။ အိုကေ ဒါဆိုရမယ်နော်။ ပြီးရင် Done ကိုနှိပ်လိုက်ပါ။ ဒါဆိုရင် Add/ Remove Friends လုပ်ပြီးသွားပါပြီ။

## ၁.၁၈ Friend အဖြစ်မှရပ်စဲခြင်း

ငယ်ငယ်တုန်းကလို တော်ပြီမခေါ်တော့ဘူး။ ဒါမှမဟုတ်လဲ လူကြီးတွေလို တော်ပြီမချစ်တော့ဘူး ဆိုပြီး သူငယ်ချင်းတွေကို သူငယ်ချင်းအဖြစ်မှ ရပ်စဲနိုင်ပါတယ်။ ဟယ် လွမ်းစရာလေးတွေဖြစ်ကုန်ပြီ။

ပုံ ၆၂




က အဲ့ဒီလိုလုပ်ဖို့အတွက်က -

၁။ ကိုယ် သူငယ်ချင်းအဖြစ်မှရပ်စဲခြင်း Unfriend လုပ်ချင်တဲ့သူရဲ့ Profile Page ကိုလာခဲ့လိုက်ပါ။ ဘယ်လိုလာရမလဲဟင်။ အော် ရှေ့မှာတုန်းက ပြောခဲ့ပြီးပြီလေ။ အပြာရောင်ဘားတန်းကနေ သူ့နာမည်ကိုရိုက် ထည့်လိုက် ကျလာပြီဆိုရင် အဲ့ဒီ Account Name ကို Click တစ်ချက်နှိပ်လိုက်ရင် သူ့ Profile Page ကို ရောက်လိမ့်မယ်။ ဒါမှမဟုတ်လည်း ကိုယ့် Page ရဲ့ဘယ်ဘက်က Friends ထဲမှာလည်းသူ့ကိုတွေ့ရင် Click နှိပ်ပြီး သူ့ရဲ့ Profile Page ကိုလာလို့ရပါတယ်။

၂။ ကဲ ရောက်လာပြီဆိုရင် ပုံ ၆၂ မှာပြထားတဲ့အတိုင်း အပေါ်ညာဖက်က Friends Button မှာ Click တစ်ချက်နှိပ်လိုက်ပါ။ Menu လေးကျလာပါလိမ့်မယ်။ အောက်ဆုံးမှာ Unfriend ဆိုတာရှိပါတယ်။ အဲ့ဒါကို ရွေးလိုက်ပါ။ ဒါဆို သေချာလားဆိုတဲ့ Confirm Box ကျလာပါလိမ့်မယ်။

ပုံ ၆၃




၃။ သေချာရင်တော့ Remove from Friends ဆိုတာကိုနှိပ်လိုက်ပါတော့။ မသေချာရင်တော့ Cancel ကို နှိပ်လိုက်ပါ။ တစ်ခါတစ်လေကျတော့ ကိုယ်က သူ့ကို Friend လုပ်လိုက်ပြီးမှ သူက ကိုယ့်ကို လိုက်နှောက်ယှက်တာမျိုး ဒါမှမဟုတ် Comments တွေ ရေးတာမျိုးဆိုတော့ ကိုယ်က စိတ်ညစ်တယ်ဆိုပါတော့ဗျာ။ အဲ့ဒီအခါမျိုးကျ မတတ်သာတဲ့အဆုံး Unfriend လုပ်ပစ် လိုက်ရတာပေါ့။ Unfriend လုပ်လိုက်ရင်တော့ သူနဲ့ကိုယ်နဲ့ မပတ်သက်တော့ပြီမို့ သူ့ကိုလည်း ကိုယ့်ရဲ့ Friends List ထဲမှာ မတွေ့နိုင်တော့သလို ကိုယ်ကလည်း သူ့ Friends List ထဲမှာမရှိတော့ပါဘူး။


## ၁.၁၉ Friend များကို Block လုပ်ခြင်း

အပေါ်ကပြောသလို သူငယ်ချင်းတွေကို တစ်ခါတည်း Friends အဖြစ်မှရပ်စဲပစ်တာမျိုးမဟုတ်ဘဲ သူတို့ကို Block လုပ်ထားမယ်ဆိုလည်း လုပ်လို့ရပါတယ်။ ကွာခြားတာကတော့ သူနဲ့ကိုယ်နဲ့က အပြန်ပြန်အလှန်လှန် Friend List ထဲမှာ မတွေ့ရတော့တာမျိုးမဟုတ်ဘဲ ဘယ်လိုရှာရှာကို မတွေ့တော့ဘူးဖြစ်သွားတာပါ။ Friend အဖြစ်ကရပ်စဲ လိုက်ရင် Friend List ထဲမှာမရှိတော့ဘူး။ ဒါပေမယ့် ကိုယ့်ကို သူက တခြားနေရာမှာ တွေ့နိုင်သေးတယ်။ ပြန်ရှာပြီး Friend ပြန်လုပ်လို့ရပါတယ်။ Block လုပ်လိုက်ရင် သူလည်း ကိုယ့်ကိုမတွေ့တော့ဘူး။ မသိရင် ကိုယ်မရှိတော့ဘူးပေါ့။ တကယ်တော့ Block လုပ်တာ။ ကဲ ကောင်းပါပြီ။ တခြားသူရဲ့

Wall တွေမှာလျှောက်ရေးလို့ သူကကိုယ့်ကို မကြိုက်ရင် Block လုပ်ပစ်တာမျိုးဖြစ်နိုင်ပါတယ်။ လုပ်ကြည့်ရအောင်။

ကဲ ဒီဆို ကျွန်တော်တို့ Block လုပ်ကြည့်ကြရအောင်။ Block လုပ်ဖို့ရာ ကျွန်တော်တို့ Block လုပ်ပစ်ချင်တဲ့သူရဲ့ အမည် သို့တည်းမဟုတ် သူ့ရဲ့ Email ကိုသိရမှာဖြစ်ပါတယ်။ ကောင်းပါပြီ။ ကျွန်တော်တို့ အခု Block လုပ်ဖို့ရာ Privacy Setting ကိုသွားရမှာဖြစ်ပါတယ်။ ဒီတော့ ကိုယ့် Screen ရဲ့ အပေါ်ညာဖက်ထောင့်က Down Triangle မှာ Click တစ်ချက်နှိပ်လိုက်ပါ။ Menu လေးကျလာရင် Privacy Settings ကို ရွေးလိုက်ပါ။


ပုံ ၆၄





၁။ ဒီဆို တစ်ဖက်စာမျက်နှာက ပုံပေါ်လာပါလိမ့်မယ်။ အဲ့ဒီ Page မှာအောက်ဆုံးကိုဆင်းကြည့်လိုက်ပါ။ Blocked People and Apps ဆိုတာကိုတွေ့လိမ့်မယ်။ အဲ့ဒီမှာ ကျွန်တော်တို့တွေ Facebook User တွေကိုပဲဖြစ်ဖြစ် Application တွေကိုပဲဖြစ်ဖြစ် Block လုပ်ထားနိုင်ပါတယ်။ အဲ့ဒီညာဖက်က Manage Blocking ကို နှိပ်လိုက်ပါ။

၂။ ဒီဆို ပုံ ၆၆ ပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ Block Users ဆိုတာရှိပါတယ်။ ကျွန်တော်တို့ နာမည်သိရင် Name မှာ နာမည်ကိုရိုက်ထည့်လို့ရပါတယ်။ အကယ်၍ သူနဲ့ ကိုယ်နဲ့က Friend မဟုတ်ဘူး။ ဒါပေမယ့် ကိုယ်က သူ့ Email ကိုသိနေတယ်။ အဲ့ဒီလူက Facebook User ဟုတ်လားမဟုတ်လားလည်း ကိုယ်မသိဘူး အကယ်၍များကိုယ် Facebook သုံးတာကို သူသိသွားလို့ ကိုယ့်ကို Friend အဖြစ်လာ Invite လုပ်တာတို့ ကိုယ့် Profile ကိုလာကြည့်တာတို့ လုပ်မှာစိုးလို့ ကြိုတင်ပြီး Block လုပ်ချင်ရင် အဲ့ဒီ Email အကွက် မှာ

ပုံ ၆၅


How You Connect
Control how you connect with people you know.
Edit Settings
How Tags Work
Control what happens when friends tag you or your content.
Edit Settings
Apps and Websites
Control what gets shared with apps, games and websites.
Edit Settings
Limit the Audience for Past Posts
Limit the audience for posts you shared with friends of friends or Public
Manage Past Post Visibility
Blocked People and Apps
Manage the people and apps you've blocked.
Manage Blocking

ပုံ ၆၆


Choose Your Privacy Settings ▸ Manage Blocking
◂ Back to Privacy
Add friends to your Restricted list
When you add friends to your Restricted list they can only see the information and posts that you make public. Facebook does not notify your friends when you add them to your Restricted list. Edit List.
Block users
Once you block someone, that person can no longer be your friend on Facebook or interact with you (except within apps and games you both use and groups you are both a member of).
Name: Sandy Lay
Block
Email:
Block
You haven't added anyone to your block list.
Block app invites
Once you block app invites from someone, you'll automatically ignore future app requests from that friend. To block invites from a specific friend, click the "Ignore All Invites From This Friend" link under your latest request.
Block invites from: Type the name of a friend...
You haven't blocked invites from anyone.
Block event invites
Once you block event invites from someone, you'll automatically ignore future event requests from that friend.
Block invites from: Type the name of a friend...

အဲ့ဒီလူရဲ့ Email ကိုထည့်ပြီး Block လုပ်ထားလို့ရပါတယ်။ ဒါဆို သူက ကိုယ့်ကိုမတွေ့တော့ဘူး။ လာနှယ်စရာလည်းအကြောင်းမရှိတော့ဘူး။ ကိုယ် Facebook မှာရှိနေတာ သုံးနေတာကို သူမသိတော့ဘူး။ ကြိုတင်ပိတ်ထားလိုက်တာပေါ့။ ဆိုလိုတာက ကိုယ် Facebook စသုံးတော့မယ်။ ကိုယ့်နဲ့မတည့်တဲ့သူ၊ စိတ်နာနေတဲ့သူ၊ ရည်းစားဟောင်း သူတို့ Email လိပ်စာကို အဲ့ဒီမှာထည့်ပြီး Block လုပ်ထားလိုက်။ ကိုယ့်လာမနှယ်တော့ဘူးပေါ့။ ကောင်းပြီနော်။

၃။ အခုတော့ ကျွန်တော်တို့က နာမည်နဲ့ပဲ Block လုပ်မယ်။ ဒါကြောင့် Name အကွက်မှာ ကိုယ် Block လုပ်ချင်တဲ့ သူရဲ့ နာမည်ကိုရိုက်ထည့်လိုက်ပါ။ ပြီးရင် Block မှာနှိပ်လိုက်ပါ။ ဒါဆိုအောက်ကပုံပေါ်လာလိမ့်မယ်။ အဲ့ဒီထဲကမှ ပုံကိုကြည့်ပြီး ကိုယ့် Block လုပ်မယ့်သူကိုရွေးပေးရမှာဖြစ်ပါတယ်။ ဆိုတော့ သက်ဆိုင်ရာလူဘေးမှာ Block Button ကို နှိပ်လိုက်ပါ။ ပြီးရင် Ok လို့ပြောလိုက်ပါ။

ပုံ ၆၇





အခုလို Block လုပ်ခြင်းအားဖြင့် သင်နဲ့ သူဟာ Friend အဖြစ်လည်း မရောက်နိုင်တော့ပါဘူး။ ဘာလို့လည်းဆိုတော့ ရှာလို့မှမတွေ့တော့တာ။ Friend လုပ်ချင်ရင် Block ကိုပြန်ဖြုတ်ပြီး သူ့ကိုပြန်ရှာရမယ်။ တွေ့ပြီဆိုမှ Friend ပြန်လုပ်လို့ရမယ်။ တစ်ခုတော့ရှိတာပေါ့လေ။ သူနဲ့ကိုယ်နဲ့က Facebook ရဲ့ Application တစ်ခုခုသို့တည်းမဟုတ် Game တစ်ခုအတွင်းမှာ Member အတူလာဖြစ်နေရင် သူနဲ့ကိုယ်နဲ့တွေ့နေမယ်။

အဲ့ဒီလို အဖြစ်အပျက်ကလွဲလို့ Block လုပ်လိုက်ရင် သူနဲ့ကိုယ်နဲ့ တွေ့စရာအကြောင်းမရှိတော့ဘူး။ ကျွန်တော့် ကောင်မလေးက ကျွန်တော့်ကို Facebook မှာ Block လုပ်လိုက်ပြီဗျာဆိုလို့ကတော့ သွားပြီ မျိုးကြီးရဲ့ မျှော်လင့်ချက်မဲ့ပြီပေါ့ ဒီဘဝ ဒီမျှနဲ့သာ ဆိုတဲ့သီချင်းကို ဆိုပေတော့ပဲ။

## ၁.၂၀ View As ဖြင့်ကိုယ့် Profile အားကြည့်ခြင်း

ကဲ အခု Facebook အကြောင်းပြောလာတာတော်တော်ခရီးရောက်လာပါပြီ။ ဒီသင်ခန်းစာပြီးရင် ကျွန်တော်တို့ Facebook ထဲမှာ Comment ရေးတာတွေ၊ Share လုပ်တာတွေသင်ပေးတော့မယ်။ ဒီတော့ ဒီအပိုင်းလေးကို ဒီမှာ ဖျက်ရအောင်။ အခု ကျွန်တော်တို့လုပ်ထားတဲ့ Profile Page ကို သူများတွေဝင်ကြည့် တဲ့အခါမှာ ဘယ်လိုပုံစံနဲ့ မြင်ရမလဲဆိုတာကို ပြောပြပါ့မယ်။ ဆိုလိုတာက ကိုယ့် Profile Page မှာကိုယ်မြင် စေချင်တာတွေကို သူမြင်ရဲ့လား ကိုယ်မမြင်စေချင်တာတွေကို သူများမြင်နေရမလားဆိုပြီး ကိုယ့် Profile ကို သူများကဝင်ကြည့်တဲ့ပုံစံမျိုးနဲ့ ပြန်စစ်ဆေးလို့ရပါတယ်။ အဲ့ဒါကို View As လို့ခေါ်ပါတယ်။ အောက်ကပုံ မှာမြင်ရတဲ့အတိုင်းပဲ Facebook ရဲ့ ညာဖက်အပေါ်ထောင့်မှာ View As ဆိုတာရှိပါတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။

ပုံ ၆၈




ဒါဆို အဲ့ဒီ View As ရဲ့ အပေါ်မှာ Box လေးတစ်ခုပေါ်လာပါလိမ့်မယ်။ အဲ့ဒါကို အောက်မှာပြပေးထားပါတယ်။ ပုံမှာပြထားတဲ့အတိုင်း ဘယ်သူအနေနဲ့ကြည့်ချင်တာလဲ အဲ့ဒီကြည့်ချင်တဲ့လူနာမည်ကို Box မှာရိုက်ထည့်လိုက်။ နာမည်တူကျလာရင် ကိုယ့်ကြည့်စေချင်တဲ့သူကိုရွေးလိုက်ပါ။ အဲ့ဒါဆို အဲ့ဒီလူဘက်ကကြည့်လိုက်ရင် ကိုယ့် Profile Page ကဘယ်လိုပုံစံပေါ်မလဲဆိုတာကို ဒီမှာအခု လာပြလိမ့်မယ်။ သဘောက သူ့ Account နဲ့ကိုယ်ကဝင်ကြည့်နေစရာမလိုဘူးလေ။ ဝင်ကြည့်ရအောင်လည်း သူ့ Password မှမသိတာ။ အဓိက က သူ့ဘက်က ကိုယ့်ကို ဘယ်လိုမြင်ရမလဲဆိုတာသိဖို့ပဲလေ။ အကယ်၍များ Public တွေက ကိုယ့် Profile ကိုဘယ်လိုပုံစံနဲ့မြင်ရမလဲဆိုတာကို သိချင်ရင်တော့ ပုံမှာလည်းပြထားတယ် Public ဆိုတာတွေ့လား အဲ့ဒါလေးကို နှိပ်ပေးရမယ်။ ဒါဆို Public တွေက ကိုယ့် Profile ကိုဘယ်လိုပုံစံတွေ့ရမလဲဆိုတာကို ပြပေးပါလိမ့်မယ်။

ပုံ ၆၉




အခုတော့ ကျွန်တော်က Public ကိုနှိပ်လိုက်ပါတယ်။ ဒီအခါ Public တွေက ကျွန်တော့် Profile ကိုမြင်တွေ့ရမယ့်ပုံစံကိုပြပေးပါတယ်။ အဲ့ဒီပုံကို အောက်မှာပြပေးထားပါတယ်။ အဲ့ဒီမှာထူးခြားတာက အပေါ်ဆုံးမှာ This is how your Profile looks to the Public ကိုတွေ့ပါလိမ့်မယ်။ ဆိုလိုတာက ဒါဟာ Public က မြင်တွေ့ရမယ့် မင်းရဲ့ Profile ဖြစ်ပါတယ်ပေါ့။ အကယ်၍ကိုယ့်က Public ကိုမရွေးခဲ့ဘဲ လူတစ်ယောက်ကိုရွေးခဲ့ရင် အဲ့ဒီနေရာမှာ လူနာမည်နဲ့ လာပြနေမှာဖြစ်ပါတယ်။ ကဲ စမ်းကြည့်လိုက်တော့နော်။

ပုံ ၇၀



## ၁.၂၁ Post များတင်ခြင်း

သင်ခန်းစာတွေကတော့ တဖြည်းဖြည်းစိတ်ဝင်စားဖို့ ကောင်းလာပြီလို့ထင်ပါတယ်။ အခုကျွန်တော်တို့ တင်ချင်တာလေးတွေကို တင်ကြည့်ကြရအောင်။ အခုလိုတင်တာကို Post တွေတယ်လို့ခေါ်ပါတယ်။ တကယ်တော့ Post ဆိုတာ ယေဘုယျအားဖြင့် ဘုံ ခေါ်လိုက်တာဖြစ်ပါတယ်။ ကိုယ်တင်လိုက်တာက စာလဲဖြစ်နိုင်သလို ဓါတ်ပုံ ဗွီဒီယို များလည်း ဖြစ်နိုင်ပါတယ်။ ဘာပဲတင်တင် Post တင်တယ်ခေါ်ပါတယ်။

အဲ့သလို တင်တဲ့အခါမှာ တစ်ခုခုကို တိုတိုတုတ်တုတ်ပြောပြီးတင်တာမျိုးကို Update Status လို့ခေါ်ပါတယ်။ အဲ့သလိုမှမဟုတ်ဘဲ ကဗျာတစ်ပုဒ်၊ ဝတ္ထု တစ်ပုဒ် ဆိုရင်တော့ Notes ကနေတင်ရမှာဖြစ်ပါတယ်။ အဲ့သလိုပဲ Photos, Videos များလည်း သူ့နေရာနှင့်သူတင်ရတာဖြစ်ပါတယ်။ ကဲ ဒါဆိုစလိုက် ကြရအောင်။

## ၁.၂၂ Update Status, Comments များနှင့်ပတ်သက်သမျှ


အခု Update Status တွေကို ဘယ်လိုတင်ရမလဲဆိုတာကို အရင်ပြောပြပါ့မယ်။ ကိုယ့်ရဲ့ Home Page ကို သွားလိုက်ပါ။ ပြီးရင် News Feed Page မှာရှိနေပါစေ။ အောက်ကပုံအတိုင်းပေါ်နေလိမ့်မယ်။

ပုံ ၇၁



လုပ်တတ်တယ်နော်။ Home Page ကိုလာဖို့ Facebook ရဲ့အပေါ်ဆုံးဘားတန်းရဲ့ ညာဖက်မှာ Home ကိုနှိပ်ပါ။ ပြီးရင် ပေါ်လာတဲ့ Screen ရဲ့ ဘယ်ဘက်ခြမ်းက News Feed ကိုရွေးထားပါ။ ပုံမှန်ဆို အဲ့ဒီကို တန်းရောက်သွားတာပါ။ ပုံမှာလည်းတွေ့မှာပါ။ အပေါ်ဆုံးမှာ စာသားရိုက်ထည့်နိုင်တဲ့ နေရာလေး ရှိပါတယ်။ What's on your mind? လို့ရေးထားပါတယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်ပြီး ရေးပေးတော့ဗျို့။ အဲ့ဒီ What's on your mind? ဆိုတဲ့ စာသား Box က Profile Page ရဲ့ Wall မှာလည်းရှိတယ်နော်။ သူ့ကို အဲ့ဒီကနေလည်း သုံးလို့ရတယ်။ ကဲ ရိုက်လိုက်ဗျာ။ အများကြီးတော့မလုပ်နဲ့နော်။ Short to the Point ပေါ့။

ပုံ ၂၂




ကဲ ကိုယ်ရေးချင်တာရေးပြီးသွားပြီဆိုရင် အဲ့ဒီအောက်နားမှာရှိတဲ့ Post Button ကိုနှိပ်ပြီး Post လုပ်လို့ရပါပြီ။ မလုပ်ခင်မှာ အခုလို ကိုယ် Post လုပ်လိုက်တာကို ဘယ်သူတွေမြင်စေချင်သလဲဆိုတာနှင့် ပတ်သက်ပြီးပြောချင်ရင် Post ရဲ့ ဘယ်ဘက်ဘေးနားမှာ Public ဆိုပြီးရှိနေပါတယ်။ အဲ့ဒီမှာ Friend လား Public လားရွေးပေးနိုင်ပါတယ်။ အဲ့ဒါ အုပ်စုခွဲပြီး List လုပ်ထားတာလေ။ ရှေ့မှာပြောခဲ့ပြီးပြီနော်။ မေ့မပစ်ရဘူးနော်။ ကဲ ဒါဆို Update Status လုပ်တတ်ပါပြီ။ အခု ကိုယ် Post လုပ်လိုက်တာက ကိုယ့်ရဲ့ News Feed မှာလည်းပေါ်နေသလို ကိုယ့်ရဲ့ Wall မှာလည်းပေါ်နေမှာဖြစ်ပါတယ်။

ဟာ မှားသွားပြီဗျ။ ဘာမှားတာတုန်း။ ကျွန်တော်က အဲ့ဒီစာသားလေးကို အဲ့ဒီစာသားအောက်က ကမ်းခြေကဟာသပုံလေးရဲ့အောက်မှာပေါ်စေချင်တာဗျ။ အခုသူက အဲ့ဒီပေါ်မှာသွားပေါ်နေတယ်။ ဟုတ်ပြီ ရှင်းပြမယ်။ အဲ့သလို ပုံတွေ၊ စာသားတွေ၊ ချိုပြောရရင် Post တွေ အပေါ် မှတ်ချက်ပေးတာကို Comments လို့ခေါ်ပါတယ်။ Comments ပေးတယ်ပေါ့ဗျာ။ အခုရှင်းပြခဲ့တာကြတော့ Update Status ပါ။ Update Status က ဒီနေ့ ကိုယ်ဘာတွေခံစားခဲ့တယ်၊ ဘာဖြစ်နေတယ် စသဖြင့် ပြောတာဖြစ်ပါတယ်။ အခု ကိုယ်က News Feed မှာသူများလာတင်ထားတဲ့ ပုံ သို့တည်းမဟုတ် Post ကို Comments ပေးချင်တာဟုတ်လား။

## ❖ မိမိ Post များကိုဖျက်ခြင်း

ကဲ ဒါဆို အခုလောလောဆယ် ကိုယ်ပေးထားတဲ့ Update Staus / Post ကို ပြန်ဖျက်လိုက်မယ်။ ဟုတ်ပြီ။ ကိုယ် Post လုပ်ထားတာကို ပြန်ဖျက်ချင်ရင် အဲ့ဒီ Post ရှိတဲ့နေရာကိုလာပါ။ ပြီးရင် ၎င်း Post ရဲ့ညာဖက်မှာ Down Triangle လေးကိုတွေ့လိမ့်မယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ Menu လေးကျလာရင် အောက်ဆုံးမှာ Delete Post ဆိုတာရှိတယ်။ အဲ့ဒါလေးကို ရွေးလိုက်ပါ။

ပုံ ၇၃



ဒါဆိုအောက်ကပုံလေးပေါ်လာပြီး သေချာလားမေးနေလိမ့်မယ်။ သေချာရင် Delete Post ကို နှိပ်လိုက်ပါ။ ဒါဆို Post လေးပျက်သွားပါလိမ့်မယ်။

ပုံ ၇၄




## ❖ Comments နှင့် Like အကြောင်း

ဒီတစ်ခါ သူများက Post လုပ်ထားလို့ ကိုယ့် Wall ကိုရောက်နေတာတွေ၊ News Feed ကိုရောက်နေတဲ့ Post တွေရဲ့ အောက်မှာ ကိုယ်က Comment တွေ ဝင်ရေးကြမယ်။ (အယ် ကိုဇော်လင်း ဒီစာအုပ်ရှေ့ဆုံးကလို ဖြစ်မှာလားဟင် ကြောက်တယ်နော် အိုဗျာ ဒါကတော့ ကိုယ့်ပေါ်ပါမူတည်တာပါ အဲ့ဒီပုံပြင်ထဲက ကောင်လေးက ငပိန်းမို့လို့ပါ။ သင်တို့က ဒီစာအုပ်ဖတ်ပြီးမှတော့ ဘယ်ပိန်းတော့မလဲ)

ကဲ ကောင်းပါပြီ ဦးဆုံး ကိုယ် Comment ပေးချင်တဲ့ ရှိတဲ့နေရာကိုသွားပါ။ ရောက်ပြီဆိုရင်အဲ့ဒီ Post ရဲ့အောက်ဖက်မှာ Like ရယ် Comment ရယ်ရှိပါတယ်။ အဲ့ဒီ Post ကို ပေးချင်ရင်တော့ Comment မှာတစ်ချက်နှိပ်လိုက်။ အဲ့ဒါဆို Comment ပေးဖို့ Box လေးတစ်ခုကျလာပါလိမ့်မယ်။ အဲ့ဒီမှာ ကိုယ်ရေးချင်တဲ့အတိုအထွာလေးတွေဝင်ရေးလို့ရပါပြီ။ တစ်ခါတစ်လေလည်း အဲ့ဒီ Box လေးကသူ့ဘာသာသူရှိနေပေါ်နေပြီးသားဖြစ်လိမ့်မယ်။ အဲ့ဒီအခါကျ တစ်ခါတည်း ဝင်ရေးလိုက်ပေါ့။ ပြီးရင် Enter ကိုနှိပ်လိုက်ပါ။ ပုံ ၇၅ ကိုကြည့်လိုက်ပါ။

နောက်တစ်ခုကျတော့ Like ဖြစ်ပါတယ်။ အဲ့ဒါကျတော့ ကိုယ်က ဘာမှပြန်ပြီးတော့မပြောတော့ဘူး ဒါကို ကြိုက်တယ်ပေါ့။ ကြိုက်ရင် Like မှနှိပ်လိုက်ရုံပါပဲ။ ပုံ ၇၆ ကိုကြည့်လိုက်ပါ။ အဲ့ဒီမှာ Like မလုပ်မှီ နှင့် Like လုပ်ပြီးကွာခြားသွားတဲ့ပုံ ၂ ခုကို ရှင်းပြထားပါတယ်။ Like လုပ်ပြီးတဲ့အခါမှာ အဲ့ဒီမှာ You ဆိုတာလေးပါလာပါတယ်။ သဘောကတော့ ကြိုက်တဲ့အထဲမှာကိုယ်ပါ ပါသွားပြီဖြစ်ပါတယ်။

Like လုပ်ထားတာကို အရေအတွက်နဲ့မြင်ရတာမို့ ဒါကို ဘယ်နှစ်ယောက်ကြိုက်သလဲသိနိုင်ပါတယ်။

ပုံ ၇၅




ပုံ ၇၆




ကဲ ဒါဆို Comments ပေးတတ်ပြီနော်။ Like လည်းလုပ်တတ်သွားပြီ။

Comments နဲ့ ပတ်သက်ပြီး သတိထားစေချင်တာက ကိုယ်က Comments ပေးလိုက်ရင် အဲ့ဒီ Comments က ကိုယ်လည်းမြင်ရသလို အဲ့ဒီ Post ပိုင်ရှင်ကလည်းမြင်ရပါတယ်။ အခြားသူတွေကလည်း မြင်ရပါတယ်။ အဲ့ဒီအပြင် Post ပိုင်ရှင်ရဲ့ Email ထဲကိုလည်း အဲ့ဒီ Comments ကရောက်သွားပါတယ်။


Comments ကိုပေးပြီးသွားပြီးမှ ပြန်ဖျက်လိုက်လည်း အဲ့ဒီ Comments က အဲ့ဒီ Post ပိုင်ရှင်ရဲ့ Email ထဲကိုရောက်လို့သွားခဲ့ပါပြီ။ အဲ့ဒါလေးတစ်ခုပြောချင်တာပါ။

အဲ့သလို Comments ပေးတာတွေ Like လုပ်တာတွေက သူများ Post ကိုမှ လုပ်လို့ရတာမဟုတ်ဘူး ကိုယ့်ဘာသာကို Post တစ်ခုတင်ထားပြီး အဲ့ဒါဘာဖြစ်နေတာပါ ညာဖြစ်နေတာပါဆိုပြီး ကိုယ့်ဘာသာကိုယ် Comments ပြန်ပေး လို့ရသလို Like ပြန်လုပ်လည်းရပါတယ်။ အဲ့ဒါလေးကိုတော့ ကိုယ့်ဘာသာကိုယ်ပဲ စမ်းလိုက်ပါ။ လုပ်မပြတော့ဘူး။

## ❖ Comments များကိုဖျက်ခြင်း

ကိုယ်ပေးထားတဲ့ Comments ပဲဖြစ်ဖြစ် ကိုယ့် Page မှာ သူများလာတင်ထားတဲ့ Comments ပဲ ဖြစ်ဖြစ် ဖျက်မယ်ဆိုရင် ဖျက်လို့ရပါတယ်။ ဖျက်မယ်ဆိုရင် အဲ့ဒီ ဖျက်ချင်တဲ့ Post ရှိတဲ့နေရာကိုသွားလိုက်ပါ။

ပုံ ၇၇




အပေါ်ကပုံမှာပြထားသလို ကိုယ်ဖျက်ချင်တဲ့ Post ပေါ် Mouse ကိုတင်လိုက်ပါ။ ညာဖက်ထောင့်မှာ ကြက်ခြေခတ်လေးပေါ်လာလိမ့်မယ်။ အဲ့ဒီမှာနှိပ်လိုက်ပါ။ Remove လို့လည်းပြောနေလိမ့်မယ်။ အဲ့သလို နှိပ်လိုက်တဲ့အခါကျတော့ သေချာလားမေးပါလိမ့်မယ်။ သေချာရင် Delete ကိုနှိပ်လိုက်ပါ။


ဒါက သူများ Post မှာ ကိုယ်တင်ထားမိတဲ့ Comments ကိုပြန်ဖျက်တာဖြစ်ပါတယ်။ သူများ Post မှာ အခြားသူက Comments ပေးထားတာကိုတော့ ကိုယ်က ခပ်တည်တည်နဲ့ သွားဖျက်လို့မရဘူးနော်။

ပုံ ၇၈




အကယ်၍ ကိုယ့် Post မှာ သူများလာရေးထားတဲ့ Comments တွေကိုဖျက်ချင်ရင် အဲ့ဒီ Post ရှိတဲ့နေရာကိုသွားလိုက်ပါ။ ပြီးရင် အဲ့ဒီ Post ပေါ်ကို Mouse တင်လိုက်ပြီး ၎င်း Post ရဲ့ ညာဖက်က ကြက်ခြေခတ်ခလုတ်ပေါ်နှိပ်လိုက်ပါ။ Menu ပေါ်လာရင် Delete Comment ကိုရွေးလိုက်ပါ။

ပုံ ၇၉




ဒါဆို ပုံ ၇၈ လိုပဲ Confirm လာလုပ်ပါလိမ့်မယ်။ ကျိန်းသေတယ်ဆိုရင် Delete ကိုနှိပ်လိုက်ပါ။ ဒါဆို Comment လေးပျက်သွားပါလိမ့်မယ်။

### ❖ အခြားသူများလာတင်ထား Post များကိုဖျောက်ခြင်း

ကိုယ့်မှာ ဖော်ဖော်တွေများရင်များလာသလို ကိုယ့် Home Page ရဲ့ News Feed မှာ သတင်းပလင်း ပေါင်းစုံလာတက်ပါတော့မယ်။ အဲ့ဒီအခါကျ တစ်ခါတစ်လေလည်း ကောင်းသလို တစ်ခါတစ်လေလည်း စိတ်ရှုပ်ရတတ်တယ်။ အဲ့သလိုများ Post တွေကိုမမြင်ချင်ဘူး ဖျောက်ထားချင်တယ်ဆိုရင် ဖျောက်ထားလို့ ရပါတယ်။ တစ်ခါတစ်လေကျတော့လည်း ဘာတွေမှန်းကိုမသိဘူး ဒါကြားထဲ ကိုယ်ဖော်ဒါတစ်ယောက်က အခြားတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်သွားတယ် ဒါမျိုးကလည်း ကိုယ့် News Feed မှာလာတပ်ပြန်ရော။ ဟုတ်ပါပြီ။

ဒီတော့ ကိုယ်ဖျောက်ချင်တဲ့ Post ရှိတဲ့နေရာကိုသွားပါ။ ပြီးရင်အောက်ကပုံမှာပြထားတဲ့အတိုင်း အောက်ကညွှန်ပြနေတဲ့ မြှားကလေးရှိပါတယ်။ အဲ့ဒီမှာ နှိပ်လိုက်ပါ။

ပုံ ၈၀




အဲ့ဒီမှာ Menu ပေါ်လာလိမ့်မယ်။ Hide Story ကိုရွေးလိုက်ပါ။ ဒါဆိုရင် သူများလာတင်ထားတဲ့ Post လေးပျောက်သွားပါပြီ။ အဲ့ဒီနေရာမှာ အောက်ကပြထားတဲ့ပုံလိုလာပေါ်နေပါလိမ့်မယ်။

သဘောကတော့ ဒီ Post ကတော့ Hidden ဖြစ်သွားပြီ။ သူ့ဆီကနေလာတဲ့ အကြောင်းအရာတွေ ထဲက ဘယ်အကြောင်းအရာတွေကိုပဲပြပါ ဘယ်ဟာတွေကိုတော့ဖြင့်မပြပါနဲ့ဆိုပြီးပြောချင်ရင်ပြောလို့ရပါတယ်။ အဲ့သလိုပြောချင်ရင်တော့ ပုံမှာပြထားတဲ့အတိုင်း Change what updates you see from . . . ကိုနှိပ်လိုက်ပါ။ ဒါဆို ပုံမှာပြထားသလို Menu လေးကျလာပါလိမ့်မယ်။ အခုလောလောဆယ် ကျွန်တော်က Most Updates ကိုယူထားတာပါ။ အရေးကြီးတာလောက်ပဲ ပြပါဆိုရင် Only Important ကိုရွေးလို့ရပါတယ်။ သို့တည်းမဟုတ် အောက်ကအမှန်ခြစ်တွေထဲက ဘယ်ဟာကိုပဲ ယူမယ် ဘယ်ဟာကို မယူဘူးဆိုပြီး အမှန်ခြစ်တွေကို ပြန်ဖြုတ်လို့ရပါတယ်။ Unsubscribe ကိုယူလိုက်မယ်ဆိုရင်တော့ သူ့ဆီကနေဘာမှလာမပြပါနဲ့တော့လို့ ပြောလိုက်တာဖြစ်ပါတယ်။ သူနဲ့ ပတ်သက်ပြီး မသိချင်တော့ဘူး။ သူ့အကြောင်းတွေ ဘာပဲဖြစ်ဖြစ်

ကိုယ့် News Feed မှာလာမပြပါနဲ့တော့လို့ပြောလိုက်တာပါ။ အခုလက်ရှိတင်ထားတွေကိုဖျောက်လိုက်ရုံမက ဘူး နောင်လည်း သူနဲ့ ပတ်သက်တာလာပြတော့မှာမဟုတ်ပါဘူး။ လူအများကြီးနဲ့ သူငယ်ချင်းဖြစ်နေတာဆိုတော့ ကိုယ်နဲ့ အလှမ်းဝေးတဲ့သူတွေကို Unsubscribe လုပ်ထားလိုက်တာကောင်းပါတယ်။

ပုံ ၈၁




ကဲ ဒီဆို Post တွေကို Unsubscribe လုပ်တတ်သွားပါပြီ။ အဲ့သလို Unsubscribe လုပ်ပြီးမှ Subscribe ပြန်လုပ်ချင်တယ်ဆိုရင်လည်း ရပါတယ်။ အဲ့ဒါလေးကို ပြောပြဦးမယ်။ ကိုယ်က သူ့အကြောင်းတွေကို မသိချင်တော့လို့ Unsubscribe လုပ်ပြီးမှ တစ်ခါပြန်သိချင်လားလို့ လုပ်ထားတဲ့ Unsubscribe ကိုပြန်ဖြုတ်ချင်တယ်ဆိုရင် ကိုယ့် Home Page ရဲ့ ဘယ်ဘက်အခြမ်းမှာ News Feed ဆိုတာရှိပါတယ်။

အဲ့ဒီဘယ်ဘက်ဘေးက ခဲတံပုံလေးမှာ Mouse ကို နှိပ်လိုက်မယ်ဆိုရင် ပုံမှာပြထားသလို Edit ဆိုပြီး ပေါ်လာပါလိမ့်မယ်။ အဲ့ဒီ Edit ကိုနှိပ်လိုက်ပါ။ ပုံ ၈၂ ကိုကြည့်ပါ။

ကဲ ဒီဆို ပုံ ၈၃ ပေါ်လာပါလိမ့်မယ်။

ပုံ ၇၂




ပုံ ၇၃




ကောင်းပါပြီ။ အဲ့ဒီမှာ ကျွန်တော်တို့ Unsubscribe လုပ်ထားတဲ့ လူစာရင်းရှိပါတယ်။ အပေါ်က ပုံမှာတော့လောလောဆယ် တစ်ယောက်ပေါ့လေ။ ဘာပဲဖြစ်ဖြစ် အဲ့ဒီမှာ ရှိသလောက်ပေါ်နေမှာဖြစ်ပါတယ်။ Unsubscribe ပြန်ဖြုတ်ချင်တဲ့သူရဲ့ ညာဖက်က ကြက်ခြေခတ် Button လေးကို Mouse တင်လိုက်ပါ။ Remove လို့ ပြောနေပါလိမ့်မယ်။ ကောင်းပါပြီ။ ကြက်ခြေခတ် Button ကိုနှိပ်လိုက်ပါ။ ဒါဆို အဲ့ဒီလူကို Unsubscribe လုပ်ထားတာ ပြန်ဖြုတ်ပေးလိုက်ပါပြီ။ ပြီးရင် Save ကိုနှိပ်လိုက်ပါ။ ဒါဆို သူနဲ့ပတ်သက်တာ

တွေက ကျွန်တော့် News Feed မှာပြန်လာပေါ်တော့မှာဖြစ်ပါတယ်။

## ၁.၂၃ ကိုယ့် Friends များရဲ့ Wall မှာဝင်ရောက်ရေးသားခြင်း

ဒီတစ်ခါကျတော့ ကိုယ်နဲ့ Friends ဖြစ်နေတဲ့သူများရဲ့ Wall မှာ တစ်စုံတစ်ခုဝင်ရောက်ရေးသားမှာ ဖြစ်ပါတယ်။ တကယ်တော့ ဒီအကြောင်းအရာက သင်ခန်းစာအသစ်မဟုတ်ပါဘူး။ လုပ်ပုံလုပ်နည်းများက ကိုယ့် Post များတင်သလိုပင်ဖြစ်ပါတယ်။ ကဲ ကောင်းပါပြီ။ ကိုယ်ဝင်ရောက်ရေးသားချင်တဲ့ သူရဲ့ Wall ကို အရင်သွားလိုက်ပါ။ ဘယ်လိုသွားရမှာတုန်း။ လွယ်ပါတယ်။ Facebook ရဲ့ အပေါ်ဆုံးကဘားတန်းကြီးမှာ အဲ့ဒီလူရဲ့ နာမည်ကိုရိုက်ထည့်ပြီးရှာလိုက်လေ။ တွေ့ရင် Click နှိပ်လိုက်ပေါ့။ ပြီးရင်သူ့ရဲ့ Profile Page ကို သွားပါ။ နောက်ပြီး Wall ကိုသွားပါ။ Wall ကို ရောက်ပြီဆိုရင်အောက်ကပုံမှာပြထားသလို What's on your mind? အကွက်မှာ ကိုယ်ရေးချင်တဲ့ အတိုအထွာလေးတွေဝင်ရေးလို့ရပါပြီ။ များသောအားဖြင့် နှုတ်ဆက်ကြတာများပါတယ်။

ပုံ ၈၄





ကဲ ရေးပြီးသွားပြီဆိုရင် အဲ့ဒီမှာ Share Button လေးကိုနှိပ်လိုက်ပါ။ ဒါဆို ကိုယ့် သူငယ်ချင်းရဲ့ Wall မှာ ဝင်ရေးတဲ့အကြောင်းကိုသိသွားပါပြီ။ အခုလိုကိုယ်ဝင်ရေးတာပဲဖြစ်ဖြစ်၊ သူများက ကိုယ့်ဆီကိုဝင်ရေး တာပဲဖြစ်ဖြစ် Facebook ကို Log In ဝင်လိုက်တဲ့အခါ သက်ဆိုင်ရာလူရဲ့ Facebook အပေါ်ဆုံးကဘားတန်းမှာ ရှိတဲ့ Notifications Icon မှာ အကြောင်းအရာရှိသလောက်အနီရောင်အောက်ခံ နံပါတ်နဲ့လာပြနေပါလိမ့်မယ်။

အဲ့ဒီမှာနှိပ်လိုက်ပြီး သူတို့ ဘာတွေဝင်ရေးသွားသလဲဆိုတာကို Click နှိပ်ပြီးကြည့်နိုင်ပါတယ်။

## ၁.၂၄ Notes များရေးသားခြင်းနှင့်ကြည့်ခြင်း

တစ်ခါတစ်လေကျတော့ ကိုယ့်ခံစားချက်လေးတွေဝေမျှဖို့အတွက်က စာလုံးရေသိပ်များတော့ Update Status မှာဝင်ရေးဖို့မဖြစ်တော့ဘူး။ တစ်ချို့ကျတော့လည်း စာတိုပေထွာလေးတွေ၊ တစ်ချို့ကျတော့လည်း အငှားခံစားချက်နဲ့ ရေးတာပါလို့ပြောပြီး ကိုယ့်ခံစားချက်နဲ့ရေးတဲ့ ကဗျာလေးတွေ၊ ကျွန်တော်လိုလူမျိုးဆို လွမ်းဆွေးမိသမျှချရေးထားတဲ့ ဝတ္ထုတိုလေးတွေ အဲ့ဒါလေးတွေကို ကျတော့ Notes မှာ ဝင်ရေးရတယ်ဗျ။ အခု ဝင်ရေးတာကိုမပြောခင် သူများရေးထားတဲ့ Notes လေးတွေကို ဘယ်မှာဝင်ကြည့်လို့ရလဲဆိုတာအရင် ပြောပြပေးမယ်။ ကောင်းပါပြီ။ သူများရေးထားတဲ့ Notes တွေကိုကြည့်ချင်ရင် ကျွန်တော်တို့ Home ကို သွားလိုက်ပါ။ ပြီးရင် Facebook ရဲ့ ဘယ်ဘက်အခြမ်းရဲ့ အောက်နားလေးမှာ Apps ဆိုတာကိုတွေ့ပါလိမ့်မယ်။ အဲ့ဒီအောက်နားမှာဆက်ကြည့်လိုက်ပါ။ Notes ဆိုတာကိုတွေ့ပါလိမ့်မယ်။

ပုံ ၈၅



အဲ့ဒီ Notes ကိုနှိပ်လိုက်ပါ။ ဒါဆိုရင် ကျွန်တော်တို့ သတင်းတွေ၊ ဘာတွေညာတွေ အစုံပလုံ မမြင်ရတော့ဘဲ Notes များသက်သက်သာ တစ်စုတစ်စည်းတည်းတွေ့ရပါလိမ့်မယ်။ ကျွန်တော်တော့ ကိုဇော်လင်းပြောတဲ့အတိုင်းလုပ်တာဘာမှမတွေ့ရဘူးဗျ။ ဟာ ကိုယ့်လူမနောက်ပါနဲ့ ဘာမှမတွေ့ရရင် ဘယ်သူမှမတင်ထားလို့ပေါ့။ အော် အဲ့သလိုလား။ ဟုတ်ပါ့ဗျာ။

ကဲ အခု ကိုယ်တင်ထားတာလေးတွေကို ကြည့်ချင်ရင် Facebook ဘယ်ဘက်အခြမ်းက ခုနက နှိပ်ထားတဲ့ Notes အောက်မှာ My Notes ဆိုတာရှိတယ်။ အဲ့ဒီမှာ တစ်ချက်နှိပ်လိုက်ပါ။


ပုံ ၈၆




အဲ့ဒီမှာ ကိုယ်ကိုယ်တိုင်ရေးပြီးတင်ထားတဲ့ Notes တွေကိုတွေ့ရလိမ့်မယ်။ အပေါ်က ပုံမှာမြင်ရတာက ကျွန်တော်ရေးထားတာ။ သင့်အနေနဲ့ ဘာမှ မရေးရသေးရင် ဘာမှတွေ့မှာမဟုတ်ဘူး။ ကဲ ကောင်းပြီ ဒီတော့ သင်ကိုယ်တိုင် ဒါမျိုးလေးတွေ ရေးချင်ပြီဆို ဘယ်လိုလုပ်ရမလဲ ဟုတ်ပြီ ပြောပြပေးမှာပေါ့။ ပုံကိုကြည့်လိုက်ညာဖက် အပေါ်ထောင့်မှာ Write a Note ဆိုတာတွေ့လား အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။

ဒါဆို ပုံ ၈၇ ပေါ်လာလိမ့်မယ်။ အဲ့ဒီမှာ ရေးပြီးတင်ရမှာ။ ကျွန်တော်တို့ကတော့ ဇော်ဂျီ ဖွန့်ကိုသုံးတာကြောင့် ဇော်ဂျီနဲ့ ပဲရေးလိုက်ပါတော့မယ်။

ပုံ ၈၇




အပေါ်ကပုံမှာပြထားတဲ့အတိုင်း Title ဆိုတဲ့ နေရာမှာ ခေါင်းစဉ်ကိုတပ်ရမှာဖြစ်ပါတယ်။ အောက်က Body ဆိုတဲ့အကွက်မှာ ကိုယ်ရေးချင်တဲ့ စာကိုယ်ကိုရေးထည့်လိုက်ပါ။ စာလုံးတွေကို Bold, Italic တို့နဲ့ အနည်းငယ် Format လုပ်ချင်လည်း လုပ်လို့ရသေးသဗျာ။

ရှိသေးတယ်ဗျ။ ဒီ ဝတ္ထုတိုလေးကို ပုံနဲ့ တွဲတင်ချင်လည်း ရသေးတယ်။ အောက်မှာ Add a Photo ဆိုတာတွေ့တယ်မဟုတ်လား။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ ဒါဆို ဓါတ်ပုံထည့်လို့ရတယ်ဆိုတာသိသွားပြီ။ လုပ်တော့မပြတော့ဘူး။ လွယ်နေတာမို့ ထည့်ချင်ရင်တော့ ကိုယ့်ဘာသာကိုပဲထည့်လိုက်ပါတော့။

နောက်တစ်ခုက အောက်မှာ Privacy ဆိုတာရှိတယ်။ ဒီ ဝတ္ထုလေးကို ဘယ်သူတွေကိုမြင်စေချင်လဲပေါ့။ Public လား Friend လား စသဖြင့်ပြောပေးလိုက်ပါဦး မဟုတ်ရင် ကိုယ်က သူငယ်ချင်းတွေကိုပဲ ဖတ်စေချင်တာ Public ဆို အားလုံးဖတ်လို့ရတယ် စသဖြင့်ဖြစ်နေပါဦးမယ်။

အားလုံးပြီးသွားရင်တော့ ပုံမှာလည်းတွေ့နေရတယ်။ Preview တို့ Publish တို့ သေချာအောင် အစမ်းကြည့်ချင်ရင်တော့ Preview မှာနှိပ်လိုက်ပါ။ လုံးဝ အိုကေပြီ တင်လိုက်ချင်ရင်တော့ Publish မှာ နှိပ်လိုက်ပါ။ ရေးလို့ မပြီးသေးလို့ ခဏသိမ်းထားချင်ရင်တော့ Save Draft မှာ နှိပ်လိုက်ပါ။ Cancle လုပ်ချင်ရင်တော့ Discard မှာနှိပ်လိုက်ပါ။ အိုကေနော် ဒါဆို Publish လုပ်လိုက်တော့။

ပြီးရင် အဲ့ဒီ Notes လေးက ကိုယ့်ရဲ့ Wall မှာလည်းလာပေါ်နေမှာဖြစ်ပါတယ်။

## ၁. ၂၅ တစ်ဆင့် Share ထပ်ပေးခြင်း

ဒီတစ်ခါကျတော့ သူများခံစားချက်လေးတွေရေးထားတာလေးတွေက ကိုယ့် News Feed ထဲကို ရောက်နေတယ်။ သူရေးထားတာလေးတွေကို သဘောကျနေပြီ ဒါကြောင့် တစ်ခြားသူတွေကိုလည်းဖတ်စေ ချင်လာတယ်။ ဒါကြောင့် သူ့ရဲ့ Post ကို တစ်ဆင့် Share လုပ်လိုက်ချင်ပါတယ်။ ဟုတ်ကဲ့ ဒါမျိုးလည်းရပါ တယ်။ ဒါဆိုလုပ်ကြည့်လိုက်ကြရအောင်။


ပုံ ၈၈




အပေါ်ကပုံမှာ ပါရမီဖြည့်ဖက်ဆိုတာကို သဘောကျနေပြီ။ သူများတွေကိုလည်းဖတ်စေချင်နေတယ်။ ဒီတော့ကား ဒါလေးကို Share လုပ်လိုက်မယ်။ ပုံမှာ မြင်ရတဲ့အတိုင်းပဲ အဲ့ဒီ Post အောက်မှာ Share ဆိုတာကိုတွေ့လိမ့်မယ်။ သူ့ပေါ် Mouse ကို တင်လိုက်ရင် Send this to friends or post it on your

profile ဆိုပြီးပေါ်လိမ့်မယ်။ အဲ့ဒီမှာတစ်ချက် Click နှိပ်လိုက်ပါ။ ဒါဆို အောက်ကပုံပေါ်လာပါလိမ့်မယ်။

ပုံ ၇၉




အဲ့ဒီမှာ အခု ထပ်ဆင့် Share လုပ်မယ့် အကြောင်းအရာလေးကို ကိုယ့် Wall မှာပဲ ပေါ်စေချင်တာလား Friend တွေရဲ့ Wall မှာလား စသဖြင့် ကိုယ်သွားပေါ်စေချင်တဲ့နေရာကို ရွေးပေးပါ။

ပြီးရင် သူ့အောက်က စာရိုက်လို့ရတဲ့အကွက်မှာ ထပ်ပြီးဖော်ညွှန်းစေချင်တဲ့စာသားကိုရိုက်ပါ။ မရိုက်ပဲ ထားလည်းရပါတယ်။ အားလုံးကျေနပ်ပြီးဆိုရင်တော့ ဒါလေးကို Share Note မှာ Click နှိပ်ပြီး Share နိုင်ပါပြီ။ အိုကေနော်။

## ၁.၂၆ **Link** များပေးခြင်း

အခုအပေါ်မှာ Share ပေးတာကိုသိခဲ့ပြီးတဲ့နောက်မှာ ဒီတစ်ခါ Link များပေးခြင်းကိုပြောပြပါဦးမယ်။ ဒီလိုပါ ကိုယ်သဘောကျတဲ့အကြောင်းအရာတစ်ခုကို သူများတွေလည်း သိပါစေတော့ဆိုပြီး အပေါ်မှာ Share ပေးပြခဲ့ပါတယ်။ အခုကျတော့ ကိုယ်သဘောကျတဲ့အကြောင်းအရာက Web Page တစ်ခု၊ Web Site

တစ်ခု၊ ဒါမှမဟုတ် Online ပေါ်က Video ဖိုင်တစ်ခု Blog တစ်ခုစသဖြင့် ဖြစ်နေမယ်။ ဒီတော့ ခုနကလို ပုံစံမျိုးနဲ့ Share ပေးလို့မရတော့ဘူး။ ဒီတော့ Link ပဲပေးလိုက်မယ်။ အကယ်၍စိတ်ဝင်စားရင် အဲ့ဒီမှာသွား ကြည့်လိုက် ပြည့်ပြည့်စုံစုံလည်းကြည့်ရမယ်။ ဟုတ်ပြီနော်။ အဲ့ဒီလို Link ပေးချင်ရင်ဘယ်လိုလုပ်ရမလဲဆိုတာ ကိုပြောပြပါဦးမယ်။


အခု ကျွန်တော်က မော်ဒယ်လ်တွေအကြောင်းတင်ထားတဲ့ www.beautifulmodelworld.com Website တစ်ခုကို သူငယ်ချင်း တွေကို ညွှန်းချင်ပါတယ်။ အဲ့ဒီ Site ကအကောင်းကြီးမဟုတ်ပေမယ့် ကြည့်ရ တာအဆင်ပြေလို့ပါ။ ကပ်ကြွား နေပြန်ပြီ ကိုဇော်လင်းတို့ ကိုယ့် Site ကိုယ် ညွှန်းနေတာ။ အယ် စိတ်မရှိပါနဲ့။ မသိဘူးထင်လို့ပါ။

ပုံ ၉၀




ဘယ်ကိုသွားရမလဲဆိုတော့ Home ပဲဖြစ်ဖြစ်၊ Profile ပဲဖြစ်ဖြစ် သွားလိုက်ပါ။ အဲ့ဒီမှာ Update Status ရိုက်တဲ့ Box မှာ မိမိ Link ပေးလိုသော URL ကို ရိုက်ထည့်ပါ။ အဲ့သလိုရိုက်မထည့်ဘဲ ကိုယ့်ပေးချင် တဲ့ Link ကို Selection လုပ် ကော်ပီကူးပြီး အဲ့ဒီ Update Status Box မှာ Paste လုပ်လိုက်ပါ။ ဥပမာ www.beautifulmodelworld.com ဆို ကိုယ်ကရိုက်လိုက်ရင် စာလုံးပေါင်းမှားတာတို့ ကျန်ခဲ့တာတို့ဖြစ် မယ်လေ ဒီတော့ အပေါ်က ပုံမှာကြည့်လိုက် အဲ့ဒီမှာ အပေါ်ဆုံး Address ဘားမှာရှိတဲ့ http://www.beautiful modelworld.com ကို ကော်ပီကူးပြီး Update Status Box မှာ Paste လုပ်လိုက်လို့ပြောတာဖြစ်ပါတယ်။ တစ်ဖက်ကပုံကိုကြည့်လိုက်ပါ။

ပုံ ၉၁





အဲ့သလို Update Status မှာ Address ကိုထည့်လိုက်တဲ့အခါကျတော့ ခဏလေးစောင့်ရမယ်။ ပြီးရင် အပေါ်ကပုံမှာပြထားသလို အဲ့ဒီ Website နဲ့ပတ်သက်တာတွေကျလာလိမ့်မယ်။ အဲ့ဒီမှာကြည့်လိုက် ကိုယ်ညွှန်းချင်တဲ့ Website လား ဟုတ်ပြီဆိုရင် အဲ့ဒီမှာ ဘာဘာညာညာဝင်ရိုက်ချင်ရင်ရိုက်လို့ရသေးတယ်။ အဲ့ဒီမှာ http://www.beautifulmodelworld.com ဆိုတဲ့နေရာမှာ သူ့ကိုဖျက်ပြီး ရိုက်ချင်လည်းရိုက်၊ မဖျက်ဘဲ သူ့အောက်မှာရိုက်ချင်လည်းရိုက် ရပါတယ်။ မရိုက်ချင်လည်းရပါတယ်။ ပြီးရင်တော့ အဲ့ဒါလေးကို တင်လိုက်ချင်ပြီဆိုရင် Post ကို နှိပ်လိုက်ပါတော့။ အယ် မနှိပ်ခင်တစ်ခုသတိထား Post ရဲ့ ဘယ်ဘက်မှာ Public ဆိုတာရှိတယ်။ အဲ့ဒီမှာ ဒီအကြောင်းအရာကို ဘယ်သူတွေမြင်စေချင်တာလဲ ကိုယ့် ဘော်ဒါတွေပဲလား အကုန်လုံးလား ဒါတွေကို ရွေးပေးလိုက်ပါဦး။

ကောင်းပါပြီ။ Post လုပ်ပြီးသွားတဲ့အခါကျတော့ ကိုယ့် News Feed မှာရော၊ ကိုယ်မြင်စေချင်တယ်လို့ရွေးထားတဲ့ သူတွေရဲ့ News Feed မှာသွားပေါ်နေပါလိမ့်မယ်။

အကယ်၍များ သင့်အနေနဲ့ အဲ့ဒီလိုလုပ်ထားတဲ့ Links တွေကိုပဲ ကြည့်ချင်တယ်ဆိုရင်လည်း ကြည့်လို့ရပါတယ်။ ရှေ့မှာတုန်းကလည်း ပြောခဲ့ဖူးတယ်။ Notes တုန်းက Notes တွေကိုပဲကြည့်ချင်ရင် Apps အောက်က Notes မှာနှိပ်ရသလိုမျိုးပါ။ အခုလည်း Links တွေကိုပဲကြည့်ချင်ရင် Apps အောက်က Links မှာ နှိပ်ပြီးကြည့်လို့ရပါတယ်။ အဲ့ဒီ Links က Facebook ရဲ့ ဘယ်ဘက်အခြမ်းက Apps အောက်မှာရှိတာနော်။ အကယ်၍များ Apps အောက်မှာ Links ကိုမတွေ့ခဲ့ရင် Apps ဘေးက More မှာ Click တစ်ချက်

နှိပ်ပါ။ အောက်ကပုံမှာပြထားပါတယ်။

ပုံ ၉၂




အပေါ်ကပုံမှာပြထားသလို Apps ဘေးက More ကိုနှိပ်လိုက်ရင်တစ်ဖက်ကပုံပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ Links ဆိုတာကိုတွေ့ပါလိမ့်မယ်။ အဲ့ဒီ Links ကို နှိပ်လိုက်ပါ။ အဲ့ဆို ပေါ်လာမယ့် Page မှာ Links တွေကိုသာ တွေ့ရတော့မှာဖြစ်ပါတယ်။

## ၁. ၂၇ Photo များတင်ခြင်း

ကဲ သင်ခန်းစာတွေက ပိုလို စိတ်ဝင်စားစရာကောင်းလာပါပြီ။ အခုကျွန်တော်တို့ Facebook ပေါ်ကို ဓါတ်ပုံတွေတင်ကြည့်ပါတော့မယ်။ အဲ့ဒီအတွက် ကိုယ့်မှာ ရိုက်ထားတဲ့ ဓါတ်ပုံတွေကတော့ အဆင့်သင့်ရှိနေ ရမှာပေါ့နော်။ နောက်ပြီးတော့ ပုံတွေက သိပ်မကြီးစေနဲ့ဗျ။ သိပ်ကြီးရင် တင်တဲ့အခါတတ်မှာမဟုတ်ဘူး။ အဲ့ဆို တွန်းတင်ပေါ့။ တွန်းတင်ရအောင် ဘတ်စ်ကားမှမဟုတ်တာ။ အဲ့ကြောင့် ပုံတွေက ခပ်သေးသေးပဲပေါ့ တစ်ခုခုကိုဖော်ညွှန်းတယ်ဆိုတာသိလောက်ရင်တော်ပြီပေါ့ဗျာ နော်။

ပုံ ၉၃




ကဲ အခု ဓါတ်ပုံတွေကို မတင်ခင်မှာ ကိုယ့် Friends တွေရဲ့ ဓါတ်ပုံတွေကို ဘယ်လိုကြည့်လို့ရသလဲ ဆိုတာကိုအရင်ပြောပြပါဦးမယ်။

မိမိရဲ့ News Feed ထဲကနေလည်း ဓါတ်ပုံတွေကိုကြည့်လို့ရပါတယ်။ ဒါပေသိ ဓါတ်ပုံတွေပဲကြည့်ချင်တယ်ဆိုရင်တော့ မိမိ Facebook Home Page ရဲ့ ဘယ်ဘက်အခြမ်းက Apps အောက်မှာ Photos ဆိုတာရှိပါတယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို ဓါတ်ပုံတွေကြီးပဲ ပြပေးမှာဖြစ်ပါတယ်။

အကယ်၍များ Apps အောက်မှာ Photos ဆိုတာမရှိခဲ့ဘူးဆိုရင် ခုနကပြောခဲ့သလိုပဲ Apps ဘေးက More ကိုနှိပ်လိုက်ပါ။ ပုံ ၉၃ ပြန်ပေါ်လာပါလိမ့်မယ်။ အပေါ်ကပုံမှာတွေ့နိုင်ပါတယ်။ အဲ့ဒီက Photos ဆိုတာကို ရွေးလိုက်ပါ။ အဲ့ဒီတော့မှ Apps အောက်မှာ Photos ဆိုတာပေါ်လာမှာဖြစ်ပါတယ်။

ဒါက ကိုယ့်ဆီမှာ ရောက်နေတဲ့ Photos တွေကိုကြည့်တာဖြစ်ပါတယ်။ ကိုယ့် ဘော်ဒါတွေက သူတို့ Profile Page က Photos မှာ သူတို့ကိုယ်ပိုင်တင်ထားတဲ့ ဓါတ်ပုံတွေကို ကြည့်မယ်ဆိုရင်လည်း ရတယ်။ အဲ့ဒါကျတော့ ကိုယ့် ကြည့်ချင်တဲ့ သူရဲ့ Profile Page ကို အရင်သွားလိုက်ပါ။ ဘယ်လိုသွားရမလဲ။ အား ဒီလောက်ကြီးတောင် သင်ပေးခဲ့ပြီးမှ မေ့ပါလား။ မမေ့ပါဘူး ကိုကြီးဇော်လင်းကိုစတာပါ။ ကျွန်တော်

ပြောပြမယ်။ Search Box ကို သွား ကိုယ်ကြည့်ချင်တဲ့ Friend ရဲ့ နာမည်ကိုရိုက်ထည့် ပေါ်လာရင် အဲ့ဒီမှာ Click နှိပ် ဒါမှမဟုတ်လည်း Facebook ရဲ့ ဘယ်ဘက်အခြမ်းက Friends List မှာသူ့ကိုတွေ့ရင် အဲ့ဒီမှာ နှိပ်လိုက်။ ဟုတ်တယ်ဟုတ်။ ဟာ ဟုတ်ပ့ါ ဟုတ်ပ့ါ တော်လိုက်တာဘယ်သူသင်ပေးတာလဲ။ သေစမ်း နန္ဒိယ။

ကဲ ပြီးရင် အဲ့ဒီလူရဲ့ Profile Page ဘယ်ဘက်က Profile မှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို အဲ့ဒီလူရဲ့ ဓါတ်ပုံတွေပေါ်လာပါပြီ။

ပုံ ၉၄




အခု အပေါ်ကပုံမှာမြင်နေရတဲ့ ဓါတ်ပုံတစ်ပုံချင်းစီက Album တစ်ခုကို ကိုယ်စားပြုပါတယ်။ ဆိုလို တာက အဲ့ဒီ Album ထဲကိုဝင်လိုက်မယ်ဆိုရင် အဲ့ဒီ Album ထဲမှာရှိနေတဲ့ နောက်ထပ်ဓါတ်ပုံတွေကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဘယ်လို ဝင်ရမလဲတင် လွယ်ပါတယ်။ Click တစ်ချက်နှိပ်လိုက်ပါ။

အဲ့သလို နှိပ်လိုက်ရင် အဲ့ဒီ Album ထဲက ဓါတ်ပုံတွေထပ်ထွက်လာလိမ့်မယ်။ အဲ့ဒီမှာ ဓါတ်ပုံတွေ အားလုံးတွေ့နေရပြီ။ အဲ့ဒါကိုမှကိုယ်ကမဟုတ်သေးဘူး စိတ်ဝင်စားတဲ့ ဓါတ်ပုံကို ပုံအကြီး ကြည့်ချင်သေးတယ် ဆို အဲ့ဒီ ကြည့်ချင်တဲ့ ဓါတ်ပုံမှာနှိပ်လိုက်ပါ။ ဒါဆို တစ်ဖက်စာမျက်နှာကပုံပေါ်လာလိမ့်မယ်။

ပုံ ၉၅




ကောင်းပါပြီ။ အဲ့ဒီမှာ သက်ဆိုင်ရာ ဓါတ်ပုံကို Like ဝင်လုပ်လို့ရတယ်။ ပုံမှာပြထားသလို Comment ဝင်ပေးလို့ရတယ်။ Download လုပ်ချင်လည်းရပါတယ်။ အိုကေနော်။ ဒီကနေပြန်ထွက်ချင်ရင် Esc Key ကိုနှိပ်လိုက်ပါ။ မူလ ဓါတ်ပုံတွေဆီပြန်ရောက်သွားပါလိမ့်မယ်။

ကဲ စာဖတ်သူ သင်လည်း အပေါ်ကပုံကိုကြည့်ပြီး သွားရည်ယိုနေပြီထင်တယ်။ ကြိုးစားပေါ့ဗျာနော်။ စာကိုပြောတာပါ။ အဲ့သလို ဓါတ်ပုံတင်တတ်အောင် ကြိုးစားပါ။ ဟုတ်လား အဲ့သလိုမျိုးပေါ်အောင်ဘယ်လို တင်ရသလဲပြောပြပါတော့မယ်။ ကိုယ့် Home Page ရဲ့ ဘယ်ဘက်အခြမ်းက Photo ကိုလာခဲ့လိုက်ပါ။

ပုံ ၉၆



ဒါဆို တစ်ဖက်စာမျက်နှာကပုံပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ ညာဖက်အပေါ်မှာပေါ့လေ Upload Photos ဆိုတာကိုတွေ့တယ်နော်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ ဒါဆို အောက်ကပုံလေးပေါ်လာဦးမယ်။

ပုံ ၉၇




အဲ့ဒီမှာ အပေါ်ဘယ်ဘက်မှာ Album Title ဆိုတာရှိတယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်ပြီး ဒီဓါတ်ပုံ Album ကို နာမည်ပေးပါ။ ညာဖက်က Where were these taken? မှာ ဒီဓါတ်ပုံတွေကိုဘယ်မှာ ရိုက်ခဲ့သလဲ ဖော်ပြနိုင်ပါတယ်။ ပြီးရင် Select Photos to Upload ဆိုတာကို နှိပ်လိုက်ပါ။ ဒါဆို အောက်ကပုံ ပေါ်လာလိမ့်မယ်။


ပုံ ၉၈



အဲ့ဒီမှာ ကိုယ့် ကွန်ပျူတာထဲက ဓါတ်ပုံတွေသိမ်းထားတဲ့နေရာကိုသွားပြီး တင်မယ့်ပုံတွေကိုရွေးပါ။ ပြီးရင် Open လို့ ပြောလိုက်ပါ။

ဒီနေရာမှာ ကြားညှပ်ပြီးတစ်ခုပြောချင်ပါတယ်။ အခုလိုပုံစံနဲ့တင်တာနည်းနည်းကြာတတ်ပါတယ်။ ဒါကြောင့် တစ်ဖက်ကပုံ ၉၇ မှာဝိုင်းပြထားသလို Try the Basic Uploader ကိုနှိပ်လိုက်ပါ။ ဒါဆိုအောက်က ပုံပေါ်လာပါလိမ့်မယ်။

ပုံ ၉၉




အခုပြောတာနဲ့ ခုနကပြောတာနဲ့တူတူပဲနော်။ ဘယ်လိုတင်တင်ရတယ်။ ကျွန်တော်တို့ ကွန်နက်ရှင်နဲ့ဆို အခုလိုတင်တာကပိုမြန်တယ်။ တစ်ခါတည်း Browse ကနေ ပုံတွေခေါ်ပြီးတင်နိုင်တယ်။ သို့ပေသိ တစ်ပုံချင်းစီပဲတင်ပါဗျာ သိပ်စိတ်မကြီးပါနဲ့။ ကွန်နက်ရှင်ကောင်းရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။

ကဲ ပြီးရင် Upload Photos မှာ နှိပ်လိုက်ပါ။ ခဏာတော့စောင့်နော် အဟီး။ ဟော တက်လာပြီ။ တစ်ဖက်စာမျက်နှာက ပုံကိုကြည့်လိုက်ပါ။ ဟာ ကိုကြီးဇော်လင်း နှာခေါင်းပွတ်နေပါလား။

ကဲ ပြီးရင် အဲ့ဒီမှာ ဓါတ်ပုံအတွက်စာသားမှတ်ချက်လေးတွေပေးလို့ရပါတယ်။ ဘယ်မှာရိုက်ထားတဲ့ ဓါတ်ပုံလည်းဆိုတာကိုပြောလို့ရတယ်။ ပြီးရင်တော့ Save Changes လုပ်လိုက်ပါ။ ဒါဆို ပုံ ၁၀၁ မှာလိုမျိုး လာမေးနေပါလိမ့်မယ်။

အဲ့ဒီဓါတ်ပုံလေးကို Photo ဆိုတဲ့နေရာမှာပဲထားစေချင်ရုံတင်မကဘူး Profile Wall တို့ News Feed တို့မှာပါတတ်လာစေချင်ရင် Publish ကို နှိပ်ရပါတယ်။

ပုံ ၁၀၀




ပုံ ၁၀၁





အဲ့သလိုမှမဟုတ်ဘဲ ဓါတ်ပုံတွေကို Photos ဆိုတဲ့နေရာမှာလာကြည့်မှမြင်စေချင်ရင်တော့ Skip ကို နှိပ်ပါ။ အဲ့ဒီ ၂ ခုထဲက ဘာပဲနှိပ်နှိပ် Photos ထဲကို Upload လုပ်ပြီးသားဖြစ်ပါတယ်။

ဆက်ကြည့်ပါ။ တစ်ဖက်စာမျက်နှာက ပုံ ၁၀၂ လိုပေါ်နေပါလိမ့်မယ်။ အဲ့ဒီအောက်မှ ကိုယ့်ပုံကို Comment ပြန်ပေးချင်လည်းပေးလို့ရပါတယ်။ နောက်ပြီးအဲ့ဒီမှာ Untitled Album ဆိုပြီးဖြစ်နေပါတယ်။ အဲ့ဒီ ခုနတုန်းက Album ကို နာမည်မပေးခဲ့လို့ဖြစ်ပါတယ်။ အခုမှ Album ကိုနာမည် ပြန်ပေးချင်ရင်တော့ အဲ့ဒီ ညာဖက်က Edit Album ကို နှိပ်လိုက်ပါ။

ပုံ ၁၀၂


facebook
Search
Untitled Album
By Ko Htike (Albums) · Updated 2 seconds ago · Edit Album
Changes saved.
Add a description
Like · Share
Write a comment...
Press Enter to post your comment.

ပုံ ၁၀၃


Edit Album
Album Name:
My Guitar
Where:
Where were these photos taken?
Description:
Add details about this album...
Privacy:
Only Me
Public
Friends
Only Me
Custom
Close Friends
Dagon University
See all lists...
Edit Photos · Dele
Save
Cancel

ကဲ အခု Album Title ကို တပ်ပြီးသကာလ အောက်မှာ ဒီဓါတ်ပုံတွေကို ဘယ်သူမြင်စေချင်သလဲ ဆိုတာကိုရွေးပေးလိုက်ပါ။ ဥပမာ Friends လား Public ပေါ့။ ပြီးရင်တော့ Save လို့ပြောလိုက်ပါ။ ကဲ အဲ့ဆို ရင် ဓါတ်ပုံတွေတင်တတ်သွားပါပြီ။ နောက်ပုံတွေကို ကိုယ့်ဘာသာကို ဆက်တင်ကြည့်ပါ။

အကြောင်းအရာမတူတဲ့ပုံတွေဆိုရင် Album ခွဲပြီးတင်ကြည့်ပါ။ တစ်ချို့ကျတော့လည်း အကြောင်း အရာတူတူမတူတူ ဒီ Album တစ်ခုတည်းမှပဲ အစုလိုက်အပြုံလိုက်တင်ထားတတ်ကြပါတယ်။ အောက်ကပုံ မှာဆို ကျွန်တော့် Account ရဲ့ Photo Albums များကိုတွေ့နိုင်ပါတယ်။ သင်လည်း တင်ရင်းတင်ရင်းနဲ့ နောက် အဲ့ဒီလို များလာမှာပေါ့။

ပုံ ၁၀၄





## ၁.၂၈ Photo များကိုဖျက်ခြင်း

ဓါတ်ပုံတွေကို Facebook ပေါ်တင်ပြီးမှ မတင်ချင်တော့လို Delete လုပ်ချင်တယ်ဆိုလည်းရပါတယ်။ ဒီတော့ ဖျက်ချင်တဲ့ပုံရှိတဲ့နေရာကိုသွားပါ။ ဘယ်လိုသွားမလဲ ကိုယ့်ရဲ့ Profile Page ကိုလာပါ။ ပြီးရင်ဘယ်ဘက် အခြမ်းကနေ Photo ကိုလာပါ။ Photo Album ကိုတွေ့ရင် ကိုယ်ဖျက်ချင်တဲ့ ဓါတ်ပုံရှိတဲ့ Album ကို Click နှိပ်ပြီးဝင်လိုက်ပါ။ ဓါတ်ပုံတွေထွက်လာရင် ကိုယ်ဖျက်ချင်တဲ့ ဓါတ်ပုံကို Click တစ်ချက်နှိပ်လိုက်ပါ။ အဲ့ဆို

အောက်ကပုံပေါ်လာပါလိမ့်မယ်။

ပုံ ၁၀၅




အဲ့ဒီပုံအောက်ဆုံးမှာ Delete This Photo ဆိုတာတွေ့တယ်နော်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ သေချာလား လာမေးနေပါလိမ့်မယ်။

ပုံ ၁၀၆




သေချာတယ်ဆိုရင် Confirm ကို နှိပ်လိုက်ပါ။ ဒါဆို ဓါတ်ပုံလေးပျက်သွားပါလိမ့်မယ်။

## ၁.၂၉ Photo Tag လုပ်ခြင်း

Facebook ပေါ်မှာ ဓါတ်ပုံတွေကို Tag လုပ်လို့ရပါတယ်။ ဓါတ်ပုံတွေကို Tag လုပ်ထားရင် ဓါတ်ပုံပေါ်မှာ Mouse ကိုတင်လိုက်တဲ့အခါ Tag လုပ်ထားတဲ့စာသားတွေပေါ်လာပါလိမ့်မယ်။ ဒီတော့ ဥပမာဗျာ ကျွန်တော်က ကောင်မလေး ၃ ယောက်နဲ့ ဓါတ်ပုံတွဲရိုက်ထားတယ်။ အပတီး ကပ်ကြွားပြန်ပြီ။ ကဲ အဲ့ဒီ ဓါတ်ပုံထဲက ဘယ်သူလေးကတော့ဖြင့် နာမည်က ဘယ်လိုပါ ဘယ်သူလေးကတော့ဖြင့် ဘယ်လိုခေါ်ပါတယ် စသဖြင့် ဓါတ်ပုံကြည့်တဲ့သူတွေကို သိစေချင်တယ်ပေါ့ ဒါဆို ဒီ ဓါတ်ပုံကို Tag လုပ်ရတော့မှာဖြစ်ပါတယ်။ ကဲ စမယ်။


၁။ ပထမဦးဆုံး Photo Album ထဲသွားပြီ အဲ့ဒီ Tag လုပ်ချင်တဲ့ ဓါတ်ပုံကို Click နှိပ်လိုက်ပါ။ အောက်ကပုံလိုမျိုးပေါ်လာပါလိမ့်မယ်။

ပုံ ၁၀၇




၂။ အဲ့ဒီပုံရဲ့ ညာဖက်အောက်ထောင့်မှာ Tag Photo ဆိုတာရှိတယ်တွေ့လား။ အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို တစ်ဖက်စာမျက်နှာက ပုံပေါ်လာလိမ့်မယ်။

ပုံ ၁၀၈




၃။ အဲ့ဒီအပေါ်ကပုံမှာကြည့်လိုက်ပါ။ Click on the photo to start tagging. Done Tagging ဆိုတာတွေ့လား။ ဆိုလိုတာက ပုံပေါ်မှာ တနည်းအားဖြင့် တစ်ဦးဦးရဲ့ မျက်နှာပေါ်မှာ Mouse ကို Drag ဆွဲလိုက်ပါလို့ပြောတာပါ။ အခုလောလောဆယ်တော့ ကျွန်တော့်မျက်နှာကိုပဲဆွဲလိုက်တယ်။

ပုံ ၁၀၉



ဘာလို့တုန်းဆိုတော့ နှင်း၊ နွေ၊ မိုး ဆိုတဲ့ နတ်သမီး သုံးပါးနဲ့တွဲနေတဲ့ ခပ်ဆိုးဆိုးကောင်က ဇော်လင်းမှန်းသိအောင်လို့ပါ။

ပြီးတော့မှ ဘေးကတစ်ယောက်ချင်းဆီကို နှင်း၊ နွေ၊ မိုး ဆိုပြီးလိုက်တတ်မယ်။ အားလုံးပြီးသွားရင် အဲ့ဒီအောက်မှာရှိနေတဲ့ Done Tagging ကိုနှိပ်လိုက်ပါ။ ဒါဆို Photo ကို Tag လုပ်ခြင်းပြီးပါပြီ။ ပြီးသွားတဲ့ အခါ အဲ့ဒီ ဓါတ်ပုံပေါ်မှာရှိတဲ့ လူတွေပေါ် Mouse လေးလိုက်တင်ကြည့်ပါ။ နာမည်လေးတွေပေါ်လာတာတွေ့ ရပါလိမ့်မယ်။ အကယ်၍ Tag လုပ်ထားတာပြန်ဖြုတ်ချင်တယ်ဆိုရင်တော့ အောက်ကပုံမှာပြထားတဲ့အတိုင်း အဲ့ဒီလူရဲ့ နာမည်ကို Mouse Pointer တင်လိုက်ပါ။ ပုံမှာဆို Zaw LinYouth with Moe ဆိုပြီးရှိတယ်။ အဲ့ဒီ Moe အပေါ်မှာ Mouse ကိုတင်လိုက်ရင် ပုံမှာပြထားသလို Tagged by Zaw LinYouth - Remove Tag ဆိုပြီးပေါ်လာလိမ့်မယ်။ အဲ့ဒီ Remove Tag မှာနှိပ်လိုက်ပါ။ ဒါဆို Tag လုပ်ထားတာပြန်ပျောက်သွားပါလိမ့်မယ်။ ကဲ ဒီမှာတင်ပဲ ဓါတ်ပုံနဲ့ ပတ်သက်တဲ့သင်ခန်းစာကိုရပ်လိုက်ပါတယ်။ ဗွီဒီယိုကိုဆက်ကြဦးစို့။


ပုံ ၁၁၀



## ၁.၃၁ **Video ဖိုင်များတင်ခြင်း**

Facebook ပေါ်မှာ ဓါတ်ပုံတွေကို Upload လုပ်ပြီးတဲ့အခါ အခု Video ဖိုင်များကို Upload လုပ်ပြပါဦးမယ်။ ဒီသင်ခန်းစာကတော့ သင်သာသင်ပေးရတာ သိပ် Feel မလာဘူး။ ဘာလို့တုန်းဆိုတော့ တက်သွားဖို့ကမလွယ်ဘူးလေ။ ဘာပဲဖြစ်ဖြစ် စရအောင်။ ကိုယ့် Profile Page ရဲ့ ဘယ်ဘက်က Photo ကိုလာခဲ့လိုက်ပါ။ အောက်ကပုံလိုပေါ်လိမ့်မယ်။ ပြီးရင် ညာဖက်အပေါ်မှာ Upload Video ဆိုတာရှိပါတယ်။ အဲ့ဒါလေးကိုနှိပ်လိုက်ပါ။


ပုံ ၁၁၁




ပုံမှာမြင်တွေ့နေရတဲ့အတိုင်းပဲ တင်မယ့် Video ဖိုင်လေးဟာ ဘယ်မိနစ်မကျော်ရဘူး၊ ဘယ်လောက် Size မကျော်ရဘူး စသဖြင့် ကန့်သတ်ချက်လေးတွေတော့ ရှိပါတယ်။ ကဲ ကျွန်တော်တို့ ကွန်ပျူတာထဲမှာ အသင့်ရှိပြီးသား ဗွီဒီယို ဖိုင်လေးကို Browse ကနေတဆင့်သွားခေါ်လိုက်ပါ။ ပြီးရင် Open လို့ပြောပါ။ အဲ့ဒီပုံလေးကိုတော့ ထည့်မပြထားတော့ဘူး။

အကယ်၍ ကျွန်တော်တို့ခေါ်လိုက်တဲ့ ဖိုင်လေးဟာ သူ Support မလုပ်တဲ့ Format ဖြစ်နေရင် တစ်ဖက်စာမျက်နှာက ပုံ ၁၁၂ လိုမျိုးပေါ်လာပါလိမ့်မယ်။ အဲ့ဒီပုံမှာသူ Support လုပ်တဲ့ Format တွေကိုလည်း တွေ့မြင်နိုင်ပါတယ်။

ပုံ ၁၁၂




ကောင်းပါပြီ အခု ကျွန်တော်တို့ သူ Support လုပ်တဲ့ ဖိုင်ကိုပဲရွေးပြီးတင်လိုက်ပါ။

ပြီးရင် ပုံ ၁၁၃ ပေါ်လာမှာဖြစ်ပါတယ်။ ပုံမှာမြင်တွေ့နေရသလိုမျိုး Video File ကို Upload လုပ်နေမှာဖြစ်ပါတယ်။ အဲ့ဒီမှာ Description တွေဘာတွေဖြည့်ပေးလို့ရပါသေးတယ်။ ကဲ ပြီးရင်တော့ Save Info လုပ်လိုက်ပါ။ အဲ့ဆိုရင်တော့ Video File လေးကို Upload လုပ် လို့ ပြီးသွားပြီဖြစ်ပါတယ်။

ပြီးရင် Album ထဲမှာ ကိုယ်ခုနကတင်လိုက်တဲ့ Video ဖိုင်လေးကိုတွေ့ပါလိမ့်မယ်။ အဲ့ဒီဖိုင်ပေါ်မှာ Play သင်္ကေတလေးရှိပါလိမ့်မယ်။ ကိုယ်တင်ထားတာပဲဖြစ်ဖြစ် သူများတင်ထားတာပဲဖြစ်ဖြစ် Video ဖိုင်ကို ကြည့်ချင်ပြီဆိုရင် အဲ့ဒီ Play သင်္ကေတလေးမှာနှိပ်လိုက်ပါ။ အဲ့ဆို Play လုပ်ပြပါလိမ့်မယ်။ တစ်ခုတော့ ရှိပါတယ်။ Flash Player တွေဘာတွေ မရှိရင်တစ်ခါတစ်ရံ မပြတတ်ပါဘူး။

ပုံ ၁၁၃




အကယ်၍များ ဒီ Video ဖိုင်လေးကို ပြန်ဖျက်ချင်ပြီဆိုရင် ဓါတ်ပုံကိုပြန်ဖျက်တဲ့သင်ခန်းစာနဲ့တူတူပဲဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒါလေးကို ထပ်မပြောပြတော့ပါဘူး။


## ၁.၁၁ Message ပို့ခြင်းနှင့်လက်ခံခြင်း

Facebook ပေါ်မှာ ကိုယ့်နှင့် Friends ဖြစ်ပြီးသားဖြစ်စေ Friends မဖြစ်သေးတာဖြစ်စေ ကျွန်တော်တို့ Email ပို့သလိုမျိုး Message တွေပို့လို့ရပါတယ်။ သူကကျတော့ နှစ်ယောက်တည်းကိုပဲရောက်ပါတယ်။ အခြားလူတွေမသိပါဘူး။ Comments နဲ့မတူဘူးပေါ့ဗျာ။ သူရယ် ကိုယ်ရယ် နှစ်ယောက်ကြားကိုပဲ Message ပို့တာဖြစ်ပါတယ်။ ကဲ ကောင်းပါပြီ ဒီတော့ ကိုယ်ပို့ချင်တဲ့သူဘယ်သူလဲ အဲ့ဒီလူရဲ့ Page ကိုသွားလိုက်ပါ။ ဘယ်လိုသွားရမလဲ လုပ်ပြန်ပြီ Profile ဘယ်ဘက်အခြမ်းက Friend List ထဲကနေတွေ့လို့ရှိရင်

အဲ့ဒီမှာနှိပ်လိုက် အဲ့ဒါမှမဟုတ် Search Box ကနေ အဲ့ဒီလူ့နာမည်ကိုရိုက်ထည့်လိုက် ပေါ်လာရင် Click နှိပ် ဒါဆို အဲ့ဒီလူရဲ့ Page ကိုရောက်သွားလိမ့်မယ်။ (သိပါတယ်ဗျ ခဏခဏ ပြန်မပြောပါနဲ့)


ကဲ ကောင်းပြီ အဲ့ဒီလူရဲ့ Page ကိုရောက်ရင် အပေါ်ညာဖက်မှာ Message ဆိုတဲ့ Button လေးရှိတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။

ပုံ ၁၁၄




ဒါဆို အောက်ကပုံလေးပေါ်လာပါလိမ့်မယ်။ သူက ပုံစံနှစ်မျိုးပေါ်နိုင်တယ်။ တစ်ခါမှသူ့ဆီကို Message မပို့ဘူးရင် ပုံ ၁၁၅ လိုပေါ်တယ်။ အရင်ကပို့ဖူးထားရင် ပုံ ၁၁၆ လိုပေါ်တယ်။

ပုံ ၁၁၅




အဲ့ဒီမှာ ကိုယ်ရိုက်ထည့်ချင်တာ ရိုက်ထည့်ပြီး Send လုပ်လိုက်ပါ။


ပုံ ၁၁၆




ကဲ အခုပေါ်ကပုံလိုပေါ်လာရင်တော့ Text Box မှာ Message ကိုဝင်ရိုက်ပြီးရင် Reply ကိုနှိပ်လိုက်ပါ။ ဒါဆို သူနဲ့ကိုယ်နဲ့ Message ပို့တာသိသွားပါပြီ။

အကယ်၍ ကိုယ် Facebook မှာမရှိတုန်း သူက ကိုယ့်ဆီကို Message ပို့ထားတာတွေဟာ ကိုယ့်ရဲ့ Notification Icon မှာလာပေါ်နေပါလိမ့်မယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်ပြီး Message ကိုကြည့်နိုင်ပါတယ်။ အောက်ကပုံမှာပြထားပါတယ်။

ပုံ ၁၁၇




Message နဲ့ ပတ်သက်ပြီးပြောချင်တာလေးတစ်ခုက ခုနကကိုယ့်ဆီဝင်လာတဲ့ Message မှာ Click တစ်ချက်နှိပ်လိုက်ပြီ အောက်ကပြထားတဲ့ပုံလို Message အပြည့်အစုံကိုကြည့်လိုက်ပါတယ်။ အဲ့ဒီမှာ ညာဖက်အပေါ်မှာ Actions ဆိုတဲ့ Button လေးရှိပါတယ်။ အဲ့ဒါကို နှိပ်လိုက်ရင် ပုံမှာပြထားသလို Menu လေးကျလာပါလိမ့်မယ်။ အဲ့ဒီကနေ Message နဲ့ ပတ်သက်တာတွေပြုလုပ်လို့ရပါတယ်။ ဒါကို Forward လုပ်ချင်လား ဖျက်ချင်သလားစသဖြင့်ဖြစ်ပါတယ်။ Gmail အတိုင်းပါပဲ။

ပုံ ၁၁၈




နောက်တစ်ခုပြောချင်တာက ကိုယ့်ဆီကို ရောက်နေတဲ့ Message တွေပဲ ကြည့်ချင်တယ်ဆိုရင် ကိုယ့်ရဲ့ Home Page ဘယ်ဘက်က Message မှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို Message တွေအားလုံးတွေ့ရပါလိမ့်မယ်။ Message သီးသန့်ပေါ့။ ကဲ ဒီလောက်ဆို Message နဲ့ပတ်သက်လို့တော်ပါပြီ။

ပုံ ၁၁၉



## ၁.၃၂ Chatting ထိုင်ခြင်း

Facebook ပေါ်မှာလည်း Gtalk လို Chatting ထလို့ရပါတယ်။ အဲ့လေ ထိုင်လို့ရပါတယ်။ တော်တော်များများကတော့ Gtalk မှာ Chatting ထိုင်ဖူးကြမှာပါ။ ဘာလဲဟင် Chatting ထိုင်တယ်ဆိုတာ။ အင်း ဒီလိုလူမျိုးလည်း ရှိမှာပါ။ ဒီလိုပါ တယ်လီဖုန်းပြောသလို ဟိုဖက်ဒီဖက် အပြန်အလှန် Message လှမ်းပို့နေတာပါပဲ။ သူပြောကိုယ်ပြောပေါ့။ သူမရှိလည်း ပြောနေလို့ရတယ်။ အပြန်အလှန်ဆိုတာ သူရောကိုယ်ရော Online မှာရှိနေပြီးပြောနေကြတာ။ တစ်ခါတစ်လေ သူက Offline ဖြစ်နေတယ်။ အခု သူ Online မှာမရှိဘူးသို့သော် ကိုယ်က မအောင့်နိုင်တော့လို့ရှိရင်လည်း ပြောထားလိုက်လို့ရတယ်။ သူ Online ပေါ်ရောက်လာရင်ကိုယ် ပြောထားတာကို တွေ့လိမ့်မယ်။ ဒါပေမယ့် အပြန်အလှန်တော့မဟုတ်ဘူးပေါ့။ ကဲ Chat လုပ်တော့မယ်ဆို ကိုယ့် Facebook ရဲ့ညာဖက်မှာ Friend List ကိုတွေ့လိမ့်မယ်။ အဲ့ဒီမှာ လူတစ်ယောက်ချင်းစီရဲ့ နာမည်ညာဖက်မှာအစိမ်းရောင် အဝိုင်းသေးသေးလေးရှိ နေရင် ဒီ လူတွေဟာ တနည်းအားဖြင့် ဒီ Account တွေဟာ Online မှာရောက်နေတာပါ။ တနည်းအားဖြင့် သူတို့လည်း Facebook ကိုသုံးနေပါတယ်။ ဒါဆို သူတို့နဲ့ အခု Chat လုပ်လို့ရပြီ။ အစိမ်းရောင်မရှိတဲ့သူတွေနဲ့က ခုနပြောသလို အပြန်အလှန် Chat လို့တော့မရပါဘူး။

ပုံ ၁၂၀




အခု အပေါ်ကပုံမှာဆို ညာဖက်မှာကြည့်လိုက် ဘော်ဒါတွေအများကြီးပဲ သို့ပေသိလောလောဆယ်

၂ ယောက်ပဲ Online မှာရှိနေတာဖြစ်ပါတယ်။ အဲ့ဒီလို အစိမ်းလေးပေါ်နေတဲ့သူတွေထဲက ကိုယ်ပြောချင်တဲ့သူပေါ်မှာ Mouse ကို Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို Chat Window လေးပေါ်လာပါလိမ့်မယ်။

ပုံ ၁၂၁





Message နဲ့ Chatting ကွာတာက Chatting က လူအများကြီးနဲ့ တပြိုင်တည်း Chatting ပြောနေလို့ရပါတယ်။ အပြန်အလှန်ပေါ့နော်။ Message ကျတော့ စာတွေအများကြီးပြောလို့ရတယ်ဆိုပေမယ့် အပြန်အလှန်ချက်ချင်းမရဘူးပေ့။ လူတွေအများကြီးနှင့် Chatting တွေပြောနေရင်း အခုအပေါ်ကပုံမှာပြထားသလို Chatting Window တွေကအများကြီးဖြစ်နေမှာဖြစ်ပါတယ်။ ကဲ Chatting နဲ့ပတ်သက်လို့ ဒီလောက်ပါပဲ။

## ၁. ၃၃ Group များတည်ဆောက်ခြင်း

ကျွန်တော်တို့ Facebook ပေါ်မှာ Group လေးတွေတည်ဆောက်လို့ရပါတယ်။ ပြီးရင် အခြားသူတွေကလည်း ကိုယ်တည်ဆောက်ထားတဲ့ Group မှာ Member အဖြစ်ဝင်ရောက်လာပြီး တဖြည်းဖြည်းနဲ့ Member တွေများလာမှာဖြစ်ပါတယ်။ အဲ့ဒီတော့စိတ်တူကိုယ်တူတွေစုနေတာပေ့ါဗျာ။ အဲ့ဒါပြီးမှ ကျွန်တော်တို့က လူမှုရေးအတွက်ဖြစ်ဖြစ်၊ အခြားဘာကိစ္စပဲဖြစ်ဖြစ် နှိုးဆော်တာတို့၊ အသိပေးတာတို့ စသဖြင့်လုပ်လို့ရတာပေ့ါ။ ကဲ ကျွန်တော်တို့လည်း Group လေးတစ်ခုလောက်တည်ဆောက်ကြရအောင်။

အောက်ကပုံမှာ မိမိ Facebook Account ရဲ့ Home Page ကိုသွားထားလိုက်ပါ။ ဘယ်ဘက်အခြမ်း အောက်ဆုံးမှာ Groups ဆိုတာရှိလိမ့်မယ်။ အဲ့ဒီအောက်မှာ New Group ဆိုတာရှိတယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။

ပုံ ၁၂၂




ဒါဆို ပုံ ၁၂၃ ပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ Group Name ကိုရိုက်ထည့်ပေးပါ။ ကျွန်တော်ကတော့ ဂစ်တာသမားများဆိုပြီး အုပ်စုတစ်စုဖွဲ့ချင်ပါတယ်။ ဒီတော့ Guitarist လို့ရိုက်ထည့်လိုက်ပါ။

ပြီးရင် လောလောဆယ် ကိုယ့် Friends တွေထဲက ဘယ်သူတွေက ဒီမှာ Member ဖြစ်မလဲပေါ့။ အဲ့ဒီတော့ ကိုယ့် Friends တွေထဲက Member ဖြစ်မယ့်သူကိုရွေးချယ်ပါ။


ပြီးရင် အောက်မှာ Group Type တွေရှိပါတယ်။ Group Type ၃ မျိုးရှိပါတယ်။ အဲ့ဒါတွေကတော့–

၁။ Open

၂။ Closed

၃။ Secret တို့ဖြစ်ကြပါတယ်။

ပုံ ၁၂၃




၁။ Open ဆိုတာ မည်သူမဆို အဲ့ဒီ Group ကိုတွေ့နိုင်တယ်မြင်နိုင်တယ်။ အဲ့ဒီ Group ထဲမှာဘယ်သူတွေပါဝင်သလဲ ကြည့်နိုင်သလို အဲ့ဒီ Group ရဲ့ Member တွေတင်ထားတဲ့ Post တွေကိုလည်း အခြားမည်သူမဆိုကကြည့်နိုင်မြင်နိုင်ပါတယ်။


၂။ Close ဆိုတာကျတော့ Open လိုပဲ မည်သူမဆိုက ဤ Group ကိုတွေ့နိုင်တယ်မြင်နိုင်တယ်။ အဲ့ဒီ Group ထဲမှာမည်သူတွေပါဝင်ကြသလဲဆိုတာကိုလည်းတွေ့နိုင်တယ်။ သို့ပေသိ Member တွေတင်တဲ့ Post ကျတော့ Members တွေပဲကြည့်လို့ရတယ်။ အပြင်လူမြင်လို့မရတော့ဘူး။

၃။ Secret ကျတော့ ဒီ Group ကိုရော၊ Members တွေကိုရော၊ Members တွေတင်တဲ့ Post

တွေကိုရော အားလုံးကို Member များကသာ တွေ့မြင်နိုင်ပါတယ်။ အပြင်လူမမြင်တွေ့နိုင်ပါဘူး။

အခုတော့ကျွန်တော်က Close ကို ပဲရွေးလိုက်ပါတယ်။ ပြီးရင် Create လို့ပြောလိုက်ပါ။ ဒါဆို Group တစ်ခုဖြစ်သွားပါလိမ့်မယ်။ အောက်ကပုံမှာ Guitarist Group ကိုတွေ့နိုင်ပါတယ်။

ပုံ ၁၂၄




## ၁.၃၄ **Group** များကိုပြင်ခြင်း

တည်ဆောက်ပြီးသား Group တွေကို Edit လုပ်ကြည့်ရအောင်။ အပေါ်ကပုံ ၁၂၄ မှာ ဝိုင်းပြထားတဲ့ နေရာလေးကို ကြည့်လိုက်ပါ။ ပြန်ပြောမယ်ဆိုရင် Group Page ရဲ့ညာဖက်အပေါ်ထောင့်မှာ အောက်ကိုညွှန်ပြနေတဲ့ Triangle လေးရှိပါတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။

အဲ့ဒါဆို ပုံ ၁၂၅ လို Menu လေးပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ Edit Group ဆိုတာရှိပါတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ ဒါဆို ပုံ ၁၂၆ ပေါ်လာပါလိမ့်မယ်။


အဲ့ဒီမှာ ကျွန်တော်တို့ Group ရဲ့ Profile Picture တင်လို့ရတယ်။ နောက်ပြီး Group Type တွေကိုပြန်ပြင်လို့ရတယ်။ နောက်ပြီး ဒီ Group အတွက် Facebook Email တစ်ခုရယူလို့ရပါတယ်။

ပုံ ၁၂၅




အခုတော့ ကျွန်တော်က Guitarist Group ရဲ့ Profile Picture လေးကိုပြောင်းကြည့်ချင်ပါတယ်။ အောက်ကပုံမှာပြထားတဲ့အတိုင်း Browse မှာ Click တစ်ချက်နှိပ်ပြီး ကိုယ့်ကွန်ပျူတာထဲက ရှိပြီးသားပုံလေးကို ရွေးပေးလိုက်ပါ။ ပြီးရင် Save လို့မပြောနဲ့ဦး။ အောက်မှာ Email လေးယူလိုက်ဦးမယ်။


ပုံ ၁၂၆




## ၁. ၃၅ Group Email ရယူခြင်း

တည်ဆောက်လိုက်တဲ့ Group အတွက် Facebook ကနေ Email တစ်ခုရယူလို့ရပါတယ်။ Facebook ကပေးတဲ့ Email ပေါ့နော်။ ဒီတော့ ပုံ ၁၂၇ ကိုကြည့်လိုက်ပါ။

ပုံ ၁၂၇




အဲ့ဒီအပေါ်ကပုံမှာ Email Address ဆိုတာရှိတယ်လေ။ အဲ့ဒီဘေးက Set Up Group Email ကို နှိပ်လိုက်ပါ။ ဒါဆို နောက်ထပ်ပုံတစ်ပုံပေါ်လာပါလိမ့်မယ်။ အောက်မှာပြပေးထားပါတယ်။

ပုံ ၁၂၈




အဲ့ဒီမှာ ကိုယ်က Email နာမည်တစ်ခုကိုရွေးပေးရမယ်။ အဲ့ဒီနာမည်က Available လည်းဖြစ်ဖို့ လိုအပ်တယ်။ ဒီတော့ ကျွန်တော်လည်း guitarmen လို့ရိုက်လိုက်တယ်။ သူက Group အတွက် Facebook ကပေးတဲ့ Email ဆိုတော့ groups.facebook.com နဲ့ ဆုံးပါတယ်။

အပြည့်အစုံဆိုရင် guitarmen@groups.facebook.com ဖြစ်ပါတယ်။ ကဲ အဲ့ဒီကို လိပ်မူပြီးတော့ Mail များပို့လိုက်မယ်ဆိုရင် ဖြင့် အဲ့ဒီ Group ရဲ့ Member တွေအားလုံးဆီကိုရောက်ပါတယ်။ သူတို့ Facebook ထဲကိုဝင်တဲ့ Email ဆီကို ရောက်သွားတာဖြစ်ပါတယ်။ အဲ့ဒါတစ်ခုကောင်းတာပေါ့ဗျာ စိတ်တူသဘောတူချင်း တစ်စုစု ညှိနှိုင်း စရာရှိရင် ဒီလူတွေဆီ အားလုံးကို တပြိုင်တည်း Email ပို့လိုက်လို့ရတာပါ။

Commnunications ကတော့ အရမ်းကောင်းသွားတာပေါ့။ ကဲ ပြီးရင် ပုံ ၁၂၇ ကိုကြည့်လိုက်ပါ။ အဲ့ဒီမှာ Description ဆိုတာရှိတယ်။ Description မှာ Group ရဲ့ တည်ထောင်ခြင်းမှတ်ချက်တွေဘာတွေ ရေးလို့ရတယ်။ နောက်အပေါ်မှာ Membership Approval ဆိုတာရှိတယ်။ အဲ့ဒီအမှန်ခြစ်လေးကို On လိုက်ရင် အဲ့ဒီ Group ကို Member ဖြစ်ချင်ရင် အဲ့ဒီ Group ကိုကိုင်တွယ်တဲ့ Admin က Approve လုပ်မှ ရလိမ့်မယ်။ ကျွန်တော်ကတော့ အဲ့သလိုမဖြစ်စေချင်လို့ မ On ခဲ့တော့ဘူး။

ကဲ ပြီးရင် အောက်ဆုံးမှာ Save ဆိုတာရှိပါတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ ဒါမှသက်ရောက်သွားမှာပါ။ ကဲ ဒါဆို နောက်သင်ခန်းစာတစ်ခုဆက်ရအောင်။

## ၁. ၃၆ Group Admin ခန့်အပ်ခြင်း

Group နှင့် Group Member တွေကိုထိန်းချုပ်ဖို့ Group Admin လိုအပ်ပါတယ်။ ပုံမှန်ဆိုရင်တော့ Group ကို တည်ထောင်သူဟာ Group Admin ဖြစ်ပါတယ်။ Group Admin ဟာ ရှေ့မှာလုပ်ပြခဲ့သော Group နှင့်ပတ်သက်တဲ့ Edit လုပ်တာတွေ၊ Member များအား Member အဖြစ်မှရပ်စဲတာတွေ၊ အခြားလူတစ်ယောက်ကို Admin ခန့်အပ်တာတွေစသဖြင့်လုပ်လို့ရပါတယ်။ လောလောဆယ်တော့ ကျွန်တော်က Group ကိုတည်ထောင်သူဆိုတော့ Group Admin ပေါ့။ သို့ပေသိ Member တွေသိပ်များလာရင် သူတို့နဲ့ပတ်သက်တာတွေ ကျွန်တော်တစ်ယောက်တည်း Operate လုပ်နိုင်မယ်မထင်ရင် ဒီ Group ထဲက Member တစ်ဦးဦးကို နောက်ထပ် Admin တစ်ယောက်အဖြစ်ခန့်အပ်ထားလို့ရပါတယ်။ ကဲ လုပ်ကြည့်လိုက်ရအောင်။

၁။ ကဲ ဒီတော့ အဲ့ဒီ Group ရဲ့ Page ကိုသွားလိုက်ပါ။ ဘယ်လို သွားရမလဲဆိုရင် Facebook ရဲ့ အပေါ်ဆုံးဘားတန်းက Search Box မှာ အဲ့ဒီ Group Name ကို ရိုက်ထည့်ပြီးရှာနိုင်ပါတယ်။ တွေ့ရင် Click တစ်ချက် နှိပ်လိုက်ပါ။ ဒါဆို အဲ့ဒီ Group ရဲ့ Page ကိုရောက်သွားပါလိမ့်မယ်။

၂။ ဒါဆို ပုံ ၁၂၉ ပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ Group Member တွေကို တွေ့နေရပါတယ်။ Group Member တစ်ယောက်ချင်းစီရဲ့ ဘေးနားမှာ Make Admin ဆိုတဲ့ Button လေးတစ်ခုစီ ပါရှိပါတယ်။ ဒီတော့ Admin ခန့်ချင်တဲ့သူရဲ့ Make Admin မှာ Click တစ်ချက်သွားနှိပ်လိုက်ပါ။

ပုံ ၁၂၉




၃။ ကဲ အဲ့ဒီလို နှိပ်လိုက်တဲ့အခါကျတော့ သေချာလားဆိုတဲ့ Box လေးတစ်ခုကျလာပါလိမ့်မယ်။ အဲ့ဒီမှာ Make Admin ဆိုတာကိုတွေ့ပါလိမ့်မယ်။ အဲ့ဒီ Make Admin ကိုနှိပ်လိုက်ပါ။ အဲဆို အဲ့ဒီလူဟာ Admin ဖြစ်သွားပါလိမ့်မယ်။ အဲ့ဒီပုံလေးကိုတော့ ထည့်မပေးထားတော့ဘူးနော်။

## ၁.၃၇ **Group Chat** ပြုလုပ်ခြင်း

Group Chat လုပ်တယ်ဆိုတာ ကျွန်တော်ရှေ့မှာသင်ပေးခဲ့သလိုပါပဲ Chatting ထိုင်တာပဲ ဖြစ်ပါတယ်။ အဲပေမယ့် သူက တစ်ခုကောင်းတာက ကိုယ့်ပြောလိုက်တဲ့ အကြောင်းအရာတစ်ခုက အဲ့ဒီ Group ရဲ့ Member ဖြစ်တဲ့သူတွေဟာ Online ပေါ်ရောက်နေရင် သူတို့အားလုံးက ကိုယ်ပြောနေတာကို မြင်နေရတယ်။ ဒီတော့ အစည်းအဝေးလုပ်သလိုပေါ့။ အကြောင်းအရာတစ်ခုကို အားလုံး ဝိုင်းဆွေးနွေးလို့ရတယ်။ အဲ့ဒါလေးတစ်ခုက မိုက်သွားတာ။ တော်ရုံကိစ္စဆို မျက်နှာချင်းဆိုင်တွေ့ဆုံပြီးအစည်းအဝေးမလုပ်တော့ဘူး။ ဒီ Group Chat ကနေပဲ တွေ့ဆုံဆွေးနွေးလိုက်လို့ရတယ်။

ကဲ Group Chat လုပ်ချင်ရင် အဲ့ဒီ Group Page ကိုသွားလိုက်ပါ။ ပြီးရင် ညာဖက်အပေါ်က Down Triangle လေးမှာနှိပ်လိုက်ပါ။ Menu လေးကျလာရင် Chat with Group ကိုရွေးလိုက်ပါ။ ဒါဆိုရင် Online ပေါ်ရောက်နေတဲ့ Group Member များနဲ့ စတင်ပြီး Chat လို့ရပါပြီ။ ကျန်တာကတော့ အရင်ပြော ထားခဲ့တဲ့ Chatting နဲ့ တူနေတာကြောင့် ဒီသင်ခန်းစာကို ဒီမှာပဲရပ်လိုက်ပါတယ်။

ပုံ ၁၃၀




## ၁.၃၈ **Group တွင် Member ဝင်ခြင်း/ထွက်ခြင်း**

ကိုယ်က Group တစ်ခုခုမှ Member ဝင်ဖြစ်ချင်ရင် ဘယ်လိုလုပ်ရမလဲဆိုတာကို ပြောပြပါဦးမယ်။ ပထမဦးဆုံး အဲ့ဒီ Group ကို ရှာရမှာဖြစ်ပါတယ်။ ဘယ်လိုရှာမလဲဆိုတော့ Facebook ရဲ့ အပေါ်ဆုံးက အပြာရောင်ဘားတန်းကြီးက Search Box ကနေပဲရှာပေါ့။ ကဲ ကျွန်တော်က IT နဲ့ပတ်သက်လို့ရှာမယ်။ Facebook မှာ IT နဲ့ပတ်သက်ပြီး Group ဖွဲ့ထားတာတွေရှိလား အခု ရှာကြည့်လိုက်မယ်။ ရှိရင် Group ဝင်မယ်ပေါ့နော်။ ဒီတော့ Search Box မှာ it လို့ရိုက်လိုက်ပါတယ်။

ဒီတော့ အဲ့ဒီမှာ IT နဲ့ပတ်သက်တာတွေ ပေါ်လာလိမ့်မယ်။ အဲ့ဒီထဲမှာ ကိုယ့်စိတ်ဝင်စားတာတွေ ပါချင်မှလည်းပါမယ်။ ဒီတော့ ပုံ ၁၃၁ မှာပြထားတဲ့အတိုင်း အောက်ဆုံးက See more result for it ကို နှိပ်လိုက်ပါ။ ဒါဆို IT နဲ့ ပတ်သက်တာတွေအများကြီးကျလာပါလိမ့်မယ်။ အဲ့ဒီမှာ စုံနေတာပဲ။ ကျွန်တော်တို့က IT နဲ့ပတ်သက်တာထဲက Group ကိုပဲကြည့်ချင်တာ။ ဒါကြောင့် Page ရဲ့ ဘယ်ဘက်အခြမ်းမှာ Groups ဆိုတာကို တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို ဘာမှ ရောထွေးပြီးမပြတော့ဘူး။ IT နဲ့ ပတ်သက်နေတဲ့ Group တွေ ကိုပဲ ဖော်ပြပေးတော့မှာပါ။ အဲ့ဒီအထဲကမှ ကိုယ်ဝင်ချင်တဲ့ Group ကို ရှာပါ။ ချက်ချင်းမဝင်သေးဘဲ အဲ့ဒါ ဘယ်လို လူတွေစုထားတဲ့ Group လဲဆိုတာကို အဲ့ဒီ Group Name မှာနှိပ်ပြီး ၎င်း Group ထဲဝင်ကြည့်ပါ။

ပုံ ၁၃၁




ပုံ ၁၃၂




ပြီးမှ ကျိန်းသေပြီ ဒီအဖွဲ့ထဲဝင်ချင်တယ်ဆိုရင် အပေါ်ကပုံမှာပြထားတဲ့အတိုင်း အဲ့ဒီ အဖွဲ့ရဲ့ ဘေးက Ask to Join မှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို အဖွဲ့ဝင်ဖြစ်ဖို့ တောင်းဆိုလိုက်ပါပြီ။ အဖွဲ့ Admin က ခွင့်ပြုလိုက်ရင် သင်က အဲ့ဒီအဖွဲ့ မှာ Member ဖြစ်သွားပါပြီ။

အကယ်၍ ဒီအဖွဲ့ကနေပြန်နုတ်ထွက်ချင်ရင်တော့ ပုံ ၁၃၀ ကိုပြန်ကြည့်ပေးပါ။ အဲ့ဒီမှာ Leave Group ဆိုတာရှိပါတယ်။ အဲ့ဒါကိုနှိပ်ပြီး Group ကနေပြန်ထွက်နိုင်ပါတယ်။

ပုံ ၁၃၃




အပေါ်ကပုံပေါ်လာပြီးမေးနေရင် သေချာပါက Leave Group ကို နှိပ်ပြီး အဖွဲ့ထဲကထွက်လိုက်ပါ။

## ၁.၃၉ ကိုယ်တည်ဆောက်ခဲ့သော Group ကိုဖျက်သိမ်းခြင်း

ကိုယ်တည်ဆောက်ထားခဲ့သော Group ကိုဖျက်သိမ်းချင်ပြီဆိုရင် ဦးဆုံး Group Member တွေကို ဖျက်ပစ်ရပါတယ်။ ပြီးမှာ Group ကို ဖျက်ရပါတယ်။ ဖျက်တာကလွယ်ပါတယ်။ ဦးဆုံး Group Member Page ကိုသွားပါ။ အောက်ကပုံအတိုင်းပေါ်နေပါလိမ့်မယ်။


ပုံ ၁၃၄



အဲ့ဒီမှာ Member တစ်ယောက်ချင်းစီရဲ့ ညာဖက်အစွန်ဆုံးမှာ ပုံမှာပြထားသလို ကြက်ခြေခတ်လေး ရှိတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ရင် အဲ့ဒီ Member ကို ဖျက်ပစ်လိုက်တာပဲ။ သေချာလားမေးနေတဲ့ Box ပေါ်လာလိမ့်မယ်။ အဲ့ဒီမှာ Confirm ဆိုတာရှိတယ်။ သေချာရင် Confirm မှာနှိပ်လိုက်ပါ။ ဒါဆို အဲ့ဒီလူကို အဖွဲ့ထဲက ထုတ်လိုက်တာပဲ။ အဲ့ဒီပုံလေးတော့ ထည့်မပေးထားတော့ဘူး။

အဲ့သလိုနဲ့ အဖွဲ့ဝင်တွေတစ်ယောက်ပြီးတစ်ယောက်ဖျက်သွားလိုက်ပါ။ နောက်ဆုံးတစ်ယောက်ကျ တော့ တည်ထောင်သူပဲကျန်တော့တယ်။ သူ့ကိုပါဖျက်လိုက်ပါ။ ဒါဆို အောက်ကပုံလေးပေါ်လာပြီးမေးပါလိမ့် မယ်။ ဒါနောက်ဆုံးလူပေါ့နော် ဒီလူကိုပါဖျက်လိုက်ရင် ဒီ Group ကိုပါဖျက်လိုက်သလိုဖြစ်သွားမယ်ပေါ့ ကောင်းပါပြီ သေချာပါတယ်။ Delete Group ကိုနှိပ်လိုက်ပါ။ ဒါဆို Group လေးဖျက်သွားပါပြီ။ Group သင်ခန်းစာကို ဒီမှာပဲရပ်လိုက်ပါတယ်။

ပုံ ၁၃၅




## ၁.၄၀ Like လုပ်၍ Fan အဖြစ်ရယူခြင်း

ကျွန်တော်တို့ Facebook ပေါ်မှာက အကြောင်းအရာတွေက အများကြီးရှိနေပါတယ်။ ဥပမာ ဂျာနယ် တွေ၊ မီဒီယာတွေ စသဖြင့် အများကြီးပါ။ ဒီတော့ကိုယ်က ဂျာနယ်၊ ဒါမှမဟုတ် တစ်ဦးတစ်ယောက် စသဖြင့် ပေါ့ အဲ့ဒီအကြောင်းအရာတစ်ခုကို ကိုယ်က ကြိုက်နှစ်သက်တယ် သူနဲ့ ပတ်သက်ပြီး Facebook ထဲဝင်လိုက် တာနဲ့ သူ့အကြောင်းတွေရောက်လာစေချင်တယ်ဆိုရင် အဲ့ဒီ သက်ဆိုင်ရာနေရာမှာ Like လုပ်ပြီး သူ့ရဲ့ Fan အဖြစ် ရပ်တည်နိုင်ပါတယ်။ တကယ်တော့ Fan ဆိုတာ စကားအဖြစ်ပြောတာပါ။ လုပ်ရမှာက သူ့ကို Like လုပ်လိုက်ဖို့ပါပဲ။ ကဲ စမယ်။

၁။ ဦးဆုံး ကိုယ်က ဘာကို စိတ်ဝင်စားတာလဲ ဒါကို အရင်စဉ်းစားပါ။ ကိုယ်စိတ်ဝင်စားတာဟာ Facebook မှာရှိမရှိ အရင်ရှာလိုက်ပါ။

အခု ကျွန်တော်က ကျွန်တော့် ကိုယ်ပိုင် Site တစ်ခုဖြစ်တဲ့ www.beautifulmodelworld.com

နဲ့ ဥပမာပေးပါ့မယ်။

၂။ ကဲ ဒီတော့ Facebook ရဲ့ Search Box မှာ beautiful model world လို့ရိုက်ထည့်ကြည့်လိုက်ပါ။ တွေ့ပြီဆိုရင် အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။ အောက်ပါပုံအတိုင်းပေါ်လာပါလိမ့်မယ်။


ပုံ ၁၃၆




အဲ့ဒီမှာ သတင်းတွေဖတ်ရမယ်နော်။ ကိုယ်ကကြိုက်နေပြီဆိုပါတော့ အဲ့ဒီအပေါ်ဆုံးမှာ Like ဆိုတဲ့ လက်မလေးထောင်နေတဲ့ Button လေးကို နှိပ်လိုက်ပါ။ ဒါလေးပါပဲ ပြီးရင် Security Check လုပ်တဲ့ Box လေးပေါ်လာလိမ့်မယ်။

အဲ့ဒီမှာ မထင်မရှားဖြစ်နေတဲ့ စာသားတစ်ချို့ကိုတွေ့ရလိမ့်မယ်။ အဲ့ဒါကို သေချာကြည့်ပြီး မှန်အောင် ရိုက်ထည့်လိုက်ပါ။ ပြီးရင် Submit Button မှာနှိပ်လိုက်ပါ။ အဲ့ဒါပြီးသွားရင် ကျွန်တော်တို့ အဲ့ဒီ Page ကို Like လုပ်တာ ပြီးသွားပါပြီ။ အခု ကျွန်တော်တို့ Like လုပ်လိုက်တဲ့ Page ကနေပြီး သတင်းအသစ်တင်တိုင်း ၎င်း သတင်းဟာ ကျွန်တော်တို့ ရဲ့ News Feed ထဲကို ရောက်လာတော့မှာဖြစ်ပါတယ်။ ဒါလည်း မိုက်တာပဲ။

ပုံ ၁၃၇




## ၁.၄၁ Subscribe လုပ်ခြင်း

ပုံမှန်ဆိုရင်တော့ Facebook မှာ သူနဲ့ကိုယ်နဲ့ သူငယ်ချင်းဖြစ်ပြီဆို သူတင်တာတွေကလည်းကိုယ့်ဆီမှာလာပြီပေါ်သလို ကိုယ်တင်တာတွေကလည်း သူ့ဆီမှာလာပြီပေါ်ပါတယ်။ သူလာတင်ထားတွေကို ကိုယ်က မလိုချင်ဘူးဆိုရင် Unsubscribe လုပ်ထားလို့ရပါတယ်။ အဲ့ဒါကို ရှေ့သင်ခန်းစာမှာပြောပြခဲ့ပြီးပါပြီ။ အခုပြောချင်တာက ကိုယ်က သူနဲ့ သူငယ်ချင်းမဟုတ်ဘူး။ သူကလည်း ကိုယ့်ကိုမသိတော့ Friend အဖြစ်လက်မခံတာဖြစ်နိုင်သလို သူက အရမ်း သူငယ်ချင်းတွေများလွန်းလို့ Facebook ရဲ့ Friends ကန့်သတ်ချက်ကိုရောက်သွားလို့ ကိုယ့်က သူ့ကို Friend အဖြစ် Request လုပ်လို့မရတဲ့အခါမျိုးတွေမှာ သူနဲ့ Friend မဖြစ်နိုင်တော့ပါဘူး။ သို့သော် သူ့ကို အားကျလို့ အထင်ကြီးလို့ ဘာလိုပဲဖြစ်ဖြစ် သူတင်တာလေးတွေကိုကြိုက်လို့ သူတင်သမျှ ကိုယ့်ဆီမှာ လာပေါ်စေချင်ရင် Subscribe လုပ်လို့ရပါတယ်။ အဲ့ဒီအတွက် Friend မဖြစ်လည်းရပါတယ်။ ကဲ စရအောင်။ ကိုယ် Subscribe လုပ်ချင်တဲ့သူ့ဆီကိုသွားလိုက်ပါ။ သူ့ရဲ့ Wall ကိုပြောတာပါ။ တစ်ဖက်က ပုံအတိုင်းပေါ်နေပါလိမ့်မယ်။

အဲ့ဒီမှာကြည့်လိုက်ပါ။ ညာဖက်အပေါ်မှာ Subscribe ဆိုတာရှိလိမ့်မယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။ အမှန်ခြစ်လေးပေါ်လာပါလိမ့်မယ်။ ဒါဆို Subscribe လုပ်လိုက်ပါပြီ။ ဒီတော့ သင်တင်တဲ့ Post တွေဟာ သင့်နဲ့ သူ Friend မဖြစ်လည်း သင့် News Feed မှာလာတက်တော့မှာဖြစ်ပါတယ်။

ပုံ ၁၃၈




အဲ့သလို အမှန်ခြစ်လေးဖြစ်သွားပြီတဲ့အခါ အဲ့ဒီမှာပဲ Click တစ်ချက်နှိပ်လိုက်ရင် Menu လေးတစ်ခု ကျလာလိမ့်မယ်။ အဲ့ဒီမှာ သူ့ဆီက ဘယ်လိုအကြောင်းအရာတွေပဲ ကိုယ့်ဆီကို ပို့ပေးပါဆိုတာကို အမှန်ခြစ်လေးတွေနဲ့ ပြောလို့ရတယ်။ အဲ့ဒီ ပုံလေးတော့ထည့်မပေးထားတော့ဘူးနော်။

အခုဆက်ပြောမှာက ကိုယ်က ဘယ်သူတွေဆီကို Subscribe လုပ်ထားလဲဆိုတာသိချင်ရင် ကိုယ့်ရဲ့ Profile Page ကိုလာပါ။ ပြီးရင် ဘယ်ဘက်အခြမ်းမှာ Subscriptions ဆိုတာရှိပါတယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို အောက်ကပုံအတိုင်းဖြစ်လာပါလိမ့်မယ်။ အဲ့ဒီမှာ ကျွန်တော်က အဲ့ဒီလူတွေဆီကို Subscribe လုပ်ထားပါတယ်ဆိုတာကို ပြနေပါလိမ့်မယ်။

ပုံ ၁၃၉



## ၁. ၄၂ **Timeline** ပြုလုပ်ခြင်း

ဒါလေးက အသစ်ကလေးဗျ။ အခု Facebook မှာ Timeline ပြုလုပ်လို့ရလာတယ်။ အမြင်တစ်မျိုး ပြောင်းသွားတာပေါ့ဗျာ။ ကိုယ် Facebook ကိုသုံးခဲ့တဲ့ ကာလတစ်လျှောက် ဘာတွေတင်ခဲ့တယ်ဆိုတာကို အချိန်ကာလနှင့်တကွပြန်ပြပေးတာဖြစ်ပါတယ်။ အချိန်ကာလနဲ့ပြန်ပြပေးတဲ့ Old Profile လို့ ပြောလည်းရ တယ်။ နဖူးစီးမှာလည်း ဓါတ်ပုံကြီးကြီးအပြည့်တင်လို့ရလာတယ်။ အများကြီးမပြောတော့ဘူး။ လုပ်ကြည့်လိုက် ရအောင်။ တွေ့တော့လည်း သိသွားမှာပေါ့။ တစ်ခုရှိပါတယ်။ လောလောဆယ်စာရေးနေတဲ့အချိန်အထိတော့ အဲ့ဒီ Timeline ကို ယူပြီးသွားရင် ပြန်ဖြုတ်လို့မရသေးပါဘူး။ ဒါကြောင့် Timeline ပုံစံကို ပုံ ၁၄၁ မှာအရင်ကြည့် လိုက် မကြိုက်ရင်မလုပ်ပါနဲ့။ လုပ်ပြီးမှ မူလပုံစံကိုပြန်သွားလို့မရသေးဘူး။ ကဲလုပ်ချင်တဲ့သူများစရအောင်။

ဦးစွာ Facebook Account ကို Log In လုပ်ထားပါ။

ကဲ ကျွန်တော်တို့လည်း Facebook ရဲ့ Timeline ကိုယူမယ်ဆိုရင် အောက်ပါ URL အတိုင်းသွား လိုက်ပါ။ Browser ထဲမှာလေ Tab အသစ်တစ်ခုခေါ်ပြီး Address မှာအောက်ပါ URL ကိုရိုက်လိုက်ပါ။

http://www.facebook.com/about/timeline

ကောင်းပြီ ဒါဆို အောက်ကပုံပေါ်လာပါလိမ့်မယ်။

ပုံ ၁၄၀



အဲ့ဒီအပေါ်ကပုံအတိုင်းပေါ်လာရင် ညာဖက်အောက်ထောင့်မှာ Get Timeline ဆိုတဲ့ Button လေးရှိပါတယ်။ အဲ့ဒါကို နှိပ်လိုက်ပါ။ အဲ့ဒါဆို သင့်ရဲ့ Facebook Account ကိုပြန်ရောက်သွားလိမ့်မယ်။ အဲ့ဒီမှာကြည့်လိုက်ပါ။ Facebook ကအရင်လိုပုံစံဟုတ်သေးလား မဟုတ်တော့ဘူးနော် Timeline နဲ့ဖြစ်သွားပါပြီ။

အရေးကြီးတာလေး ပြောပြဦးမယ်။ အခုလောလောဆယ် အဲ့ဒီလို ပုံစံကို သင်ပဲ မြင်ရဦးမယ်။ ဘယ်သူမှမမြင်ရသေးဘူး။ သင့်ကို ခုနစ်ရက် အချိန်ပေးထားတယ်။ အဓိပ္ပါယ်က သူများမမြင်စေချင်တာတွေ ပိတ်ချင်ရင် ပိတ်လို့ရအောင်လို့ပါ။ ခုနစ်ရက်ပြည့်ရင်တော့ အဲ့ဒီအတိုင်းပေါ်သွားမှာဖြစ်ပါတယ်။

အကယ်၍ ဘာမှ ဖုံးစရာဖိစရာမရှိတော့ဘူးတစ်ခါတည်းတင်လိုက်ချင်ပြီဆိုရင် အပေါ်ညာဖက်ထောင့်မှာ Publish Now ဆိုတဲ့ Button လေးရှိပါတယ်။ အဲ့ဒါလေးကိုနှိပ်လိုက်ပါ။ ဒါဆို သင့် Facebook က Timeline နဲ့ဖြစ်သွားပါပြီ။

အခုစာရေးချိန်မှာ ဒီ Features ကအသစ်ပဲရှိပါသေးတယ်။ ဒါကြောင့် Timeline ကိုရယူဖို့ အထက်ပါအတိုင်းလုပ်ရတာဖြစ်ပေမယ့် နောင်ဆို ဒီလိုဟုတ်ချင်မှဟုတ်တော့မှာပါ။ ဒါလေးတစ်ခုတော့ ပြောခဲ့မယ်နော်။ တော်ကြာသင်ခန်းစာမှားနေတယ်ဆိုပြီးပြောမှာစိုးလို့။

ပုံ ၁၄၁




ကဲ ကောင်းပြီ Timeline နဲ့ ပတ်သက်ပြီး ပထမဆုံး လုပ်ပြချင်တာက Cover ပုံလေးတင်တဲ့အကြောင်းပါ။ ဒီတော့ အပေါ်က ပုံမှာတွေ့ရလိမ့်မယ်။ အဲ့ဒီမှာ Add a Cover ဆိုတာရှိပါတယ်။ အဲ့ဒီမှာတစ်ချက်နှိပ်ပြီး Menu လေးကျလာရင် Upload Photos ဆိုတာကိုရွေးလိုက်ပါ။ ပြီးရင် ကိုယ့်ကွန်ပျူတာထဲမှာရှိတဲ့ ဓါတ်ပုံကို ခေါ်ပေးလိုက်ပါ။ ကျွန်တော်ကတော့ ဓါတ်ပုံလေးကို အလိုက်သင့်လေး အလျားလိုက်ဖြစ်အောင် Paint

ထဲမှာလုပ်ပြီး မှ ထည့်ပေးလိုက်တယ်။ ပြီးရင် တစ်ဖက်ကပုံမှာပြထားသလို Save Changes ကိုနှိပ်ပေးလိုက်ပါ။ ဒါဆို Cover Photo လေးတက်သွားပါပြီ။

ပုံ ၁၄၂




Facebook Timline ဟာ အချိန်နဲ့ပြပေးတဲ့ Old Profile ဖြစ်တာကြောင့် အပေါ်ပုံရဲ့ ညာဖက်မှာ ပြထားတဲ့အတိုင်း Now ဆိုတာလေးကို လင်းနေရင် အခုလက်ရှိ Update ဖြစ်တာတွေကိုပြထားပြီး သူ့အောက်က December, 2011 စသဖြင့် နှိပ်သွားတိုင်း အဲ့ဒီတုန်းကအကြောင်းတွေကို Page ရဲ့အောက်မှာ ဆက်တိုက် ပြန်စုစည်းပြီးပြသွားမှာဖြစ်ပါတယ်။

## ❖ အကြောင်းအရာများအား **Hide** လုပ်ခြင်း၊ ပြန်ဖော်ခြင်း၊ ဖျက်ခြင်း

အခုတစ်ခါပြောပြမှာကတော့ Timeline ထဲက ကိုယ်မပြချင်တဲ့အကြောင်းအရာတွေကို Hide လုပ်တာပဲဖြစ်ပါတယ်။ သူကဖြစ်ခဲ့သမျှကို အချိန်နှင့်တကွပြန်ပြတာကိုး။ ဒီတော့ မပြစေချင်တဲ့အကြောင်းအရာရှိခဲ့ရင် အဲ့ဒီ အကြောင်းအရာဆီကိုသွားပြီ Mouse လေးတင်လိုက်ပါ။

ပုံမှာပြထားသလို ခဲတံလေးပေါ်လာလိမ့်မယ်။ အဲ့ဒီမှာနှိပ်လိုက်ပါ။ Menu လေးပေါ်လာရင် Hide from Timeline ကိုရွေးလိုက်ပါ။ ဒါဆို အဲ့ဒီအကြောင်းအရာလေးက Timeline ကနေပျောက်သွားပါလိမ့်မယ်။

ပုံ ၁၄၃




သို့ပေသိသူက ပျက်သွားတာမဟုတ်ဘူးနော်။ Active Log ထဲမှာရှိနေတယ်။

ပုံ ၁၄၄




အပေါ်ကပုံမှာမြင်တွေ့ရတဲ့အတိုင်း Active Log ဆိုတဲ့ Button လေးကို တစ်ချက်နှိပ်လိုက်ပါ။ ဒါဆို အောက်ကပုံပေါ်လာပါလိမ့်မယ်။ အဲ့ဒီကနေ ပြန်ဖွင့်ပေးလိုက်ရင် ခုနကဖျောက်ထားတာက Timeline မှာပြန်ပေါ်လာတယ်။ ဒါက ဖျောက်ထားပြီးမှ ပြန်ပေါ်စေချင်ရင် ပုံမှာပြထားသလို ကိုယ်ပြန်ပေါ်စေချင်တဲ့ အကြောင်းအရာရဲ့ ညာဖက်အစွန်ဆုံးက Button လေးမှာ တစ်ချက်နှိပ်ပြီး Menu လေးပေါ်လာရင် Allowed on Timeline ကိုပြန်ရွေးပေးလိုက်ပါ။ ဒါဆို Timeline မှာပြန်ပေါ်လာပါလိမ့်မယ်။ ပုံ ၁၄၅ ကိုကြည့်။

ဒီ Active Log ထဲမှာရှိတဲ့အကြောင်းအရာကတော့ ကိုယ်ပဲမြင်ရတာပါပဲ။ သို့ပေသိ ဒီအကြောင်းအရာကို လုံးဝဖျက်လိုက်ချင်ရင်တော့ အဲ့ဒီအကြောင်းအရာမှာ Click တစ်ချက်နှိပ်လိုက်ပါ။ အခုတော့ ဓါတ်ပုံ ဖြစ်နေလို့ အဲ့ဒီ ဓါတ်ပုံသေးသေးမှာနှိပ်လိုက်ပါတယ်။ အောက်ကပုံပေါ်လာပါလိမ့်မယ်။

ပုံ ၁၄၅




ပုံ ၁၄၆




အဲ့ဒီမှာ Delete This Photo ဆိုတာရှိပါတယ်။ အဲ့ဒီကနေ ဖျက်လိုက်လို့ရပါတယ်။ သူ့အပေါ်မှာ Change Date ဆိုတာရောတွေ့လား ဆိုလိုတာက သက်ဆိုင်ရာအကြောင်းအရာရဲ့ ဖြစ်ခဲ့တဲ့တုန်းက Date တွေကိုပြင်ချင်ရင် အဲ့ဒီကနေပြင်လို့ရပါတယ်။

## ❖ အကြောင်းအရာများအား Post လုပ်ခြင်း

Timeline ထဲကို Post တွေတင်ချင်ရင်တော့ တစ်ဖက်စာမျက်နှာကပုံကိုကြည့်လိုက်ပါ။ ၎င်းပုံလေးကို သင့် Timeline မှာတွေ့မြင်နေရပါတယ်။ အဲ့ဒီကနေ Post တွေတင်လို့ရပါတယ်။ Photo တင်ချင်လည်း Photo မှာ နှိပ်ပြီးတင်သွားလို့ရပါတယ်။ ကျန်တာကတော့ အရင်အတိုင်းပါပဲ။

ပုံ ၁၄၇





ကဲ Timeline နဲ့ပတ်သက်ပြီးတော့ဒီလောက်ပါပဲ ကျွန်တော့်အနေနဲ့ နောက်မှာပြောစရာတွေကလည်း ရှိနေသေးလို့ပါ။ နောက်ပြီး တော်တော်များများကလည်း ရှေ့မှာသင်ပေးခဲ့ပြီးပြီမို့ နည်းနည်းလေးအမြင်ပြောင်းသွားလို့သာပြန်ပြောပြနေတာပါ။ အကြောင်းအရာကတော့ အတူတူပဲဖြစ်ပါတယ်။

## ၁. ၄၃ Events ဖြုလုပ်ခြင်း

Events ဆိုတာက တိုက်ရိုက်ကြီးပြောရင် အဖြစ်အပျက်လေးတွေပါ။ ဒါကိုဘယ်လိုအသုံးချလို့ရလဲ ဆိုတော့ ဘယ်နေ့ဘယ်ရက်ကျရင် ဘယ်လိုပွဲလေးရှိတယ်ပေါ့ တို့တွေအဲ့ဒီမှာပြန်ဆုံကြရအောင် ဥပမာ အလှူတစ်ခုလည်းဖြစ်ချင်ဖြစ်မယ် ဆရာကန်တော့ပွဲလည်းဖြစ်ချင်ဖြစ်မယ် သွေးလှူဒါန်းပွဲလည်းဖြစ်ချင်ဖြစ်မယ် ဒါလေးတွေကို Events လို့ခေါ်တာပေါ့။ ဒီတော့ Facebook မှာ လူတွေကစုနေတော့ ဆိုလိုတာက အပြင်မှာဆို တစ်ယောက် နဲ့တစ်ယောက် က ပွဲတစ်ခုဖြစ်ဖို့ စုဖို့မလွယ်ဘူးလေ ဒါမှမဟုတ်လဲ ဖုန်းဆက်ပြီးဖိတ်နေရရင် ဖုန်းခကကုန်နေ ဦးမယ် အခုတော့ ဒီကနေ Evnets တစ်ခုရှိတယ်ပေါ့ ဘယ်နေ့ဘယ်ရက် ဘယ်အချိန် ဘယ်နေရာ မဆို ဒါကို တွေ့တဲ့သူတွေလာကျမှာပေါ့။ ဟုတ်ပြီလား ဒီတော့ Event တစ်ခုလုပ်ကြည့်ရအောင်နော်။

၁။ ဦးဆုံး Facebook ထဲကိုဝင်ပြီးသကာလ Home Page ရဲ့ ဘယ်ဘက်အခြမ်းက Events ကိုနှိပ်လိုက်ပါ။ အဲဒီအောက်ကပုံလေးပေါ်လာပါလိမ့်မယ်။

ပုံ ၁၄၈




ပြီးရင် အပေါ်ညာဖက်က Create Event Button မှာ Click တစ်ချက်နှိပ်ပေးပါ။ အဲဒီအောက်ကပုံ ထပ်ပေါ်လာပါဦးမယ်။ ပုံမှာပြထားတဲ့အတိုင်း ပွဲအစီအစဉ်များကိုဖြည့်စွက်ရမှာဖြစ်ပါတယ်။

ပုံ ၁၄၉





Event Name မှာ ပွဲနာမည်ဖြည့် ပွဲကျင်းပမယ့်ရက်တွေအချိန်တွေ အတိအကျဖြည့် နေရာကိုဖြည့်

နောက်ပြီးမှတ်ချက်တွေဘာတွေရေးချင်ရေး ဥပမာ ရေခဲမုန့်ကျွေးမည်တို့ ညစာဖြင့်ဧည့်ခံမည်တို့ ဟုတ်ပြီနော်။

နောက်တစ်ခုက ဘယ်သူတွေကိုဖိတ်မှာလဲ လူတိုင်းကိုဖိတ်မှာဆိုရင်တော့ Public ပေါ့။ ဒီတော့ အောက်မှာ Make this Event Public ကိုအမှန်ခြစ်နှိပ်လိုက်ပါ။ ပုံမှန်ဆိုရင်တော့ နှိပ်ပြီးသားဖြစ်ပါတယ်။ အကယ်၍ လူတိုင်းကိုမဖိတ်ဘဲ လူရွေးပြီးဖိတ်ချင်ရင်တော့ Select Guests Button မှာတစ်ချက်နှိပ်လိုက်ပါ။ အောက်ကပုံလေးပေါ်လာပါလိမ့်မယ်။

ပုံ ၁၅၀





အပေါ်ကပုံမှာမြင်တွေ့နေရတဲ့အတိုင်းပဲ ကိုယ့် Friends တွေထဲကနေ အမှန်ခြစ်နှိပ်ပြီးရွေးဖိတ်ချင်တာဖြစ်စေ သို့တည်းမဟုတ် ပုံမှာပြထားသလို Search by Name မှာ Click နှိပ်ပြီး သက်ဆိုင်ရာအုပ်စုအလိုက် ဖိတ်ချင်တာဖြစ်စေရွေးချယ်ပြီး ဖိတ်လို့ရပါတယ်။ ပြီးရင် Save and Close ကိုနှိပ်လိုက်ပါ။ ကဲ ဒီဆို ကျွန်တော်တို့က ဖိတ်ကြားတဲ့သူက Public မဟုတ်တော့ပါဘူး ကိုယ့်အသိုင်းအဝိုင်းကိုပဲဖိတ်လိုက်တာပါ။ အဲ့သလိုဖိတ်ကြားခံရတဲ့သူတွေကမှတစ်ဆင့် သူ့ဘော်ဒါတွေထပ်ခေါ်လာချင်ရင် ပုံ၁၄၉ မှာ Make this Event Public ကို အမှန်ခြစ်ဖြုတ်လိုက်ရင် သူ့အောက်မှာ Guests can invite Friends ဆိုတာပေါ်လာမယ်။ အဲ့ဒီမှာအမှန်ခြစ် နှိပ်ပေးလိုက်ပါ။ အကျွေးအမွေးပါလို့ကန့်သတ်ထားရင်တော့ မနှိပ်နဲ့ပေါ့ အတီး ။

ကဲ ပြီးရင် ပုံ ၁၄၉ အဲ့ဒီ ဘယ်ဘက်မှာ Add Event Photo ဆိုတာရှိတယ်။ အဲ့ဒီမှာနှိပ်ပြီး ဖိတ်စာမှာ ဓါတ်ပုံထည့်လို့ရတယ်။ သို့သော်အဲ့ဒါလေးကို ကိုယ့်ဘာသာကိုယ်ပဲလုပ်လိုက်ပါ။ မလုပ်ပြတော့ဘူး။

ပုံ ၁၄၉ မှာ Show the guest list ကိုအမှန်ခြစ်နှိပ်ပေးချင်ဖြင့် ဖိတ်ထားတဲ့သူတွေရဲ့နာမည်ကို Event Page မှာ ပြပေးမှာဖြစ်ပါတယ်။

အားလုံးပြီးသွားရင် ပုံ ၁၄၉ မှာမြင်နေရတဲ့အတိုင်း Create Event မှာနှိပ်လိုက်ပါတော့။ ဒါဆိုအောက်ကပုံပေါ်လာပါလိမ့်မယ်။ ဒါက ဖိတ်စာလေးဖြစ်ပါတယ်။ ဒါဆိုပြီးပါပြီ။

ပုံ ၁၅၁




ကဲ အပေါ်ကပုံမှာမြင်တွေ့နေရတဲ့အတိုင်းပါပဲ။ ဘယ်ဘယ်အပေါ်ထောင့်မှာ Edit ဆိုတာရှိတယ်။ ဖိတ်စာပါကြောင်းအရာတွေပြန်ပြင်ချင်ပြင်လို့ရတယ်။ Invite Friends မှာ ဖိတ်တဲ့သူထပ်တိုးလို့ရတယ်။ ညာဘက်ဘေးအစွန်ဆုံးက Down Triangle ကိုနှိပ်လိုက်လို့ Menu ပေါ်လာရင် အဲ့ဒီမှာ Cancle Event ဆိုတာရှိတယ်။ အဲ့ဒါကိုရွေးပြီး Event ကိုဖျက်သိမ်းလို့ရတယ်။ သေချာလားမေးလိမ့်မယ်။ Yes လုပ်လိုက်ရင် ပျက်သွားပြီ။ အဲ့ဒီလိုမှမဟုတ်ဘဲ Events Button ကို နှိပ်လိုက်ရင် မိမိရဲ့ Home Page က Events Section ကိုရောက်သွားလိမ့်မယ်။ အဲ့ဒါလေးကိုပဲနှိပ်လိုက်ပါ။ ဆက်သင်စရာရှိသေးတယ်။

ကဲ မိမိ Home Page ရဲ့ Events ကိုရောက်ပြီဆိုရင် အဲ့ဒီအောက်မှာ Suggested Events ဆိုတာရှိတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ ပုံမှာလည်းပြထားပါတယ်။ အဲ့ဒါကဘာပါလိမ့်။ အဲ့ဒါက ကိုယ့်လိုမျိုးသူများကလုပ်ထားတဲ့ ဖိတ်စာတွေကိုကြည့်တာ။ တနည်းအားဖြင့် ကိုယ့် Friends တွေရဲ့ Events တွေပေါ့။ ကဲ သူများရဲ့ Events ကိုတွေ့ပြီ ဝင်ကြည့်ချင်တယ်။ အဲ့ဒီမှာ Click တစ်ချက်နှိပ်လိုက်ပါ။ ပုံ ၁၅၂ ကိုကြည့်။

ပုံ ၁၅၂




ပုံ ၁၅၃




ပုံ ၁၅၃ အပေါ်ညာဖက်ထောင့်မှာ Join နဲ့ Maybe ရှိတယ်။ သွားမယ်ဆိုရင် Join ကိုနှိပ်လိုက်ပါ။ မကျိန်းသေရင် Maybe ကိုနှိပ်လိုက်ပါ။ Join ကနှိပ်လိုက်ရင် Going ဖြစ်သွားပါလိမ့်မယ်။ ဒါဆိုပွဲတက်မယ်ပေါ့။ သူတို့လည်း ဒီပွဲကိုလူဘယ်လောက်လာမလဲသိသွားလိမ့်မယ်။ အကယ်၍သွားမယ်လုပ်ပြီးမှ မသွားချင်တော့ရင် အဲ့ဒီ Going မှာပြန်နှိပ်လိုက်ပါ။ Menu လေးကျလာလိမ့်မယ်။ အဲ့ဒီမှာ Not Going ကိုပြန်ရွေးလိုက်ပါ။ အဲ့ဒီပုံလေးတော့ထည့်မပေးတော့ဘူးနော်။

Events နဲ့ ပတ်သက်လို့ နောက်ဆုံးတစ်ခုပြောချင်တာက Facebook မှာဘယ်လိုပွဲမျိုးတွေရှိလဲ Public ကိုဖိတ်ထားတဲ့ပွဲဆို ကိုယ်နဲ့သိသိမသိသိ စိတ်ဝင်စားလို့သွားမယ် ဒါမျိုးဆိုရင် Facebook ရဲ့ အပေါ်ဆုံးဘားတန်းကြီးက Search Box မှာ ကိုယ်စိတ်ဝင်စားတဲ့ စကားလုံးကိုရိုက်ထည့်ပြီးရှာနိုင်ပါတယ်။ ဥပမာ IT Seminar ပေါ့။ တွေ့ရင် Click တစ်ချက်နှိပ်ပြီး အချိန်နေရာကိုကြည့်ပြီးသွားနိုင်ပါတယ်။ အဲ့ဒီပုံလည်းထည့်

မပေးထားတော့ဘူး။ ကိုယ့်ဘာသာကို ရှာကြည့်လိုက်ပါ။

## ၁. ၄၄ **Applications** များထည့်သွင်းခြင်းနှင့်အသုံးပြုခြင်း


အခုတစ်ခါ Facebook မှာ Applications များထည့်သွင်းခြင်းနှင့် ၎င်းတို့ကိုအသုံးပြုခြင်းနဲ့ ပတ်သက်ပြီးပြောပြပါဦးမယ်။ တကယ်တော့ ရှေ့မှာလည်း Applications အကြောင်းတွေပြောခဲ့ပါသေးတယ်။ Notes တို့ Photos တို့ကလည်း Applications တွေပါပဲ။ ဆိုလိုတာက Facebook မှာ နဂိုကတည်းကပါလာပြီးသား Applications တွေလည်းရှိသလို နောက်မှထပ်ထည့်လို့ရတဲ့ Applications တွေလည်းရှိပါတယ်။ လုပ်ကြည့်လိုက်ရအောင်။ မိမိ Home Page ရဲ့ ဘယ်ဘက်က Apps ရဲ့ More ကိုနှိပ်ပေးပါ။ အဲ့ဒီလိုနှိပ်တာရှေ့သင်ခန်းစာတွေမှာလည်းပါဖူးပါတယ်။ ဒါကြောင့်ပုံမထည့်ပေးတော့ဘူး။ နှိပ်လိုက်ရင် အောက်ကပုံပေါ်လာလိမ့်မယ်။

ပုံ ၁၅၄



ကဲ ပြီးရင် Apps and Games ထဲကို Click နှိပ်ပြီးထပ်ဝင်လိုက်ပါ။ ဒါဆိုအောက်ကပုံထပ်ပေါ်လာမယ်။ အဲ့ဒီမှာ သူ့ကဏ္ဍအလိုက်ပြပေးထားတယ်။ Friends တွေအသုံးများတာ၊ နောက်တစ်ခု ဂိမ်းတွေ ကြီးပဲတစ်ခု၊ Applications တွေကြီးပဲကတစ်ခု စသဖြင့်စုပေးထားပါတယ်။ လုံးဝအသစ်ထွက်တာကတစ်ခု ပေါ့။ ဒီတော့ ကိုယ်က ဂိမ်းထပ်ထည့်ချင်ရင် ဂိမ်းပေါ့ Applications ထပ်ထည့်ချင်ရင် Applications ပေါ့ သက်ဆိုင်ရာကိုအရင်သွားရမှာဖြစ်ပါတယ်။ အခုတော့ ကျွန်တော်က အခုမြင်ရတဲ့နေရာက Farmville ဆိုတဲ့ ဂိမ်းလေးကိုထည့်သွင်းချင်ပါတယ်။ ဒီတော့ ဘယ်မှမသွားတော့ဘူး အဲ့ဒီဂိမ်းလေးပေါ်မှာပဲနှိပ်လိုက်ပါ။

ပုံ ၁၅၅




ဒါဆို ပုံ ၁၅၆ ပေါ်လာပါလိမ့်မယ်။ အဲ့ဒီပုံလေးက ဒီ ဂိမ်းကနေမှ ကျွန်တော့်တို့ဆီကို Mail ပို့တာတို့ ကျွန်တော်တို့ရဲ့ Basic Information တို့ကို အဲ့ဒီဂိမ်း သို့မဟုတ် Application က ယူသုံးမယ်စသဖြင့် ခွင့်တောင်းမှာဖြစ်ပါတယ်။ အဲ့ဒါကို ခွင့်ပေးမှရပါတယ်။ ဒီတော့ အဲ့ဒီပုံမှာ Allow Button လေးကိုနှိပ်လိုက်ပါ။ ပုံကိုတော့ တစ်ဖက်စာမျက်နှာမှာပြပေးထားပါတယ်။ ပုံ ၁၅၆ ကိုကြည့်ပါ။

ကဲ အဲ့ဒီလို Allow လုပ်ပြီးသွားရင် ဂိမ်းလေးကို Install လုပ်ပါလိမ့်မယ်။ ကွန်နက်ရှင်ပေါ်မူတည်ပြီးတော့ ကြာတတ်ပါတယ်။ ပြီးရင် ဂိမ်းလေးတတ်လာပါလိမ့်မယ်။ အဲ့ဒီပုံလေးတော့ ထည့်မပေးထားတော့ပါဘူး။ အဲ့ဒီ ဂိမ်းလေးထဲကပြန်ထွက်ပြီး မိမိရဲ့ Home ကို ပြန်လာခဲ့လိုက်ပါ။ ပုံ ၁၅၇ အတိုင်းပေါ်နေပါလိမ့်မယ်။ အဲ့ဒီမှာ ဘယ်ဘက်အခြမ်းကိုကြည့်ပါ။ Apps အောက်မှာ ကျွန်တော်တို့ထည့်ထားတဲ့ FarmVille ဆိုတဲ့ ဂိမ်းလေးရောက်နေပါလိမ့်မယ်။ နောက်ဆိုရင် အဲ့ဒီ ဂိမ်းဆော့မယ်ဆိုရင် ဒီ FarmVille ပေါ်မှာနှိပ်လိုက်ရုံပါပဲ။

ပုံ ၁၅၆





အပေါ်ကပြောသလိုလုပ်စရာမလိုတော့ဘူး။

ပုံ ၁၅၇



အဲ့ဒီ ဂိမ်းလေးကို မလိုချင်တော့လို့ ရှိရင်လည်း Remove ပြန်လုပ်လို့ရပါတယ်။ ပုံမှာပြထားသလို ၎င်း Applications ရဲ့ ဘယ်ဘက်က ခဲတံလေးကိုနှိပ်လိုက်ပါ။ Menu လေးကျလာရင် Remove App ကို ရွေးလိုက်ပါ။ အဲ့ဒီအခါကျသေချာလားဆိုပြီးမေးနေပါလိမ့်မယ်။ အဲ့ဒီအခါကျ Remove လို့ပြောလိုက်ပါ။

ပုံ ၁၅၈




## ၁.၄၅ Facebook ကိုဖုန်းဖြင့်အသုံးပြုခြင်း

Facebook ကို Mobile Smart Phone များကနေလည်းအသုံးပြုလို့ရပါတယ်။ ဆိုလိုတာက အဲ့ဒီဖုန်းရဲ့ Browser ကနေ Facebook ကို ခေါ်ပြီးသင့် ဖုန်းကနေမှတဆင့်အသုံးပြုနိုင်ပါတယ်။ တော်တော်များများက တူတူပဲမို့ ကျွန်တော် ဒီသင်ခန်းစာကို အကျယ်ချဲ့မပြောတော့ပါဘူး။

## ၁.၄၆ Facebook တွင် Page တစ်ခုဖန်တီးခြင်း

Facebook ထဲမှာ ကိုယ်ပိုင် Page တစ်ခုတည်ဆောက်ပြီးကိုယ့်အကြောင်းအရာတွေတင်ထားလို့ ရပါတယ်။ ဆိုလိုတာက ကုန်ပစ္စည်းကြော်ငြာဖြစ်ချင်ဖြစ်မယ်။ အသင်းအဖွဲ့တစ်ခုဖြစ်ချင်ဖြစ်မယ် သို့တည်း

မဟုတ် အောင်မြင်ကျော်ကြားသူဖြစ်ချင်ဖြစ်မယ် စသဖြင့်ပေါ့ သူတို့တွေက Facebook မှာ Page တစ်ခု တည်ဆောက်လိုက်ကြပြီး သူတို့နဲ့ ဆက်သွယ်ဆက်ဆံနေရတဲ့သူတွေကို အဲ့ဒီ Page မှာပဲ ဝင်ကြည့်ခိုင်း လိုက်တော့တယ်။ သေစမ်း နန္ဒိယ ဘာလို့တုန်း ဟ ဒီလိုဆို ကျွန်တော်တို့လို Web Page ဆွဲပြီးလုပ်စားတဲ့ သူတွေဆီအလုပ်ဘယ်အပ်တော့မလဲ အမလေး ကိုဇော်လင်းရယ် ခင်ဗျားပြောတဲ့အတိုင်းဆို Facebook ကြောင့် စီးပွားပျက်တာမျိုးဖြစ်နေပြီ အဲ့သလိုမှမဟုတ်လည်း အပြင်မှာ တစ်မျက်နှာ ၈၀၀၀ နဲ့ ဆွဲပေးနေကြတာ။ အော် ဟုတ်လား ထပ်သေစမ်း နန္ဒိယ။

ကဲ တော်ရုံလောက်ကတော့ ဒီ Facebook မှာပဲ တစ်မျက်နှာဆွဲပြီးတင်လိုက်ကြပါတယ်။ Facebook က သုံးတဲ့သူများတော့ ကြော်ငြာစရာတောင်သိပ်မလိုတော့ပါဘူး။ အနုပညာရှင်တွေဆို အကြိုက်ပေါ့။ နောက် တစ်ခုက ပိုက်ဆံလည်းမကုန်တော့ဘူး။ ကျွန်တော်တို့လည်းလုပ်ထားတာပဲ။ ရှေ့သင်ခန်းစာမှာတောင် Fan Page ဆိုပြီး သင်ခဲ့သေးတယ်လေ။ www.beautifulmodelworld.com ကိုတောင် Like လုပ်ပြီး Fan လုပ်ခဲ့သေးတယ်လေ။ အဲ့ဒီ Beautifulmodelworld.com က အဲ့သလို Page နဲ့ လုပ်ထားတာပဲဖြစ်ပါတယ်။ ကဲ ဒီတော့လုပ်ကြည့်လိုက်ရအောင်။ Facebook ရဲ့ Screen အောက်ဆုံးကိုဆင်းလိုက်ပါ။ အောက်ကပုံလိုတွေ့ ပါလိမ့်မယ်။ အဲ့ဒီမှာ Create a Page ဆိုတာကိုနှိပ်လိုက်ပါ။


ပုံ ၁၅၉




ဒါဆို ပုံ ၁၆၀ လိုပေါ်လာပါလိမ့်မယ်။ သူက ကဏ္ဍတွေခွဲပေးထားတဲ့သဘောပါ။ ဒီတော့ ကိုယ့်လို အပ်ချက်နဲ့ အညီ တစ်ခုကိုရွေးပေးလိုက်ပါ။ ကျွန်တော်ကတော့အခုလောလောဆယ် Brand or Product ဆိုတာကို နှိပ်လိုက်ပါတယ်။ အဲ့ဒီအခါကျ ပုံ ၁၆၁ လိုပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ ကိုယ့် Brand ကဘာပစ္စည်း အမျိုးအစားလည်းရွေးပေးရပါတယ်။ ကျွန်တော်ကတော့ Musical Instruments ကိုရွေးပေးလိုက်ပါတယ်။ ပြီးတော့ အောက်မှာ Brand Name ကိုရိုက်ထည့်ပေးလိုက်ပါတယ်။

ပြီးရင် Facebook ရဲ့ Pages Terms တွေကို သဘောတူကြောင်း I agree မှာ အမှန်ခြစ်နှိပ်ပေး လိုက်ပါ။ ပြီးရင် Get Started Button မှာနှိပ်လိုက်ပါ။

ပုံ ၁၆၀




ပုံ ၁၆၁




ဒီတစ်ခါ Security Check လုပ်ခိုင်းလိမ့်မယ်။ မပိမပြင်စာသားတွေ ဖတ်ပြီးရိုက်ထည့်ပေးရမှာဖြစ်ပါတယ်။ ကဲ ရိုက်ပြီးရင် Submit လုပ်လိုက်ပါ။ အဲဒီ တစ်ဖက်စာမျက်နှာမှာပြထားတဲ့ ပုံ ၁၆၂ ပေါ်လာမှာဖြစ်ပါတယ်။ အဲ့ဒီမှာ အဆင့်အားဖြင့် ၃ ဆင့်ရှိပါတယ်။


ပထမအဆင့် ဓါတ်ပုံတင်ပေးရပါမယ်။ Profile Picture ပေါ့ဗျာ။ အဲ့ဒီတော့ ကွန်ပျူတာက အဆင့်သင့်ရှိပြီးသား ပုံလေးကို Upload an Image ကနေ ခေါ်တင်ပေးလိုက်ပါ။ ပြီးရင် အောက်က Continue Button ကိုနှိပ်လိုက်ပါ။

ဒုတိယအဆင့်ကိုရောက်လာတဲ့အခါ အဲ့ဒီ Page အတွက် Friends တွေကို Invite လုပ်လိုက်ပါ။

ပုံ ၁၆၂




ပုံ ၁၆၃




ဒီတော့ Invite Frients မှာ နှိပ်လိုက်ပါ။ Box တစ်ခုကျလာပါလိမ့်မယ်။ အဲ့ဒီ Box ကသင်တို့ မြင်ဖူးပြီးသားမို့ ထည့်မပေးတော့ပါဘူး။ အဲ့ဒီကနေ Friends တွေကိုရွေးလိုက်ပါ။ ပြီးရင် Continue Button ကိုနှိပ်လိုက်ပါ။ တတိယအဆင့်ကိုရောက်သွားပါလိမ့်မယ်။

ပုံ ၁၆၄




အဲ့ဒီမှာ ကိုယ် Products နဲ့ပတ်သက်ပြီး ကိုယ်ပိုင် Website ရှိရင်ထည့်ပေးဖို့ပါ။ မရှိလည်း ရပါတယ်။ Continue ကိုသာနှိပ်လိုက်ပါ။ ဒါဆို Page တစ်ခု တည်ဆောက်ပြီးသွားပါပြီ။ အောက်ကပုံလေးပေါ်လာပါလိမ့်မယ်။ သူက Getting Started ဆိုပြီး အဆင့် ၅ ဆင့်လုပ်ခိုင်းပါလိမ့်မယ်။

ပုံ ၁၆၅



အဲ့ဒါတွေက ကျွန်တော်ခုနကပြောခဲ့သလို Friends တွေကို Invite လုပ်တာတွေစသဖြင့်ပါ။ ဒီတော့ ကျွန်တော်တစ်ချက်မှ မလုပ်တော့ဘူး။ အဲ့ဒီ Page ရဲ့ ဘယ်ဘက်က Wall ကို နှိပ်လိုက်ပါ။ ဒါဆိုအဲ့ဒီ Page ရဲ့ Wall ကိုရောက်လာပါလိမ့်မယ်။

ပုံ ၁၆၆




အဲ့ဒီကနေ ကျွန်တော်တို့ Post တွေ စတင်လို့ရပါပြီ။ အဲ့ဒါကတော့ အရင်အတိုင်းပါပဲ။ ဒီမှာ ထူးခြားသွားတာက ကိုယ့် ကိုယ်ပိုင် Page ဖြစ်သွားတာပါ။ ကျန်တဲ့လုပ်နည်းကတော့ တော်တော်များများတူပါတယ်။ အကယ်၍ ကိုယ့်မှာ ကိုယ်ပိုင် Website ရှိရင်အဲ့ဒီကနေ Facebook ကို Share လုပ်လို့ရပါတယ်။ ဒီတော့ အဲ့ဒီ ကိုယ်ပိုင် Site မှာတင်လိုက်တိုင်း ဒီမှာလာပေါ်ပါတယ်။ သီးခြား Post တင်စရာမလိုတော့ဘူးပေါ့။

ထူးခြားတာက ဒါက Fan Page ဖြစ်တာကြောင့် Like လုပ်လို့ရတယ်။ အခုကျွန်တော်က Like လုပ်ပြီးသားမို့ အပေါ်ကပုံမှာ Like Button လေးမပေါ်တော့တာပါ။ တခြားသူက ဒီနေရာကိုဝင်လာရင် Like Icon လေးပေါ်နေပြီး အဲ့ဒီမှာ ဒီ Page ကို ဘယ်နှစ်ယောက်က Like လုပ်ထားကြောင်းပြပေးပါတယ်။ အဲ့ဒီ Like နဲ့ပတ်သက်ပြီး ဒီထက်ပိုပြီးအသေးစိတ်သိချင်ရင် အပေါ်ကပုံရဲ့ ညာဖက်မှာ View Old Insights ဆိုတာရှိပါတယ်။ အဲ့ဒီမှာ Click နှိပ်ပြီးဝင်ကြည့်လို့ရပါတယ်။ အဲ့ဒီပုံလေးတော့ထည့်မပေးထားတော့ပါဘူး။ ကဲ ဒီလောက်နဲ့ပဲ ဒီသင်ခန်းစာကိုရပ်ပါရစေ။ တခြားကိုဆက်ရအောင်။

## ၁. ၄၇ **Privacy Setting** များအကြောင်း

ရှေ့သင်ခန်းစာမှာတုန်းက ကိုယ်နဲ့အဆင်မပြေတဲ့ Friends တွေကို Block Fလုပ်ခဲ့တာပြောခဲ့တယ်

နေဉ်။ ဒါဟာ Privacy Setting ဖြစ်ပါတယ်။ တကယ်တော့ Privacy Setting မှာ အခြားလုပ်လို့ရတာတွေ ရှိပါသေးတယ်။ အဲ့ဒါလေးတွေကိုဆက်လက်လေ့လာကြည့်ကြရအောင်။ အခု ကျွန်တော်တို့ Privacy Setting ထဲကိုဝင်လိုက်ကြရအောင်။ ကိုယ့် Facebook Screen ရဲ့ ဘယ်ဘက်အပေါ်ထောင့်က Down Triangle လေးမှာနှိပ်လိုက်ပါ။ Menu လေးကျလာရင် Privacy Settings ဆိုတာကိုရွေးလိုက်ပါ။

ပုံ ၁၆၇




ပုံ ၁၆၈




အဲ့ဒီမှာ Public တို့ Friends တို့က ရွေးမှာသင်ပေးခဲ့ပြီးပါပြီ။ အခုပြောပြချင်တာက How You

Connect ထဲမှာရှိနေတာကြောင့် အဲ့ဒီဘေးနားက Edit Settings လေးကိုတစ်ချက်နှိပ်ပေးပါ။

ပုံ ၁၆၉




အဲ့ဒီမှာ ကိုယ့်ဆီကို Message ပို့မယ်သူတွေက Friends ဖြစ်မှပို့လို့ရမယ်လို့ပြောထားလိုက်ရင် ကိုယ်နဲ့ Friends မဖြစ်သေးတဲ့သူတွေက ကိုယ့်ကို Message ပို့လို့မရတော့ပါဘူး။ မဟုတ်ရင် ကိုယ့်က သူနဲ့ အဆင်မပြေလို့ Friend အဖြစ်လက်မခံတာကို သူက ကိုယ့်ဆီကို Message တွေပို့ပြီး နှယ်နေရင် ဘယ်လိုလုပ်မလဲဗျ။ ဒါတွေကို ဒီမှာလာပြောလို့ရပါတယ်။ ကျန်တဲ့အချက်တွေလည်း ဒီအတိုင်းဆင်တူပဲ မို့ မပြောပြခဲ့တော့ပါဘူး။

## ၁.၄၈ **Account Setting များအကြောင်း**

ကဲ ဒီတစ်ခါ Account Setting အကြောင်းကို ဆက်ကြည့်ရအောင်။ ဒီတော့ ပုံ ၁၆၇ ကိုပြန်ကြည့်ပေးပါ။ အဲ့ဒီမှာ Account Settings ဆိုတာကိုတွေ့လိမ့်မယ်နော်။ Privacy Setting အပေါ်မှာလေ။ ကောင်းပြီ အဲ့ဒီ Account Settings ထဲကိုဝင်လိုက်ပါ။

ပထမဦးဆုံးအနေနဲ့ ကျွန်တော်လုပ်ပြချင်တာလေးက Account Name လေးပြောင်းတာပါ။

ပုံ ၁၇၀


General Account Settings
Name
Zaw LinYouth
Edit
Username
You have not set a username.
Edit
Email
Primary: zawlinyouth@gmail.com
Edit
Password
Password never changed.
Edit
Networks
No networks.
Edit
Linked Accounts
You have 0 linked accounts.
Edit
Language
English (US)
Edit
Download a copy of your Facebook data.

ပုံ ၁၇၁



General Account Settings
Name
First: Zaw
Middle: Optional
Last: LinYouth
Display as: Zaw LinYouth
We confirm all name changes before they become viewable in your profile. This usually takes 24 hours.
Alternate name: Optional [?]
Include this on my profile
To save these settings, please enter your Facebook password.
Password:
Save Changes
Cancel

ကျွန်တော်တို့ရဲ့ Account Name လေးကိုပြောင်းကြည့်လိုက်ရအောင်။ အပေါ်ကပုံလေးမှာ Name ဆိုတာရှိပါတယ်။ အဲ့ဒီညာဖက်အဆုံးမှာ Edit ဆိုတာရှိပါတယ်။ ၎င်းကို နှိပ်လိုက်ပါ။ ပြီးခဲ့တဲ့စာမျက်နှာကပုံအတိုင်းပေါ် လာပါလိမ့်မယ်။ အဲ့ဒီမှာနာမည်ပြောင်းလို့ရတယ်။ အဲ့သလိုပြောင်းဖို့အတွက် ကိုယ့်ရဲ့ Password ကို ရိုက်ထည့်ပေးဖို့လိုအပ်တယ်။ ပြောင်းပြီးသွားရင်တော့ Save Changes လုပ်လိုက်ပါ။

## ❖ **Password ပြောင်းခြင်း**

ပုံ ၁၇၀ ကိုပဲပြန်ကြည့်လိုက်ပါ။ အဲ့ဒီမှာ Password ဆိုတာရှိပါတယ်။ ကိုယ့် Facebook Ac-count ရဲ့ Password ကိုပြောင်းချင်တယ်ဆိုရင်တော့ အဲ့ဒီ Password ရဲ့ ညာဖက်အစွန်က Edit ကိုနှိပ်လိုက်ပါ။ အောက်ကပုံလေးပေါ်လာမှာဖြစ်ပါတယ်။

ပုံ ၁၇၂




အဲ့ဒီမှာ Current မှာလက်ရှိ Password ကိုရိုက်ထည့်ပြီး၊ New မှာတော့ အခုအသစ်ပြောင်းချင်တဲ့ Password ကိုရိုက်ထည့်ပါ။ အောက်က Re-type မှာ အသစ် Password ကိုပဲသေချာအောင်ပြန်ရိုက်ပါ။ ပြီးရင်ထုံးစံအတိုင်း Save Changes ကို နှိပ်လိုက်ပါ။

## ၁.၄၉ **Facebook Password Recover လုပ်ခြင်း**

ဒီတစ်ခါပြောပြချင်တာကတော့ မိမိ Facebook Account ရဲ့ Password မေ့သွားလို့ Password Reset လုပ်ပြီး Password အသစ်ပြန်ယူတဲ့အကြောင်းလေးဖြစ်ပါတယ်။ ဒီတော့ ပုံ ၁၇၃ မှာမြင်ရတဲ့အတိုင်း

Facebook Login မှာ မိမိ Account နာမည်ထည့်ပြီး အဲ့ဒီအောက်က Forgot your password? ကိုနှိပ်လိုက်ပါ။ ဒါဆို နောက် Page တစ်ခုကိုရောက်သွားပါလိမ့်မယ်။

ပုံ ၁၇၃





ပုံ ၁၇၄



ပုံ ၁၇၄ မှာ ၃ မျိုးထဲက တစ်ခုကိုတော့ ကျွန်တော်တို့ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဆိုလိုတာက အခု Password အသစ်ပြန်ပြောင်းမယ့် Facebook Account ကနာမည်ဘာလဲပေါ့ သို့မဟုတ်လည်း Login ဝင်တဲ့ Email ပေါ့ တစ်ခုခုရိုက်ထည့်လိုက်ပါဆိုတော့ ကျွန်တော်က သေချာအောင် Email ပဲရိုက်ထည့်လိုက်ပါတယ်။ သဘောက ပုံ ၁၇၄ ရဲ့ အပေါ်ဆုံးအကွက်မှာ သင်အခု Password မေ့သွားတဲ့ Facebook Account ထဲကိုဝင်ရင်သုံးတဲ့ Email ကိုရိုက်ထည့်လိုက်ပါ။ ပြီးရင်အောက်ဆုံးမှာ Search Button ရှိပါတယ်။ အဲ့ဒါလေးကို နှိပ်လိုက်ပါ။ ဒါဆို ကိုယ့် Account လေးကို သွားရှာပါလိမ့်မယ်။ တွေ့ရင်အောက်ကပုံအတိုင်း ပေါ်လာပါလိမ့်မယ်။

ပုံ ၁၇၅




အဲ့ဒီမှာ ပြထားတဲ့ Account လေးဟာကိုယ့် Account ကျိန်းသေရင်အပေါ်ကပုံမှာ Send Codes and login to Gmail ဆိုတဲ့ Button ကိုနှိပ်လိုက်ပါ။ ကျွန်တော်က Gmail သုံးထားလို့ Gmail လို့ပြောတာပါ။ တခြား Mail သုံးထားရင်လည်း အဲ့ဒီ Mail ကိုပဲသူညွှန်းမှာပါ။ ကဲ ကောင်းပြီနှိပ်လိုက်ပါ။

ဒါဆို ပုံ ၁၇၆ ပေါ်လာလိမ့်မယ်။ အဲ့ဒီမှာ ကျွန်တော်တို့ Gmail ထဲကို Sign in လုပ်ရမယ်။ ဒီတော့ အဲ့ဒီ Email မှာ ကျွန်တော့်ရဲ့ Gmail လိပ်စာကိုရိုက်ထည့်ပါ။ အဲ့ဒီ Gmail နဲ့ပဲ ကျွန်တော် Facebook Log In လုပ်နေတာလေ။ သို့သော် အဲ့ဒီ Gmail ရဲ့ Password နဲ့ Facebook Account ထဲကို ဝင်တဲ့ Pass-word ကတူမှမတူဘဲ သက်သက်ဆီလေ။ အခု မေ့သွားတာက Facebook Account ရဲ့ Password ကို မေ့သွားတာ သို့ပေသိ Gmail ရဲ့ Password ကိုတော့ မမေ့ရဘူး။ မေ့နေရင် ဒီမှာဘာမှလုပ်လို့မရတော့ဘူး။ ကဲ ကောင်းပြီ အခု Gmail Password ကိုရိုက်ထည့်ပြီး Sign in လုပ်လိုက်ပါ။

ပုံ ၁၇၆




Sign In လုပ်ပြီးသွားတာနဲ့ ကိုယ့် Facebook Page မှာအောက်ကပုံလေးလာပေါ်နေလိမ့်မယ်။


ပုံ ၁၇၇




အဲ့ဒီမှာ Password ကို Reset လုပ်လို့ရပြီပဲ။ ပုံမှာပြထားတဲ့အတိုင်း Password အသစ်ကိုရိုက်ထည့်လိုက်ပါ။ ပြီးရင် Confirm Password ကိုရိုက်ပါ။ ပြီးရင် Chagne Password မှာနှိပ်လိုက်ပါတော့။

ကဲ ဒါဆို Facebook Account Password မေ့သွားရင်အထက်ပါအတိုင်းဖြေရှင်းလို့ရပါပြီ။ အခု နောက်ထပ် Page တစ်ခုပေါ်လာဦးမယ်။ အဲ့ဒီမှာ Save and Continue လို့ပြောလိုက်ပါ။ ဒါဆို သင် Pass-word မေ့နေလို့ ဝင်လို့မရတဲ့ Facebook Account ကိုပြန်လည်ရောက်ရှိသွားပါပြီ။

ပုံ ၁၇၈




## ၁.၅၀ Facebook Account ကိုဖျက်ခြင်း

Facebook ကို လုံးဝမသုံးချင်တော့လို့ Facebook Account ကိုဖျက်ချင်တယ်ဆိုရင်လည်း ဖျက်လို့ရပါတယ်။ အဲ့ဒီလိုလုပ်ဖို့ရာ မိမိဖျက်လိုသော Account နှင့် Login ဝင်ထားပါ။ ပြီးရင် မိမိ Browser ထဲမှာ နောက်ထပ် Tab အသစ်တစ်ခုထပ်ယူပြီး သူ့ရဲ့ Address Bar မှာအောက်ပါအတိုင်းရိုက်ထည့်လိုက်ပါ။

http://www.facebook.com/help/contact.php?show_form=delete_account

ဒါဆို တစ်ဖက်ကပုံလေးပေါ်လာပါလိမ့်မယ်။ ပုံ ၁၇၉ ကိုကြည့်လိုက်ပါ။


အဲ့ဒီမှာ Submit ကို နှိပ်လိုက်ပါ။

ပုံ ၁၇၉





ဒီဆိုအောက်ကပုံပေါ်လာပါလိမ့်မယ်။ အဲ့ဒီမှာ မိမိဖျက်လိုသော Account ရဲ့ Password ကိုရိုက်ထည့်ပေးရမယ်။ နောက်ပြီး မပီမပြင်ဖြစ်နေတဲ့စာလုံးတွေကိုလည်း ရိုက်ထည့်ပေးရမယ်။ ပြီးရင် OK ကိုနှိပ်ပါ။

ပုံ ၁၈၀





အဲ့ဒီအခါကျ သေချာလားဆိုပြီးလာမေးနေလိမ့်မယ်။ နောက်ပြီးသူက အဲ့ဒီ Account ကို ဖျက်ပြီး ၁၄ ရက်အတွင်းပြန်သုံးရင် Account ကပြန် Reactivate ဖြစ်လာတယ်။ အဲ့ဒါလေးကို ပြောထားတာဒီတော့ အိုကေနှိပ်လိုက်ပါ။ ပြီးရင် ၁၄ ရက်အတွင်း အဲ့ဒီ Account ကို လုံးဝပြန်မသုံးနဲ့ ဒါဆို အပြီးပျက်သွားလိမ့်မယ်။

ပုံ ၁၈၁




အဲ့သလိုမှမဟုတ်ဘဲ ၁၄ ရက်အတွင်း ပြန်သုံးမိရင် ကိုယ့် Account ထဲဝင်သွားတဲ့အခါ အောက်က Box ပေါ်လာလိမ့်မယ်။

ပုံ ၁၈၂




အဲ့ဒီမှာ ပြန်သုံးချင်ရင် Cancel Deletion ကိုနှိပ်။ ဖျက်ချင်ရင်တော့ Confirm Deleteion ကို နှိပ်လိုက်ပါ။ အကယ်၍ Cancel Deletion ကိုနှိပ်လိုက်ရင် အောက်ကပုံထပ်ပေါ်မယ်။

ပုံ ၁၈၃




အဲ့ဒီမှာ Reactivate Account လို့ပြန်ပြောလိုက်ရင် ကမပျက်တော့ဘဲ ပြန်သုံးလို့ရသွားမယ်။ ကဲ သင်ခန်းစာအားလုံးဒီမှာရပ်ပါပြီ။

# နိဒါန်း

၁။ ဒီစာအုပ်လေးကတော့ အခြေခံစာအုပ်လေးပါ။ ကျွန်တော့်အနေနဲ့ သင်ခန်းစာအမြင့်တွေကို ရေးတာ အရမ်းများခဲ့ပြီး အခုမှ အခြေခံဖက်ကိုပြန်ရေးဖြစ်တာပါ။ Facebook ကလည်း တအား Hot လာတာကိုး။ ပိုပြင်ထဲကလို ယနေ့ခေတ်မှာ ထိန်းလို့ အပြောခံမထိအောင် Facebook လောက်ကတော့ သုံးတတ်သင့်ပါတယ်။

၂။ Facebook ပိုင်းရော Email Internet ပိုင်းပါထည့်ပေးထားပါတယ်။ ဒါကြောင့် ဒီစာအုပ်မှာ အပိုင်း နှစ် ပိုင်း ပါတယ်လို့ပြောလို့ရပါတယ်။

၃။ ကျွန်တော့်ကို အားပေးနေတဲ့ စာဖတ်ပရိသတ်များ၊ သင်တန်းသားများအားလုံး အပြင် ရှိရှိသမျှ သတ္တဝါများအားလုံး ကိုယ်ရော စိတ်ပါ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိကြပါစေ။

၄။ ဘေးနားမှာအတူရှိခဲ့ပေးတဲ့ ချစ်ဇနီး အိအိဖြိုးကိုလည်း ကျေးဇူးတင်ပါတယ်။

၅။ ဒီစာအုပ်ကို ရေးနေစဉ် ဆောင်းတွင်းရဲ့ မြူတွေနဲ့အပြိုင် ကျွန်တော့်စိတ်များလည်း အလွမ်းမြူခိုးတွေ ပိတ်ဖုံးနေပါတယ်။ ကျွန်တော့်စိတ်က အနုပညာဆန်တော့ တစ်ခါတစ်ရံ သစ်ရွက်ကြွေလည်းလွမ်းတတ်သလို တစ်ခါတစ်ရံ ဘာမှန်းမသိဘဲနဲ့လည်း လွမ်းနေတတ်ပါတယ်။ ရာသီတိုင်းအတွက် ကျွန်တော့်မှာ ခံစားချက်တွေ ရှိခဲ့ပြီး ဒီနှစ်ဆောင်းကတော့ တော်တော်လေး နွမ်းလျခဲ့တဲ့ ဆောင်းလို့ပြောလို့ရပါတယ်။ ဒီဆောင်းတစ်ချက်မှာ ဤစာအုပ်ကို ဘဝတစ်ခုလုံးဖျောင်းဆန်သွားစေတဲ့ ပူလောင်မှုတွေ၊ အလွမ်းတွေ၊ ဒုက္ခတွေ၊ သောကတွေနဲ့ရေး ဖြစ်ခဲ့ပါတယ်။ ရေးဖြစ်အောင်တွန်းအားပေးခဲ့တဲ့သူကိုလည်း ကျေးဇူးတင်ရှိပါတယ်။

၆။ လုပ်ဖော်ကိုင်ဖက် ကျွန်တော့်ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ပါတယ်။

ကျေးဇူးတင်စွာဖြင့်

ဇော်လင်း

စာရေးသူ


၄ ဇန်နဝါရီ ၂၀၁၂ ( နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ၊ အလွမ်းတွေကုန်ဆုံးပါစေ )

# Using Facebook
# Email
# Advanced Internet


**ZAW LIN YOUTH**





အခုမှကွန်ပျူတာစလေ့လာ
မည့်သူများအတွက်ရန်ဖြစ်သည်။
အခြေခံအကျဆုံးဖြစ်သည်။





ရုံးလုပ်ငန်းခွင်ဝင်မည့်သူများ
မဖြစ်မနေဖတ်ရမည့်
စာအုပ်ဖြစ်သည်။





Web Design ကိုလေ့လာမည့်
သူတိုင်းမဖြစ်မနေဖတ်ရမည့်
စာအုပ်ဖြစ်ပါသည်။




ကွန်ပျူတာအခြေခံတတ်ပြီး
သူတိုင်းမဖြစ်မနေဖတ်ရမည့်
စာအုပ်ဖြစ်ပါသည်။





ယနေ့ခေတ်
Hardware ပိုင်းရော
System ပိုင်းပါ ပါဝင်သည်။





Windows 7 အပါအဝင်
ကွန်ပျူတာနည်းပိုင်းများကို
အရကျကျလေ့လာလိုသူ
များအတွက်





ကွန်ပျူတာကွန်ရက်အကြောင်းအခြေခံမှ
စ၍ အသေးစိတ်လေ့လာခွင့်ရမည်။
ကွန်ရက်ကိုလေ့လာမည့် သူတိုင်း
မဖတ်မဖြစ်ဖတ်ရမည့် စာအုပ်ဖြစ်သည်။





ကွန်ပျူတာကွန်ရက်အကြောင်း၊
အဆင့်မြင့်လေ့လာလိုသူများအတွက်
အသေးစိတ် လေ့လာခွင့်ရမည်။





Open Source Operating
System တစ်ခုဖြစ်သည့်
Linux ကိုအခြေခံမှစ၍
အဆင့်မြင့်ထိလေ့လာရမည့်စာအုပ်




MCITP ဖြေဆိုမည့်သူများနှင့်
ယနေ့ခေတ် Networking
Environment ကို
ထိန်းချုပ်မည့်သူများလေ့လာရမည့်စာအုပ်




+




နိုင်ငံတကာအဆင့် Network Engineer အဖြစ်
ရပ်တည်လိုသူတိုင်းအတွက် မဖြစ်မနေ ဖတ်ရမည့်စာအုပ်




အဆင့်မြင့် ကွန်ပျူတာ
နည်းပညာများ
YOUTH တွင်
သင်ကြားပေးနေသည်။

**Better Learning**

@

**YOUTH**